ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်းချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကို ချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့။ Saturday, 29 October 2016 (၈၇၂၉)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးအား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူတို့ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၈**

ဗီယက်နမ်နိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့နံနက်ပိုင်းတွင် ဟန္နိုင်းမြို့ရှိ ဗီယက်နမ်အမျိုးသားခေါင်းဆောင် ဟိုချီမင်းနေအိမ်သို့ ရောက်ရှိပြီး နေအိမ်နှင့် ဟိုချီမင်း အသုံးပြုခဲ့သည့် စာကြည့်ခန်း၊ အိပ်ခန်း၊ အသုံးအဆောင်များကို ကြည့်ရှုလေ့လာကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဟိုချီမင်းနေအိမ်ကို ၁၉၅၈ ခုနှစ်က ဗီယက်နမ်တပ်မတော်အင်ဂျင်နီယာများက ပုံစံရေးဆွဲတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဟိုချီမင်းအနေဖြင့် အဆိုပါနေအိမ်တွင် စာပေလေ့လာမှုနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်လေ့ရှိကြောင်းသိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် One Pillar Pagoda သို့ရောက်ရှိပြီး လှည့်လည်ကြည့်ရှုကြသည်။

One Pillar Pagoda သည် ကျောက်သားတိုင်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ၁၀၂၈ မှ ၁၀၅၄ ခုနှစ်အထိ အုပ်ချုပ်ခဲ့သည့် ဘုရင်လီထိုင်တုံးက တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် ဖျက်ဆီးခံခဲ့ရသဖြင့် ပြန်လည်ပြုပြင်ခဲ့ရာ ၁၉၆၀ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးရရန် ပဋိပက္ခများချုပ်ငြိမ်းရေး နည်းလမ်းတစ်မျိုးတည်းသာရှိ ဒုတိယပင်လုံအစည်းအဝေးကို ဖေဖော်ဝါရီလတွင် ကျင်းပရန် မျှော်မှန်းထား



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ပထမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ကြေးမုံ

# ပြည်သူ့အကျိုးဖော်ဆောင်ပေးရမည့် နိုင်ငံတော်ပိုင်မြေယာများ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံတော်ကပိုင်ဆိုင်သော မြေဧက လေးသန်းရှစ်သိန်းကျော်ကို လူဦးရေ ၆၀၀၀ ကသာ လုပ်ပိုင်ခွင့်ရရှိထားသည်ဟု ပြောကြားခဲ့သည်ကို တွေ့ရှိရသည်။ အောက်တိုဘာ ၂၂ ရက်က နေပြည်တော်တွင် ပြုလုပ်ခဲ့သည့်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ တွေ့ဆုံသည့် အခမ်းအနား၌ ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မည်မျှသောမြေဧကကို ပိုင်ဆိုင်သည်ဖြစ်စေ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် စီးပွားဖြစ်အသုံးချရန်လိုအပ်ကြောင်း ထောက်ပြခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ထောက်ပြခဲ့သည့်အချက်မှာ စီးပွားရေးလုပ်ငန်းရှင်တိုင်း အလေးအနက်ထားသုံးသပ်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည်ဟု ခံယူပါသည်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ မောင်းနှင်ရေးအင်ဂျင်သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်သည်ဟု စီးပွားရေးပညာရှင်များက ထောက်ပြကြသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေဧက လေးသန်းရှစ်သိန်းကျော်ကို ပိုင်ဆိုင်ထားသော စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် မည်ကဲ့သို့သော စိုက်ပျိုးရေးလုပ်ငန်းမျိုးလုပ်ကိုင်မည်ကို နိုင်ငံတော်အစိုးရထံတင်ပြသင့်သည်။ နိုင်ငံတော်အစိုးရကလည်း ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးမည်သာဖြစ်သည်။

နို့စားနွားမွေးမြူခြင်းကဲ့သို့သော အကြီးစားမွေးမြူရေးလုပ်ငန်းများသည်လည်း စီးပွားရေးလုပ်ငန်းရှင်များ ထည့်သွင်းစဉ်းစားသင့်သောလုပ်ငန်းများဟု ယူဆပါသည်။ မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍသည်လည်း အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် များစွာနိမ့်ကျနေဆဲဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရချင်းဆက်ဆံရေးကိုအခြေခံ၍ဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကိုရယူ၍ဖြစ်စေ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီနိုင်မည်ဖြစ်ပါသည်။ တစ်ခုတည်းသော လိုအပ်ချက်မှာ လုပ်ဆောင်မည်ဟူသော စီးပွားရေးလုပ်ငန်းရှင်များ၏ သန္နိဋ္ဌာန်သာဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၏တင်ပြချက်အရ နိုင်ငံတော်က အဆိုပါလုပ်ငန်းရှင်များသို့ချပေးထားသော မြေလွတ်၊ မြေရိုင်းနှင့် ပလပ်မြေများသည် တစ်ဦးလျှင်ပျမ်းမျှဧက ၇၀၀ခန့်ရှိကြောင်း သိရသည်။ ဤမျှများပြားသောမြေဧကများကို မည်ကဲ့သို့အသုံးချမည်ဟူသော စီးပွားရေးလုပ်ငန်း စီမံကိန်းတို့ မရှိပါက အဆိုပါစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်သို့ ပြန်လည်ပေးအပ်သင့်ပါသည်။ သာမန်ပြည်သူလူထုအများစုထက် ပိုင်ဆိုင်မှုနှင့်ခနအရင်းအနှီးတို့ကိုအဆများစွာပိုင်ဆိုင်ထားသော အဆိုပါစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်သူလူထုအများစုအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်းဖြင့် နိုင်ငံတော်၏ ကျေးဇူးတရားကို ပြန်လည်သိတတ်ပေးဆပ်သင့်ပါသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်အတိတ်ကို ပြန်မသွား၊အနာဂတ်ကိုသာဦးတည်ချီတက်မည်ဟူသောနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ မူဝါဒလမ်းညွှန်ကို နှလုံးသွင်း၍ ပြည်သူလူထုအကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်ကြပါရန်လေးစားစွာ တိုက်တွန်း နှိုးဆော်အပ်ပါသည်။ ။

## လားရှိုး၌ ညှော်လမ်းညွှန် အခြေခံသင်တန်းဆင်း

**လားရှိုး အောက်တိုဘာ ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှစီစဉ်ဖွင့်လှစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဆိုင်ရာ ညှော့်လမ်းညွှန်အခြေခံသင်တန်း(၂၇) ဆင်းပွဲအခမ်းအနားကိုအောက်တိုဘာ ၂၈ ရက် နံနက် ၉နာရီခွဲက လားရှိုး မိုတယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဒုတိယအထွေထွေ အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်ကအဖွင့် အမှာစကားပြောကြားသည်။

သင်တန်းတွင်ထူးချွန်ဆုရရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၁၀၂ ဦး၏ သင်တန်းဆင်းအောင်လက်မှတ်များကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ခဲ့ကြကြောင်းသိရသည်။

**ဟန်ဌေး (လားရှိုး)**




# နယ်မြေတည်ငြိမ်အေးချမ်းသော နေရာများတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**မောင်တော အောက်တိုဘာ ၂၈**


ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် စာသင်ကျောင်းများ ယာယီပိတ်ထားခဲ့ရပြီး ဆရာ ဆရာမများ နေရပ်သို့ ပြန်သွားခဲ့ကြရာမှ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းသော နေရာများတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

မောင်တောခရိုင်တွင် အထက်တန်းကျောင်း ကိုးကျောင်း၊ အလယ်တန်းကျောင်း ၁၈ ကျောင်းနှင့် မူလတန်းကျောင်း ၃၇၅ ကျောင်း စုစုပေါင်း စာသင်ကျောင်း ၄၀၂ ကျောင်းရှိပြီး ကျောင်းအားလုံး ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ အထက်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း ကိုးကျောင်းနှင့် မူလတန်းကျောင်း ၃၆ ကျောင်း စုစုပေါင်းကျောင်း ၅၀ ပြန်လည်ဖွင့်လှစ်၍ ပုံမှန်အတိုင်း စာသင်ကြားလျက်ရှိသည်။

လုံခြုံရေးအခြေအနေအရ ဖွင့်လှစ်ရန်ကျန်ရှိသည့် အထက်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်း ကိုးကျောင်းနှင့် မူလတန်းကျောင်း ၃၃၉ကျောင်း စုစုပေါင်း ၃၅၂ ကျောင်းအား လုံခြုံရေးအခြေအနေပေါ် မူတည်ပြီး အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မောင်တောခရိုင် ပညာရေးမှူးရုံးအနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မောင်တောမြို့နယ်အတွင်းရှိ ၁၈၃ ကျောင်းအနက် ပထမအဆင့် ၂၄ ကျောင်း၊ ဒုတိယအဆင့် ၈၂ ကျောင်းနှင့် လုံခြုံရေးအခြေအနေပေါ် မူတည်ပြီး ပြန်လည်ဖွင့်လှစ်ရန် ၂၈ ကျောင်းဖြစ်ကြောင်း သိရသည်။

မောင်တောခရိုင်ရှိ ကျောင်းပေါင်း ၄၀၂ ကျောင်းတွင် အထက်တန်းပြ ဆရာ ဆရာမ ၂၁၈ ဦး၊ အလယ်တန်းပြ ဆရာ ဆရာမ ၆၃၉ ဦးနှင့် မူလတန်းပြ ဆရာ ဆရာမ ၁၈၀၃ ဦး စုစုပေါင်း ဆရာ ဆရာမ ၂၂၆၀ ရှိသည့်အနက် အထက်တန်းပြ ၈၇ ဦး၊ အလယ်တန်းပြ ၁၅၁ဦးနှင့် မူလတန်းပြ ၁၉၅ ဦး စုစုပေါင်း ဆရာ ဆရာမ ၄၃၃ ဦးမှာ ၎င်းတို့၏ ဒေသရပ်ရွာများသို့ ပြန်လည်ထွက်ခွာသွားခဲ့ရာ အောက်တိုဘာ ၂၄ ရက်အထိ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်မှုမှာ အထက်တန်းပြ နှစ်ဦး၊ အလယ်တန်းပြ သုံးဦးနှင့် မူလတန်းပြ ၁၁ ဦး စုစုပေါင်း ၁၆ ဦးဖြစ်ကြောင်း၊ အထက်တန်းပြ ၈၅ ဦး၊ အလယ်တန်းပြ ၁၄၈ ဦးနှင့် မူလတန်းပြ ၁၈၄ ဦး စုစုပေါင်း ၄၁၇ ဦးမှာ ပြန်လည်မရောက်ရှိသေးကြောင်း မောင်တောခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

**(သတင်းစဉ်)**




## အရေးပေါ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**သရက်ချောင်း အောက်တိုဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ခရိုင်ရှာဖွေကယ်ဆယ်ရေးကော်မတီ၏ စစ်ဆေးကြီးကြပ်မှုကိုခံယူပြီး မြို့နယ်မီးငြိမ်းသတ် ယာဉ်ဖြင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှုများကို ယနေ့ နံနက် ၁၀ နာရီက မြို့မရပ်ကွက် စည်ပင်သာယာဈေး၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရာတွင် သန္နေမီးသတ်အင်အား ၁၅ ဦးနှင့် အရန်မီးသတ်အင်အား ၁၀ ဦး ပါဝင်ကာ မီးငြိမ်းသတ်ယာဉ် လေးစီးဖြင့် မြို့မရပ်ကွက် စည်ပင်သာယာဈေးတစ်ခုလုံး၏ ခေါင်မိုးပေါ်သို့ မီးငြိမ်းသတ်ရေပိုက်များဖြင့် ရေများပက်ဖျန်းပြီး လက်တွေ့သရုပ်ပြခဲ့ကြရာ ဈေးသူ၊ ဈေးသားများနှင့် ဈေးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများက လေ့လာကြည့်ရှု အားပေးခဲ့ကြသည်။

ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်သည့် နေရာသို့ ထားဝယ်ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးနှင့် မြို့နယ်ရှာဖွေကယ်ဆယ်ရေးကော်မတီဝင်များ၊ မြို့နယ် သန္နေမီးသတ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ၊ မြို့ပေါ်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ **နိုင်ငံတော်သမ္မတမှ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် မြန်မာသံရုံးသို့ ရောက်ရှိပြီး သံရုံးမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဗီယက်နမ် ရှေးဟောင်းတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ၁၉၆၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် ဗီယက်နမ်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ဗီယက်နမ်လူမျိုးများ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သည့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စစ်ပွဲအတွင်း အသုံးပြုခဲ့သည့် လက်နက်မျိုးစုံအား လေ့လာကြည့်ရှုကြပြီး ဗီယက်နမ်-ပြင်သစ် သမိုင်းဝင် ဒိန်ဖန်ဖူးတိုက်ပွဲဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဟန္တိုင်းမြို့မှ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် မြန်မာအမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၅ နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**





**ဟိုချီမင်းနေအိမ်**

**နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဟန္တိုင်းမြို့ရှိ ဗီယက်နမ် အမျိုးသားခေါင်းဆောင် ဟိုချီမင်း၏ နေအိမ်အတွင်း ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)

**ဗီယက်နမ် ရှေးဟောင်းတက္ကသိုလ်**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဗီယက်နမ် ရှေးဟောင်းတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။**

(သတင်းစဉ်)

# နှစ်နိုင်ငံဆိုင်ရာ ခေါင်းဆောင်များ ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေး၊ အေးချမ်းရေးတို့နှင့် ပတ်သက်ပြီး အမြင်ချင်းဖလှယ်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၈**

ဗီယက်နမ်နိုင်ငံ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးသည် အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

**ထိပ်သီးအစည်းအဝေးများတက်ရောက်**

တရားဝင်ချစ်ကြည်ရေးခရီးစဉ်မတိုင်မီ နိုင်ငံတော်သမ္မတသည် အောက်တိုဘာ ၂၅ရက်တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်(မဲခေါင်ဒေသ) နှင့် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက် ညနေပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါခဲ့သည်။

**ချီးကျူးဂုဏ်ပြုစကား ပြောကြား**

နိုင်ငံတော်သမ္မတအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျန်းဒိုက်ကွမ်းက အောက်တိုဘာ ၂၆ ရက်တွင် သမ္မတအိမ်တော်၌ နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ကြိုဆိုခဲ့ပြီး သမ္မတအိမ်တော်၌ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအား ကျင်းပခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျန်းဒိုက်ကွမ်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ကျင်းပပြီးစီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရရှိခဲ့မှုအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ အမျိုးသားရင်ကြားစေ့ရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ပြည်ပဆက်ဆံရေးတိုးချဲ့မှုများနှင့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံအား အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့မှုများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် (၂၁) ရာစု ပင်လုံညီလာခံအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း အပါအဝင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းဆောင်ရွက်ချက်များတွင် အောင်မြင်မှုများရရှိနေမှုအပေါ် ချီးကျူးဂုဏ်ပြုစကား ပြောကြားခဲ့သည်။

**အပြန်အလှန် အကျိုးဖြစ်ထွန်းစေ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဗီယက်နမ်နိုင်ငံအနေဖြင့် ဒွိုင်မွိုင်းမူပါ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအား နှစ်ပေါင်း (၃၀)ကျော် အကောင်အထည်ဖော်ခဲ့ပြီးနောက် အောင်မြင်မှုများ ရရှိနေမှုနှင့် အထူးသဖြင့် လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရေး ကြိုးပမ်းဆောင်ရွက်ချက်များတွင် အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်သွယ်ရေး စတင်ထူထောင်ခဲ့သည့် အချိန်မှစ၍ နှစ်ပေါင်း (၄၀) ကျော်ကာလအတွင်း နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေခဲ့သည့်ရလဒ်များအပေါ် အသိအမှတ်ပြုပြောကြားခဲ့ပြီး နှစ်နိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ကဏ္ဍရပ်များ အထူးသဖြင့် ဦးစားပေးကဏ္ဍ (၁၂)ရပ်တွင် တိုးတက်မှုများရရှိနေမှုအပေါ် ဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ နှစ်နိုင်ငံ ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှု ယန္တရားများနှင့် အထူးသဖြင့် (၉)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးအား လာမည့်နှစ်တွင် ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရေးနှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဆင့် ဦးဆောင်၍ ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် မူဝါဒရေးရာဆွေးနွေးပွဲအား ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

**နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးဆွေးနွေး**

အလားတူ နှစ်နိုင်ငံဆိုင်ရာ အကျိုးစီးပွားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် သင့်လျော်ကောင်းမွန်သည့် အခြေအနေများ ဖန်တီးပေးနိုင်ရေးအတွက် အကောက်ခွန်ဆိုင်ရာ သဘောတူညီချက်နှင့် ဘဏ္ဍာရေးဆိုင်ရာသဘောတူညီချက်တို့အား ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာအား ပြောင်းလဲနေသော ခေတ်စနစ် အခြေအနေများနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပြောင်းလဲမှုများ ပြုလုပ်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် (၅)ကြိမ်မြောက် လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲကို ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပ၍ နှစ်နိုင်ငံပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ ဆောလျင်စွာ လက်မှတ်ရေးထိုးရေးကိစ္စတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

**ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်**

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေး၊အေးချမ်းရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ပြီး နှစ်နိုင်ငံ လုံခြုံရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် ကတိကဝတ်များကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။ နိုင်ငံတော်သမ္မတက ဗီယက်နမ်နိုင်ငံသမ္မတအား နှစ်ဖက်အဆင်ပြေသည့်နေ့ရက်တွင် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ရာ ဖိတ်ကြားမှုကို ဗီယက်နမ်သမ္မတက လက်ခံခဲ့သည်။ နှစ်နိုင်ငံ ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့သည် အောက်တိုဘာ ၂၆ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းနှင့် ဇနီးတို့မှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**တွေ့ဆုံ**

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖုချောင့်တို့အား သီးခြားစီ တွေ့ဆုံခဲ့ပြီး ယင်းနေ့တွင် ဗီယက်နမ်သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက် ပန်းခွေချ ဂါရဝပြုခဲ့သည်။ ထို့အပြင် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံခဲ့ပြီး ဟန္တိုင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးရှိ ဝန်ထမ်းနှင့်မိသားစုများအား တွေ့ဆုံခဲ့သည်။

**(နိုင်ငံခြားရေးဝန်ကြီးဌာန)**

# ဖိလစ်ပိုင်မြို့တော်ဝန်တစ်ဦး မူးယစ်မှောင်ခိုကူးမှုဖြင့် အသေပစ်ခတ်ဖမ်းဆီးခံရ

**မနီလာ အောက်တိုဘာ ၂၈**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ၎င်း သမ္မတတာဝန်စတင်ထမ်းရွက်သည့်အချိန်မှစပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို အပြင်းအထန်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါး တရားမဝင်မှောင်ခိုကူးသည်ဟု သင်္ကာမကင်းဖြစ်နေသော ဖိလစ်ပိုင်မြို့ငယ်လေးတစ်ခု၏ မြို့တော်ဝန် တစ်ဦးအား သမ္မတ ဒူတာတေးက ပြီးခဲ့သော နွေရာသီက အမည်ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မတ၏ သင်္ကာမကင်းဖြစ်နေသော ဒါတူဆော်ဒီ-အမ်ပါတူရန်မြို့ငယ်လေး၏ မြို့တော်ဝန် ဆမ်ဆူဒင် ဒီမာကွန်က 'အပြစ်မလုပ်ထားရင် စိုးရိမ်စရာမလိုပါဘူး' ဟု ဩဂုတ်လက သည်နယူးယောက်တိုင်းမ်သတင်းစာနှင့် ၎င်းအင်တာဗျူးခဲ့စဉ်က ဖြေကြားခဲ့သည်။



အောက်တိုဘာ ၂၈ ရက် နံနက် ၄ နာရီဝန်းကျင်တွင် ဒါတူဆော်ဒီ-အမ်ပါတူရန်မြို့၏ အရှေ့ဘက်မိုင် ၇၀ အကွာအဝေးရှိ မာကီလာလာမြို့အဝင်လမ်းတစ်လျှောက်တွင် မူးယစ်တိုက်ဖျက်ရေးအဖွဲ့က ရဲကင်းစစ်ဆေးရေးဂိတ်တစ်ခု၌ မြို့တော်ဝန်နှင့်အဖွဲ့ကို စောင့်ဆိုင်းနေစဉ် ၎င်းတို့က မော်တော်ယာဉ်များဖြင့် ရောက်ရှိလာခဲ့ကြောင်း ရဲချုပ်အီလိုင်ရစ်ကို လိုနီယာက ဆိုသည်။ မြို့တော်ဝန် ဒီမာကွန်၏ အဖွဲ့နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရဲအရာရှိများက အပြန်အလှန် သေနတ်ပစ်ခတ်ခဲ့ရာ မြို့တော်ဝန်နှင့် အပေါင်းအပါကိုးဦး သေဆုံးခဲ့သည်။

ဇွန် ၃၀ ရက်က သမ္မတဒူတာတေး သမ္မတရာထူးစတင်ထမ်းရွက်သည့်အချိန်မှစပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်အရ မူးယစ်မှောင်ခိုကူးသူများအား သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးသူဦးရေ ၂၀၀၀ ခန့်ရှိကြောင်း သိရသည်။

မူးယစ်ဆေးဝါးမှောင်ခိုကူးသူဟု သံသယရှိသူမြို့တော်ဝန်နှင့်အဖွဲ့ကို သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုဖြစ်သည်ဟု အမေရိကန်နိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့နှင့် နိုင်ငံတကာလူ့အခွင့်အရေး တတ်ကြွလှုပ်ရှားသည့်အဖွဲ့များက ရှုမြင်ကြသည်။ သို့သော် ဖိလစ်ပိုင်ပြည်သူများက ထိုသို့လုပ်ဆောင်ခြင်းသည် နိုင်ငံအတွင်းရှိလမ်းမများတွင် ပိုမိုဘေးကင်းသွားစေသည်ဟု ဆိုကြသည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် မီသာဖီတမင်းစိတ်ကြွဆေးပြားများကို နိုင်ငံရပ်ခြားမှ သင်္ဘောဖြင့်သယ်ဆောင်ကာ ဖိလစ်ပိုင်တစ်နိုင်ငံလုံးသို့ ရောင်းချလျက်ရှိကြောင်း အာဏာပိုင်များ၏ ပြောကြားချက်ကို ရဲချုပ် အီလိုင်ရစ်ကိုလိုနီယာက ကိုးကားပြီး ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ဩဂုတ်လက သမ္မတဒူတာတေးသည် နိုင်ငံအတွင်းမူးယစ်မှောင်ခိုကူးမှုများတွင် တရားသူကြီးများ၊ ရဲအရာရှိများ၊ တပ်မတော်အရာရှိများ၊ မြို့တော်ဝန်များနှင့် လွှတ်တော်အမတ်များ ပါဝင်ပတ်သက်လျက်ရှိသည်ဟု အရိပ်အမြွက်ပြောကြားခဲ့သည်။

ယခုမြို့တော်ဝန်နှင့်အဖွဲ့အား ဖမ်းဆီးပြီးနောက် မူးယစ်ဆေးဝါးမှောင်ခိုကူးမှုနှင့်ပတ်သက်သည့် နောက်ထပ်အရာရှိများကိုလည်း ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း သမ္မတဒူတာတေးက သတိပေးပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# နိုဝင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ သုံးရက်ကြာခရီးစဉ် အိန္ဒိယဝန်ကြီးချုပ် မိုဒီ သွားရောက်မည်

**တိုကျို အောက်တိုဘာ ၂၈**

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာရာမိုဒီသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံ၍ စီးပွားရေးနှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကို အလေးပေးဆွေးနွေးရန် နိုဝင်ဘာ ၁၀ ရက်မှစ၍ ဂျပန်နိုင်ငံသို့ သုံးရက်ကြာခရီးစဉ်တစ်ခုသွားရောက်မည်ဟု ဂျပန်အစိုးရက ပြောကြားသည်။

နျူကလီးယားမပြန့်ပွားရေးသဘောတူစာချုပ် အဖွဲ့ဝင်မဟုတ်သော အိန္ဒိယနိုင်ငံက စစ်ရေးအတွက် ဂျပန်နျူကလီးယားစွမ်းအင်နည်းပညာကို အသုံးမပြုဟူသော ဂျပန်နိုင်ငံအား အာမခံချက်ပေးသည့် စည်းကမ်းချက်တစ်ခုအပါအဝင် အရပ်ဘက်သုံး နျူပူးပေါင်းဆောင်ရွက်ရေးစာချုပ်တစ်ခုကို ခေါင်းဆောင်နှစ်ဦးက လက်မှတ်ရေးထိုးဖွယ်ရှိကြောင်း သံတမန်သတင်းရပ်ကွက်များက ဆိုသည်။ ဝန်ကြီးချုပ်နှစ်ဦးက ဂျပန်၊ အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုကြား ပူးတွဲရေကြောင်း စစ်ရေးလေ့ကျင့်မှုများပါဝင်သော ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေးဖွယ်ရှိပြီး အရှေ့နှင့်တောင်တရုတ်ပင်လယ်များနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံ၏ နယ်ချဲ့ရေးလုပ်ဆောင်ချက်များကြောင့် ပင်လယ်ပြင်၌ တရားဥပဒေစိုးမိုးမှု၏အရေးပါမှုကို သဘောတူညီဖွယ်ရှိသည်။

မိုဒီ၏ခရီးစဉ်က ဂျပန်နှင့်အိန္ဒိယဆက်ဆံရေးအတွက် အခန်းကဏ္ဍသစ်တစ်ခုနှင့်လိုက်လျောညီထွေရှိသော မဟာဗျူဟာမြောက် ကမ္ဘာ့မိတ်ဖက်ဆက်ဆံရေးထိ ရှေ့ဆက်လုပ်ဆောင်ရန်နှင့် နှစ်နိုင်ငံကြားရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဆက်ဆံရေးကို ခိုင်မာလာစေမည်ဟု မိမိတို့မျှော်လင့်ကြောင်း ဂျပန်အစိုးရအဖွဲ့ ဒုတိယအကြီးအကဲ ကိုအောချိဟာဂီဒါက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။ ၂၀၁၄ ခုနှစ် မေလတွင် ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ဒုတိယမြောက်ဂျပန်ခရီးစဉ်အတွင်း မိုဒီသည် ဂျပန်ဧကရာဇ် အာခီဟီတိုနှင့်လည်း တွေ့ဆုံရန် စီစဉ်ထားသည်။

ပြီးခဲ့သောလက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်တွင် ကျင်းပခဲ့သော ဒေသတွင်းအစည်းအဝေးများ၏ ဆက်စပ်အစည်းအဝေးများ၌ ဆွေးနွေးမှုများအတွင်း ဂျပန်ဝန်ကြီးချုပ် အာဘေးနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့က စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် တန်ပြန်အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကြိုးပမ်းမှုများတွင် ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ကျိုဒို။**



# အသံ၏အလျင်ထက် အဆများစွာလျင်မြန်ပြီး နျူလက်နက် သယ်ဆောင်နိုင်သော လက်နက်ထိပ်ဖူးစနစ် ရုရှားစမ်းသပ်မှုအောင်မြင်

**မော်စကို အောက်တိုဘာ ၂၈**

ပစ်မှတ် ၄၂၀၂ ဟူ၍ သိရှိကြပြီး အသံ၏ အလျင်ထက်အဆများစွာ ပိုမိုလျင်မြန်စွာ ပျံသန်းနိုင်သော နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် လက်နက်ထိပ်ဖူးစနစ်ကို ရုရှားနိုင်ငံက စမ်းသပ်ပစ်ခတ်ခဲ့ရာ အောင်မြင်မှု အပြည့်အဝရရှိကြောင်း ရုရှားသတင်းစာ အစ္စဘက်တီယာက အောက်တိုဘာ ၂၈ ရက်တွင် ရေးသားဖော်ပြသည်။

ပထမအကြိမ်စမ်းသပ်ပစ်ခတ်ရာ၌ အဆိုပါလက်နက်ထိပ်ဖူးသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ဆုံး ပျံသန်းချိန်တွင် တစ်စက္ကန့်လျှင် ခုနစ်ကီလိုမီတာ အမြန်နှုန်းဖြင့် ပျံသန်းနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။ ယင်းလက်နက်ထိပ်ဖူးအား ရုရှားနိုင်ငံအနောက်ပိုင်း အိုရွန်ဘတ်ဒေသ ဒွမ်ဘာရိုဘက်စကီးဝန်းနယ်မြေမှ ရုရှားနိုင်ငံ အရှေ့ဘက်အစွန်း ကန်ချက်ကာဒေသရှိ ကူရာလက်နက်စမ်းသပ်ပစ်လွှတ်ရေးကွင်းသို့ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

အသံထက်လွန်စွာလျင်မြန်သော လက်နက်ထိပ်ဖူး တည်ဆောက်နိုင်ခြင်းဖြင့် နောင်တွင် ယင်းလက်နက်ထိပ်ဖူးများသည် သမားရိုးကျလက်နက်ထိပ်ဖူးများ၏နေရာသို့ အစားထိုးဝင်ရောက်လာမည်ဖြစ်ကြောင်း၊ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များထုတ်လုပ်ရန် အလားအလာကိုဖြစ်ပေါ်စေကြောင်း အဆိုပါသတင်းစာ၌ ဖော်ပြသည်။

**ဆင်ဟွာ။**

# ကမ္ဘာ့အကြီးဆုံး အဏ္ဏဝါဘေးမဲ့ဥယျာဉ် အန္တာတိတ်သမုဒ္ဒရာအတွင်း ထူထောင်မည်

**ဆစ်ဒနီ အောက်တိုဘာ ၂၈**

အန္တာတိတ်သမုဒ္ဒရာအတွင်း ကမ္ဘာ့အကြီးဆုံး အဏ္ဏဝါဥယျာဉ် ထူထောင်ရန် ကမ္ဘာ့နိုင်ငံပေါင်း ၂၄ နိုင်ငံနှင့် ဥရောပသမဂ္ဂတို့ အောက်တိုဘာ ၂၈ ရက်တွင် သဘောတူညီလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရော့စ်ပင်လယ်၌ အဏ္ဏဝါဥယျာဉ် ထူထောင်သွားရန် အန္တာတိတ်အဏ္ဏဝါအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မရှင်၏ အစည်းအဝေးတွင် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အန္တာတိတ်သမုဒ္ဒရာအတွင်း ထူထောင်မည့် အဏ္ဏဝါဥယျာဉ်သည် ရေသတ္တဝါများအတွက် ဘေးမဲ့ဥယျာဉ်ဖြစ်ပြီး စတုရန်း ကီလိုမီတာ ၁ ဒသမ ၅၅ သန်း (စတုရန်းမိုင် ၆၀၀၀၀၀)အထိ ကျယ်ပြန့်စွာ တည်ရှိမည်ဖြစ်သည်။

အဏ္ဏဝါဥယျာဉ်သည် တောင်ပိုင်းသမုဒ္ဒရာ နယ်မြေ၏ ၁၂ ရာခိုင်နှုန်းကျော် လွှမ်းခြုံမည်ဖြစ်ကြောင်း၊ ရေခဲငှက်များ၊ ပင်လယ်ပျော်ငှက်များ၊ ဝေလငါးများ အပါအဝင် ရေသတ္တဝါမျိုးစိတ် ၁၀၀၀၀ ကျော် ကျက်စားရာ နေရာအဖြစ် တည်ရှိလာမည်ဖြစ်ကြောင်း၊ ရေသတ္တဝါများကို ဘေးမဲ့ပေးရာနေရာအဖြစ် သတ်မှတ်မည်ဖြစ်ရာ ၃၅ နှစ်တာမျှ စီးပွားဖြစ် ငါးဖမ်းဆီးခြင်းမှ ကာကွယ်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဩစတြေးလျနိုင်ငံ ဟိုဘတ်မြို့၌ ကျင်းပသော အစည်းအဝေးတွင် ပြောကြားကြသည်။

ရော့စ်ပင်လယ်၏ စတုရန်းကီလိုမီတာ ၁ ဒသမ ၁ သန်း (စတုရန်းမိုင် ၄၂၅၀၀၀)တွင် ငါးဖမ်းဆီးခြင်းကို လုံးဝပိတ်ပင်မည်ဖြစ်သော်လည်း သုတေသနဇုန်နယ်မြေများအဖြစ် သတ်မှတ်ထားသော ဧရိယာများတွင် သုတေသနပြုလုပ်ရန်အလို့ငှာ စည်းကမ်းချက်များနှင့်အညီ ငါးဖမ်းဆီးနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

**ရိုက်တာ။**



# ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၈**

ကိုရီးယားသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သမ္မတ H.E. Park Geun-hye က ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ကိုရီးယားသမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရနှင့် လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် Samsung Innovation Museum သို့ရောက်ရှိရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် မွန်းလွဲ ၃ နာရီခွဲတွင် စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်လျက်ရှိသော Gang Nam Resource Recovery Facility သို့ သွားရောက်လေ့လာကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိများနှင့်တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၈**

Community Centre ဖြစ်ရန်အတွက် အနယ်နယ်အရပ်ရပ်ရှိ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGO အဖွဲ့အစည်းအသီးသီးနှင့် ပေါင်းစပ်၍ မိမိတို့နေရာတွင် အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများအတွက် နေရာထိုင်ခင်း စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားလိုက်သည်။

အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိမွမ်းမံသင်တန်း (၁/၂၀၁၆)တွင် တက်ရောက်လျက်ရှိသည့် ခရိုင်ဦးစီးအရာရှိများနှင့်တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရပါကြောင်း၊ အစိုးရ၏ ယန္တရားများတွင် နိုင်ငံတော်၏ ဘတ်ဂျက်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ သုံးစွဲလည်ပတ်လုပ်ကိုင်ဆောင်ရွက်ရသည့်အတွက် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများသည် ဘဏ္ဍာငွေသုံးစွဲမှုနှင့် လျော်ညီသည့် ဆောင်ရွက်မှုများဖြစ်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ အခွန်ဘဏ္ဍာသုံးစွဲခြင်းနှင့် လျော်ညီစွာ ထိုက်တန်သည့်အလုပ်လုပ်ပြနိုင်ရန် လိုအပ်ပါကြောင်း၊ ယနေ့အချိန်တွင် မိမိတို့၏ လုပ်ဆောင်ချက်များအား အများပြည်သူက တိုင်းတာမှတ်ကျောက်တင်နေသည့်အတွက် အများလက်ခံနိုင်သည့်၊ အများနှစ်သက်သည့် အနေအထားရောက်အောင် မိမိတို့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆက်လက်ပြောကြားသည်။

ထို့ပြင် Community Centre သည် မိမိတို့သွားလိုသည့် အနေအထားတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့၏ ဌာနနေရာသည် အများပြည်သူဝင်ထွက်သွားလာသည့်နေရာ၊ အများပြည်သူနှင့် ရင်းနှီးကျွမ်းဝင်သည့်နေရာဖြစ်အောင် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်ကိုလည်း အများသုံးလာအောင်၊ စာကြည့်တိုက်အလုပ် ပိုမိုကောင်းမွန်သွက်လက်လာအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် စာကြည့်တိုက်များအား အသက်ဝင်ရှင်သန်နေစေရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကလေးများစိတ်ဝင်စားအောင်၊ ကလေးများ များလာအောင် ကလေးစာကြည့်တိုက်များကိုလည်း ပူးတွဲထားရှိရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်အား ကိုယ့်မြို့ကိုယ့်ရွာတွင်ရှိသည့် စာပေဝါသနာရှင်များ သုံးစွဲနိုင်ရေးအတွက် နေရာထိုင်ခင်း စီစဉ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ခရိုင်ဦးစီးအရာရှိများက မိမိနယ်မြေအလိုက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးပြီး လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

# ခေတ္တနေရပ်စွန့်ခွာလာသူများအား စစ်တွေမြို့မှ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်

**စစ်တွေ အောက်တိုဘာ ၂၈**

မောင်တော၊ ဘူးသီးတောင် ဒေသအသီးသီးမှ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ခေတ္တနေရပ်စွန့်ခွာလာကြသူများအား အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့် စစ်တွေမြို့မှ မိမိဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခေတ္တနေရပ်စွန့်ခွာသူများသည် စစ်တွေမြို့ ဧဎဝတီအားကစားကွင်း ကယ်ဆယ်ရေးစခန်း ရတနာ့ဗိမာန် ဘုန်းကြီးကျောင်းတိုက်နှင့် ဘုရားများသိမ်တွင် ခေတ္တနေထိုင်ကြသူများဖြစ်ကြပြီး မိမိဒေသအသီးသီး၌ တည်ငြိမ်အေးချမ်းလာပြီဖြစ်သောကြောင့် ပြန်လိုကြသည့်အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ပြန်လည်ပို့ဆောင်ပေးခြင်းဖြစ်သည်။ ထို့နောက် မိမိဒေသသို့ ပြန်လည်သွားရောက်ကြသူများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ရွှေပြည်တန် အမြန်ရေယာဉ်ဖြင့် ပို့ဆောင်ပြီး မိသားစုအသုံးအဆောင်ပစ္စည်းများပေးအပ်ကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သောင်းနှင့် ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်ထောင်စုတစ်စုလျှင် Family Kit တစ်ပုံး၊ စစ်တွေမြို့နာရေးကူညီမှုအသင်းမှလည်း တစ်ဦးလျှင် ငွေကျပ်တစ်သောင်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။ စစ်တွေမြို့မှ မိမိနေရပ်ဒေသသို့ ပြန်ကြသူ အိမ်ထောင်စု ၇၄ စု လူဦးရေ ၁၉၁ ဦးရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်မည့် မြို့နယ်များတွင် မဲဆန္ဒရှင်စာရင်းအား ပြည့်စုံမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းကောက်ယူမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများအား တစ်အိမ်တက်ဆင်း (Door to Door) စနစ်ဖြင့် ကောက်ယူမည့်နေ့ရက်များနှင့် မဲစာရင်းကပ်ထားကြေညာမည့်နေ့ရက်များအား အသိပေးကြေညာခြင်း**

**နေပြည်တော် အောက်တိုဘာ ၂၈**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်မည့်မြို့နယ်များတွင် မဲဆန္ဒရှင်စာရင်းအား ပြည့်စုံမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း (Door to Door)စနစ်ဖြင့် မဲစာရင်းကောက်ယူခြင်းကို ၁. ၁၁. ၂၀၁၆ ရက်မှ ၃၀. ၁၁. ၂၀၁၆ ရက်အထိ ၂၀၁၅ ခုနှစ် မဲစာရင်းအားအခြေခံ၍ ပြင်ဆင်ခြင်း/ ဖြည့်စွက်ခြင်း/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းအား သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁. ၂. ၂၀၁၇ ရက်မှ ၁၄. ၂. ၂၀၁၇ ရက်အထိ ကပ်ထားကြေညာပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် လစ်လပ်မဲဆန္ဒနယ်များရှိ မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များ အနေဖြင့် တစ်အိမ်တက်ဆင်း (Door to Door) စနစ်ဖြင့် မဲစာရင်းကောက်ယူခြင်းနှင့် မဲစာရင်းကပ်ထားကြေညာသည့်အချိန်တွင် မဲစာရင်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သောတောင်းဆိုမှု၊ ကန့်ကွက်မှု၊ ပြင်ဆင်မှုများ ပြုလုပ်ခြင်းတို့ကို ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ညောင်လေးပင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေး-၄ အား တရားစွဲအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

ညောင်လေးပင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေး-၄ ဦးမင်းရွှေသည် ညောင်လေးပင်မြို့နယ် ထိန်တပင်ကျေးရွာအုပ်စု နတ်ကတော်ခင်ကျေးရွာနေ တောင်သူများထံမှ လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေး ဆောင်ရွက်ပေးမည်ဆိုကာ လာဘ်ငွေတောင်းခံရယူသည့်အပြင် အခြားလယ်ယာမြေကိစ္စများကိုလည်း နည်းမျိုးစုံဖြင့် လာဘ်ငွေတောင်းခံရယူကြောင်း နစ်နာသူတစ်ဦးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ဦးမင်းရွှေသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိရေးအတွက်လည်းကောင်း၊ အမည်ပေါက်မြေခွန်ပြေစာ ရရှိရေးအတွက်လည်းကောင်း၊ လယ်မြေအတွင်း နေအိမ်ဆောက်လုပ်ခွင့်အတွက်လည်းကောင်း တောင်သူခြောက်ဦးထံမှ ငွေကျပ် ၅၂၆၀၀၀ ကို လုပ်ပိုင်ခွင့်အာဏာအား အလွဲသုံးစားပြု၍ လာဘ်ငွေတောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးမင်းရွှေအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် အောက်တိုဘာ ၂၄ ရက်က တရားစွဲဆို အရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြင်ဦးလွင်မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယဦးစီးမှူးနှင့် အကြီးတန်းစာရေးတို့အား တရားစွဲအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် အကြီးတန်းစာရေး ဦးအောင်စိုးမိုးတို့သည် ပြင်ဦးလွင်မြို့နယ် လွန်ကောင်းကျေးရွာအုပ်စု မန်ကျည်းအင်းကျေးရွာ တိုးချဲ့ရွာသစ်အား ပြည်ထဲရေးအမည်ပေါက် သတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ လာဘ်ငွေတောင်းခံရယူခဲ့ကြောင်း နစ်နာသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် အကြီးတန်းစာရေး ဦးအောင်စိုးမိုးတို့သည် စုစုပေါင်းငွေကျပ် ၄၁၃ သိန်းကို အလီလီရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးအောင်စိုးမိုးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇ အရ ပြင်ဦးလွင်မြို့နယ်တရားရုံး၌ အောက်တိုဘာ ၂၇ ရက်က တရားစွဲဆို အရေးယူခဲ့ပြီး ဦးတင်နိုင်စိုးနှင့် ဦးကျော်ကျော်နိုင်တို့အား အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် အောက်တိုဘာ ၂၈ ရက်က တရားစွဲဆိုအရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပွဲကြည့်ပရိသတ်

## မောင်ကြာလှ

သီတင်းကျွတ်ပွဲတော်ကြီးပြီးလို့ တန်ဆောင်တိုင်နားနီးတော့ ငယ်ငယ်တုန်းက ကျွန်တော်တို့ သူငယ်ချင်းတစ်စု မန္တလေးမှာ စက်ဘီး တစ်ယောက်တစ်စီးနဲ့ လမ်းတကာ၊ ရပ်ကွက်တကာလှည့်ပြီး ပွဲကြည့်ခဲ့ကြတာ သွားသတိရမိတယ်။ အဲဒီတုန်းက တန်ဆောင်တိုင်ရောက်ရင် မန္တလေးမြို့မှာရှိသမျှ ရပ်ကွက်တိုင်း၊ လမ်းတိုင်း ကထိန်ခင်းကြ၊ အငြိမ့်တွေ ဇာတ်တွေ ကကြ သိပ်ပျော်စရာကောင်းတာပဲ။ ကျွန်တော်တို့က အလုပ်ဝင်ခါစ နှစ်ဆယ်ကျော်အရွယ်တွေ။ အိမ်ထောင်မရှိ၊ ဘာမရှိပေ့။ ဘာမရှိဆိုတာ ရည်းစားတောင်မရှိဘူးဆိုတာပါ။ ဒီတော့ အလုပ်ကအပြန် ညနေစောင်းရင် သူငယ်ချင်းတွေစုပြီး စားကြသောက်ကြ၊ ပြီးရင် စက်ဘီးကိုယ်စီနဲ့ ပွဲတကာ လှည့်ကြည့်ကြတာပဲ။ အဲဒီအခါကျရင် ပွဲတွေက အပြိုင်ကကြတာဆိုတော့ ကျွန်တော်တို့က တစ်နေရာတည်းမှာ ကျောက်ချမနေဘူး။ မိုဘိုင်းပေ့။ ဒီအငြိမ့်မှာ အော်ပရာလေးကြည့်။ ပြီးရင် နောက်တစ်နေရာရွှေ့ပြဇာတ်ကြည့်။ အဲလိုလျှောက်ကြည့်တာ။ ဗိုက်ဆာလာရင် တွေ့တဲ့ဆိုင်မှာ ဝင်စား။ အဲဒီအချိန်ကျရင် ခါတော်မီရော၊ ပုံမှန်ရော အစားအစာရောင်းတဲ့ဆိုင်တွေကလည်း ပေါမှပေါ။ ညကြီးပိုင်းရောက်သွားတဲ့အခါကျရင်တော့ ကိုယ်နဲ့ခင်မင်ရင်းနှီးတဲ့သူရှိရာ အငြိမ့်ပွဲ၊ ဇာတ်ပွဲတစ်ခုခုမှာ စခန်းချကြပြီး မိုးလင်းတဲ့အထိ ပွဲကြည့်လိုက် ငိုက်လိုက်ပေ့။

### ဖျော်ဖြေတင်ဆက်ကပြတဲ့အခါ

မန္တလေးမှာနေတုန်းက ကျွန်တော်နဲ့ခင်တဲ့ လူရွှင်တော်တွေ၊ ဂီတသမားတွေရှိတော့ သူတို့က ဘယ်နေ့ဘယ်မှာ ကမယ်ဆိုတာ အမြဲသတင်းပေးတာကိုး။ အဲဒီနေ့ကျရင် ကျွန်တော်တို့ဟာ အစောပိုင်းမှာ ပွဲတကာလှည့်ပတ်ကြည့်၊ ပြီးတာနဲ့ သူတို့ ကနေတဲ့နေရာကိုသွားပြီး ညလုံးပေါက်စခန်းချတော့တာပါပဲ။ ဇာတ်သူ၊ ဇာတ်သားတွေနဲ့ ခင်မင်ရင်းနှီးတော့ ပွဲကြည့်တဲ့အခါလည်း ဇာတ်ခုံဘေးမှာ ထိုင်ခုံကောင်းကောင်းချပြီး ကြည့်ကြရတာပေ့။ ဒီတော့ ကန့်လန့်ကာရှေ့က သရုပ်ဆောင်တာကို ကြည့်ရသလို ဇာခန်းဆီးနောက်ကွယ်က အခြေအနေတွေကိုလည်း လေ့လာခွင့်ရတယ် ဆိုပါတော့ဗျာ။ ဇာတ်ခုံနောက်က အခြေအနေတွေဆိုလို့ မဟုတ်တာတွေ လျှောက်မတွေးကြပါနဲ့။ ကျွန်တော်ပြောတာက အငြိမ့်ဖြစ်ဖြစ်၊ ဇာတ်ဖြစ်ဖြစ်၊ ဖျော်ဖြေတင်ဆက်ကပြတဲ့အခါ ရှေ့ပိုင်းမှာ အဆင်ပြေပြေ ချောချောမွေ့မွေ့ ကပြအသုံးတော်ခံနိုင်ဖို့ နောက်ပိုင်းမှ ပြင်ကြဆင်ကြတာ။ အချိန်တိုအတွင်းမှာ အရေးပေါ် စီစဉ်ဖြေရှင်းလိုက်ကြတာ။ အဲဒီလို စီမံခန့်ခွဲတာတွေကို တွေ့ရမြင်ရတာကို ဆိုလိုတာပါ။

ကျွန်တော် ဇာတ်သဘင်အကြောင်း သိပ်နားမလည်ပါဘူး။ ဒါပေမယ့် ဇာတ်ခုံဘေးကနေ အကြာကြီး ပွဲကြည့်ခဲ့ဖူးတဲ့အတွက် ရှေ့ကစင်ပေါ်မှာ မင်းသား၊ မင်းသမီးတွေ၊ သရုပ်ဆောင်တွေ ဆိုကြ၊ ကကြ၊ လှုပ်ရှားကြတာကို တစ်ဖက်မှာ ကြည့်ရတယ်။ အဲဒီလို ရှေ့ပိုင်းမှာ ပရိသတ်ကို ချောချောမောမော တင်ဆက်ကပြနေတဲ့အချိန်မှာပဲ ဇာတ်ခုံနောက်မှာ နောက်အခန်းအတွက် အဝတ်အစားတို့ ပစ္စည်းတို့ အသင့်ပြင်ဆင်ကြတာ၊ ဘယ်သူက ဘယ်ဘက်ကနေ ထွက်ရမှာ၊ ဘယ်သူက ကားလိပ်ရှေ့မှာ ရပ်စောင့်နေရမှာ၊ ဘာပြောရမှာ၊ ဘာဆိုရမှာ၊ ကားဆွဲတဲ့သူက ဘယ်ကားလိပ်ကို ချထားပေးရမှာ စတဲ့ စတဲ့ အစီအစဉ်တွေကို မလွဲအောင် ခန့်ခွဲကြရတာ အလွန်စိတ်ဝင်စားဖို့ကောင်းတယ်ဗျာ။

### ချွတ်ချော်တိမ်းပါးတာတွေ ရှိသေး

ဒါတင်မကသေးဘူး။ ရှေ့က ဆိုင်းဝိုင်းက အခန်းပြောင်းရင် ဘာတီးပေးရမှာ၊ ကားလိပ်ဖွင့်ပြီးရင်၊ ဘယ်သူဆိုဖို့၊ ဘာသီချင်းကို တောပေးရမှာ ဆိုတာတွေလည်း ပါသေးရဲ့။ ဒီလို စီမံခန့်ခွဲတဲ့ကြားထဲက လွဲတာ မှားတာတွေ၊ ချွတ်ချော်တိမ်းပါးတာတွေ ရှိသေးတယ်။ အဝတ်အစား မှားဝတ်တာ။ သီချင်းမှားဆိုတာ။ စကားပြောမှားတာ။ အို. . . စုံလို့ပေ့။ အဲလို မှားသွားပေမယ့် ပရိသတ်မသိအောင်၊ အချိတ်အဆက်မိမိနဲ့ ပြန်တည့်ပေးရတာလည်း ရှိကြသေးတယ်။ ကျွန်တော့်အတွက်တော့ အငြိမ့်တွေ၊ ဇာတ်တွေကို ဇာတ်ခုံဘေးကနေ ကြည့်ရတာ စီမံခန့်ခွဲမှုနဲ့ ပတ်သက်လို့ အများကြီးပညာရခဲ့တယ်။

### စာထောက်လို့ ခေါ်တာ

တစ်ခါတလေ ကျွန်တော့် ဇာတ်လမ်းတစ်ခုမှာ ပင်တိုင်ကနေတဲ့ ဇာတ်ရုပ်တစ်ရုပ်၊ သရုပ်ဆောင်တစ်ယောက်ဆိုပါတော့။ မထွက်နိုင်လို့ အစားထိုးရပြီဆိုလည်း သမ္ဘာရင့်တဲ့ တစ်ယောက်ကို အရေးပေါ်ခိုင်းရတယ်။ ဘယ်လောက်ပဲ သမ္ဘာရင့်တယ်ဆိုစေ၊ ဒီဇာတ်မှာပါတဲ့ ဇာတ်စာ၊ ဇာတ်စကားကို တိုက်ပြီးလေ့ကျင့်ထားတာ မဟုတ်တော့ တက်သုတ်ရိုက်ပြီး သင်ရသေးတယ်။ နောက်ဆုံးမရရင် ကားလိပ်ကြားထဲကနေ တစ်ယောက်ဝင်ပြီး ထောက်ပေးရတယ်။ စာထောက်လို့ ခေါ်တာပေ့။

ဆိုနေတာ။ သီတာခင်ထွေးတစ်ယောက် ဈေးခြင်းတောင်းဆွဲပြီး ကော့တော့ကော့တော့နဲ့ ဝင်လာတော့ ဖိုးပါကြီးက သိလိုက်ပြီ။ ဒါနဲ့ သီချင်းဆိုတာ ခဏရပ်ပြီး "ဟာ၊ မခင်ထွေး၊ ခင်ဗျား ဘာလာလုပ်တာတုန်း၊ ခင်ဗျားက မန္တလေးမှာလေ။ ဒီမှာ ကျုပ်က ရန်ကုန်မှာ သီချင်းဆိုနေတာလေ" လို့ ပြောလိုက်တယ်။ ဒီတော့ သီတာခင်ထွေးက ဟန်မပျက်ပဲ "အေးပါဟယ်၊ ကိုပါကြီးရယ်၊ ငါရထားမှားစီးမိလို့ပါဟဲ့"လို့ ပြောပြီး ဘောက်ဆတ်ဘောက်ဆတ်နဲ့ ပြန်ဝင်သွားပါသတဲ့။ ပရိသတ်က ဘာမှမသိလိုက်ဘူး။ ပွဲကျပြီး ကျန်ခဲ့တယ်။ ဖိုးပါကြီးကလည်း သူ့သီချင်းသူဆက်ဆိုပြီး ပြဇာတ်လည်း ပုံမှန်ဆက်ကသွားတာပေ့။ အဲဇာတ်ခုန်နောက်ဖေးမှာတော့ အဘွားကြီး ဒေါ်သူပုန်ထ

သိပ်မရခဲ့ပေမယ့် သင်ရိုးကုန်အောင် တီးခတ်၊ ကပြခဲ့ကြတဲ့ သူတွေလည်းပါတယ်။ ဒ့ါအပြင် ဇာတ်ထဲမှာ ဝင်မကရပေမယ့် ဇာတ်တွေ၊ အငြိမ့်တွေကြားမှာ နေလာရတော့ ကြားဖူးနားဝနဲ့ ဇာတ်ဆရာဂိုက်ဖမ်းပြီး အသံပစ်နေတဲ့ ဆီပေနေတဲ့ ယောက်မတွေလည်း ပါတာပေ့။ သူတို့ရဲ့ အသံတွေ၊ ဆန္ဒတွေကို ကြည့်ရင်တော့ သာမန်ပရိသတ်ရဲ့ အသံနဲ့မတူဘဲ ထူးခြားတဲ့ အချက်လေးတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သာမန် လူတွေနဲ့စာရင် အငြိမ့်နဲ့၊ ဇာတ်နဲ့၊ ဆိုင်းနဲ့ ပိုပြီးနီးစပ်တာကိုး။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကပြခဲ့ကြတာကိုး။ ဒီတော့ ပိုပြီးဝေဖန်တတ်၊ ဆန်းစစ်သုံးသပ်အကြံပြုတတ်ကြ

ပရိသတ်ဝေဖန်တာ၊ အကြံပြုတာတွေကို လိုက်လုပ်ရမယ်လို့ ဘယ်သူမှ အမိန့်ပေးမထားသလို ဘယ်သူမှလည်း လိုက်မလုပ်ပါဘူး။ လက်ရှိဇာတ်ကိုစီးနေတဲ့ ဦးဆောင်ကပြနေတဲ့ သူတွေကသာ ပဓာနပါ။ သူတို့အဖို့တော့ အတူတူတွဲကနေကြတဲ့ ဆိုင်းအဖွဲ့၊ မီးအဖွဲ့အပါအဝင် လက်ရှိတွဲနေတဲ့ ဇာတ်သူ ဇာတ်သားကလွဲရင် ကျန်တာ ပရိသတ်ပါ။ ဒီတော့ ပွဲကြည့်ပရိသတ်က ဝေဖန်တာ၊ အကြံပြုတာတွေအားလုံးကို လေးလေးစားစားခံယူရမယ်။ ပြီးရင် ဒါတွေကို စနစ်တကျ လေ့လာသုံးသပ်ပြီး မိမိအဖွဲ့ရဲ့ လုပ်ဆောင်ချက်တွေကို ပြန်သုံးသပ်ရပါမယ်။ နောက်ပိုင်းလုပ်ငန်းစဉ်တွေကို လိုအပ်သလို ပြင်ဆင်ရပါမယ်။ ဒီတော့ နောက်ညတွေကျမှ ဇာတ်ညွှန်းကို ပြန်ပြင်နိုင်မယ်။ ဒီညတော့ ရှိပြီးသား ဇာတ်ညွှန်းအတိုင်း မိုးလင်းအောင်ကရဦးမှာပါ။

ကျွန်တော် လေ့လာမိသလောက်ပြောရရင် အဲဒီအငြိမ့်တွေ၊ ဇာတ်တွေ ကကြရာမှာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနဲ့တော့ ဘယ်လိုမှ ချောချောမောမော မဖြစ်ဘူး။ ပါဝင်ပတ်သက်တဲ့သူတွေအားလုံး၊ အောက်ခြေကနေ အပေါ်ထိ၊ အုံနဲ့ ကျင်းနဲ့ ကောင်းမှ၊ အရည်အချင်းရှိမှ၊ မခိုမကပ်ဘဲနဲ့ ကိုယ့်တာဝန်ကိုယ်ကျေမှ အငြိမ့်ကောင်း၊ ဇာတ်ကောင်းဖြစ်တယ် ဆိုတာပါပဲ။ ဒ့ါအပြင် အဖွဲ့ထဲမှာ ရှိနေတဲ့ အဖွဲ့သူ၊ အဖွဲ့သားတွေအချင်းချင်း၊ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နဲ့ စည်းလုံးညီညွတ်ကြဖို့လည်း အရေးကြီးတယ်။ ဒါမှ တစ်ယောက်နဲ့ တစ်ယောက်အမှားရှိရင်လည်း ပြုပြင်ထိန်းသိမ်းပြီး အချိတ်အဆက်မိမိ သရုပ်ဆောင်နိုင်ကြမှာကိုး။ မဟုတ်ရင်တော့ ဝင်ထဲမှာ ကိုးရိုးကားရားတွေဖြစ်ပြီး၊ တစ်ဖွဲ့လုံးနာမည်ပျက်တော့မှာပေ့။

### ပြဇာတ် လောကထဲရောက်

အချိတ်အဆက်ဆိုလို့ ကျွန်တော့်ဆရာတစ်ယောက် ပြောဖူးတာလေး ပြန်ဖောက်သည်ချဦးမယ်။ ကျွန်တော့်ဆရာက ဇာတ်ထဲမှာ စန္ဒရားတီးတဲ့ တီးဝိုင်း ခေါင်းဆောင်ပါ။ ဇာတ်သဘင် လောကထဲကို ဟိုးစစ်ပြီးခေတ်ပြဇာတ်တွေ ကကြတဲ့အချိန်၊ သူ့အသက် ၁၄ နှစ်သားလောက် ကတည်းက ဝင်လာခဲ့တာဆိုတော့ အတွေ့အကြုံသိပ်များတာပေ့။ ပြဇာတ်လောကထဲ မရောက်ခင်ကတည်းက ဂီတနဲ့ ပတ်သက်လို့ မယ်ဒလင်နဲ့ စန္ဒရားကို ကျွမ်းကျင်နေပြီးသား။ သူ့အဖေက ဒဂုန်ဆရာတင်ဆီအပ်ပြီး ပညာသင်ခိုင်းလို့ ပြဇာတ် လောကထဲရောက်ခဲ့တာလို့ပြောတယ်။

အဲဒီအချိန်တုန်းက စစ်ကြီးပြီးခါစ ရုပ်ရှင်တွေ ပြန်မရိုက်နိုင်သေးတော့ ရုပ်ရှင်လောကသားတွေ ပြဇာတ်ကကြတဲ့အချိန်ပေ့။ သူက ကလေးပဲရှိသေးတော့ ပြဇာတ်ထဲမှာ သတင်းစာရောင်းတာ၊ ရေခဲရေ ရောင်းတာ၊ အဲလို အခန်းမျိုးလေးတွေ တက်တက်ကရတယ်။ ကျန်တဲ့အချိန်တော့ ခိုင်းတာလုပ်ရင်း ပညာသင်ပေ့။ တစ်ညတော့ သီတာခင်ထွေး(ရုပ်ရှင် သရုပ်ဆောင်)က သူ့ကို "သားရယ်၊ အန်တီ ပင်ပန်းလွန်းလို့ တစ်မှေးလောက် အိပ်ချင်လို့ပါ။ အန်တီ့ အခန်းရောက်ခါနီးရင် နှိုးလိုက်ပါနော်" လို့ အကူအညီ တောင်းတယ်။ ဒီတော့ သူကလည်း ဟုတ်ကဲ့ပေ့။ ဒါနဲ့ အန်တီကြီးအိပ်သွားရော။ အဲဒီမှာ ဂျော်လီဆွေက "ဟော့၊ ကောင်လေး သူ့အခန်းရောက်ပြီ၊ နှိုးလိုက်တော့"လို့ ထောင်ပေးတာ။ ဆရာကလည်း မသိဘူး "အန်တီ၊ အန်တီ ထတော့၊ ထတော့" ဆို နှိုးလိုက်တယ်တဲ့။ အဘွားကြီးက အိပ်မှုန်စုံမွှားနဲ့ ဈေးခြင်းတောင်းကြီးဆွဲလျက် သူ့အခန်းမှတ်ပြီး ကားလိပ်ကြားကနေ ထွက်သွားပါလေရော။ အဲဒီအချိန်မှာ ဝင်ထဲမှာ ဖိုးပါကြီးက သီချင်း

"လာခဲ့စမ်း သေနာ နှစ်ကောင်၊ နင်တို့ကို ငါသတ်မယ်" ဆိုပြီး သူနဲ့ ဂျော်လီဆွေကို ဓားနဲ့ လိုက်တာ။ ပြဇာတ်ထဲမှာ သုံးတဲ့ သစ်သားဓားမို့လို့သာ တော်တော့တယ်တဲ့။

### ကြိုးပမ်းကြရမှာသာ အဓိက

ကျွန်တော်တို့ဟာ ဝန်ထမ်းပဲဖြစ်ဖြစ်၊ ကိုယ်ပိုင်လုပ်ငန်းပဲဖြစ်ဖြစ် အလုပ်လုပ်ကြတဲ့အခါမှာ တစ်ဦးတည်း၊ တစ်ယောက်တည်း လုပ်ကိုင်ကြရတာမဟုတ်ပါဘူး။ အဖွဲ့အစည်းအဖြစ် စုပေါင်းပြီး လုပ်ကြကိုင်ကြရတာ ဖြစ်ပါတယ်။ အဖွဲ့အစည်း သေးတာ၊ ကြီးတာ ပဓာနမကျပါဘူး။ အဖွဲ့အစည်းထဲမှာ ရှိနေကြတဲ့ အဖွဲ့ဝင်တွေ၊ ပါဝင်ပတ်သက်သူတွေအားလုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကိုယ့်အဖွဲ့အစည်းရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင် ကြိုးပမ်းကြရမှာသာ အဓိကဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာဆိုရင် ဒီသဘောတရားဟာ ပိုပြီးတော့ အရေးပါလာတဲ့သဘော ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ လူအချင်းချင်း ယှက်နွယ်ပတ်သက်မှုဟာလည်း ပိုပြီး ကျယ်ပြန့်ကြီးမားလာလို့ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူက အဖွဲ့ဝင်၊ ဘယ်သူက ပရိသတ်လို့ ခွဲခြားဖို့ခက်သွားပြီ။ ကိုယ့်အဖွဲ့အစည်းထဲမှာ ဒိုးတူပေါင်ဖက် လှုပ်ရှားကပြ သရုပ်ဆောင်နေကြသူတွေ အပြင်ပရိသတ်ကိုလည်း အကျိုးစီးပွားဆက်စပ်သူ (Stakeholders) စာရင်းထဲမှာ ထည့်လာကြရပြီ ဖြစ်တယ်။

### အောင်မြင်အောင် နည်းလမ်း ရှာဖွေ

ဒီတော့ ပရိသတ်ရဲ့ အသံကို အရင်ကထက်ပိုပြီး အလေးထားနားစွင့်ကြရမှာ ဖြစ်ပါတယ်။ ရောင်းဝယ်ရေးသဘောတရားအရ ဝယ်ယူစားသုံးသူတွေရဲ့ တုံ့ပြန်မှုကို ရအောင်ယူပြီး ကိုယ့်ရဲ့ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ပိုမိုကောင်းမွန်အောင်၊ ဝယ်ယူနှစ်သက်နေအောင် အမြဲတမ်းလုပ်ရသလိုပါပဲ။ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုတွေကို လုပ်ကြရမှာ အများပြည်သူရဲ့ဆန္ဒ၊ အများပြည်သူရဲ့ အသံကို သိအောင် ကြိုးပမ်းအားထုတ်ကြဖို့လိုပါတယ်။ အဲဒီလို သိရတဲ့အခါမှာ အများပြည်သူတွေ ကျေနပ်နှစ်သက်ပြီး မိမိတို့ အဖွဲ့အစည်းရဲ့ ရည်မှန်းချက်လည်း အောင်မြင်အောင် နည်းလမ်းရှာဖွေဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။


ဒီနေရာမှာ တစ်ခုတွေ့ရတဲ့ ပြဿနာက ဘာလဲဆိုတော့ ပရိသတ်ရဲ့ အသံတွေထဲမှာ ဝါရင့်၊ သမ္ဘာရင့် သဘင်ဆရာကြီးတွေရဲ့ အသံလည်း ရောပါနေတာဖြစ်ပါတယ်။ ဒီဆရာကြီးတွေထဲမှာ ဇာတ်ထဲမှာတုန်းကတော့ သူ့ခေတ်သူ့အခါအလျောက် နာမည်ရခဲ့တဲ့သူတွေ ပါသလို နာမည်တာပေ့။

### ပြောင်းလဲသွားတာသဘာဝ

ဒါပေမယ့် ကျွန်တော်တို့ သတိမပြုမိတာက "ခေတ်" ဆိုတဲ့အချက်ပါ။ ခေတ်ပြောင်းလာတာနဲ့အမျှ အတွေးအခေါ်၊ အယူအဆတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ တန်ဖိုးတွေ ပြောင်းလဲသွားတာသဘာဝပါ။ ဇာတ်စကားနဲ့ပြောရင် အဓိကတော့ ဇာတ်ညွှန်းပြောင်းသွားတာပေ့။ ဇာတ်ညွှန်းပြောင်းရင် ဇာတ်ဝင်ခန်းတွေ၊ တီးလုံးတွေ၊ ကကြိုးတွေ၊ ဝင်တွေ ပြောင်းရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဇာတ်ညွှန်းဆိုတာကလည်း ပြောင်းလို့ရတာရှိသလို၊ ပြောင်းလို့မရတာ ရှိတာကိုး။ အဖွဲ့ရဲ့ ရည်မှန်းချက်တွေ၊ ဆောင်ရွက်မှုတွေ၊ တန်ဖိုးထားမှုတွေနဲ့ ဆိုင်တယ်လေ။ ခေတ်စကားနဲ့ပြောရင် Vision တို့၊ Mission တို့၊ Goal တို့ပေ့။ ဥပမာ- ရာမဇာတ်ကတဲ့ အဖွဲ့ဆိုပါတော့။ ဇာတ်ညွှန်းပြောင်းလို့ မရဘူး။ တီးလုံး၊ ကကြိုးမပြောင်းရဘူး။ တခြားဇာတ်အဖွဲ့တွေကျတော့ အခြေအနေ၊ အချိန်အခါအလိုက်၊ ပရိသတ်အလိုက် လိုအပ်သလိုပြောင်းလဲ ကပြအသုံးတော်ခံကြရတာ ရှိတယ်။ လုပ်လို့ရတယ်။ ဒီလိုလုပ်ရတဲ့ အကြောင်းရင်းကိုလည်း ဇာတ်အဖွဲ့ထဲမှာ လက်ရှိကနေတဲ့သူတွေကမှ သိတာကိုး။ အရင်က ဇာတ်သမားကြီးတွေ ဘယ်လောက် သမ္ဘာရင့်ရင့်၊ သေတ္တာမှောက်ဖြစ်ပါစေ မသိနိုင်ဘူး။ ဒီတော့ လက်ရှိအနေအထားအရ ဆိုကြ တီးကြ ကကြတဲ့အပေါ်မှာ သူတို့ဝေဖန်တာ၊ အကြံပြုတာတွေဟာ မှန်တာတွေရှိသလို မှားတာလည်း ရှိမှာပဲ မဟုတ်ပါလား။

### လေးလေးစားစား ခံယူရ

ပရိသတ်ဝေဖန်တာ၊ အကြံပြုတာတွေကို လိုက်လုပ်ရမယ်လို့ ဘယ်သူမှ အမိန့်ပေးမထားသလို ဘယ်သူမှလည်း လိုက်မလုပ်ပါဘူး။ လက်ရှိ ဇာတ်ကိုစီးနေတဲ့ ဦးဆောင်ကပြနေတဲ့ သူတွေကသာ ပဓာနပါ။ သူတို့အဖို့တော့ အတူတူတွဲကနေကြတဲ့ ဆိုင်းအဖွဲ့၊ မီးအဖွဲ့အပါအဝင် လက်ရှိတွဲနေတဲ့ ဇာတ်သူ ဇာတ်သားကလွဲရင် ကျန်တာ ပရိသတ်ပါ။ ဒီတော့ ပွဲကြည့်ပရိသတ်က ဝေဖန်တာ၊ အကြံပြုတာတွေအားလုံးကို လေးလေးစားစား ခံယူရမယ်။ ပြီးရင် ဒါတွေကို စနစ်တကျ လေ့လာသုံးသပ်ပြီး မိမိအဖွဲ့ရဲ့ လုပ်ဆောင်ချက်တွေကို ပြန်သုံးသပ်ရပါမယ်။ နောက်ပိုင်းလုပ်ငန်းစဉ်တွေကို လိုအပ်သလို ပြင်ဆင်ရပါမယ်။ ဒီတော့ နောက်ညတွေကျမှ ဇာတ်ညွှန်းကို ပြန်ပြင်နိုင်မယ်။ ဒီညတော့ရှိပြီးသား ဇာတ်ညွှန်းအတိုင်း မိုးလင်းအောင်ကရဦးမှာပါ။ ဇာတ်လမ်းပြီးတဲ့ထိတော့ စောင့်ကြည့်ကြပါဦးဗျာတို့။ ။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကူမင်းမြို့ Chang Shui အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းရင်းသားကျေးရွာအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံကူမင်းမြို့သို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် တရုတ်ပြည်သူ့လွတ် မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် Gen. Fang Fenghui ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Chang Shui အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား တရုတ်ပြည်သူ့တပ်မတော် နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးရုံး၏ စစ်ကော်မရှင်နာမင်းကြီး Maj. Gen. Wu Xiao Yu၊ ယူနန်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Maj. Gen. Qu Xin Yong နှင့် တပ်မတော်အရာရှိကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကူမင်းမြို့ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်တင့်ဆန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Tibetan Village သို့ ရောက်ရှိပြီး ရွာအတွင်းနှင့် ဘုရားကျောင်းတို့အား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ Naxi Village၊ Bai Village၊ Yi Village နှင့် Dai Village တို့အား လေ့လာကြရာ တာဝန်ရှိသူများက တိုင်းရင်းသားများ၏ ရိုးရာအဆောက်အအုံများ၊ အနုပညာလက်ရာများကို လိုက်လံရှင်းလင်းပြသပြီး ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Xi Shan ဒေသ Guo Lin ရွာရှိ စိုက်ပျိုးရေးခြံအား သွားရောက်လေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ဒေသစံတော်ချိန် ည ၆ နာရီခွဲ တွင် ကူမင်းမြို့ Zhongwei Hotel Ballroom ၌ ယူနန်ပြည်နယ် စစ်ဒေသ နိုင်ငံရေးမှူး Maj. Gen. Yu Kum က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်ရှိ ကျေးရွာများသို့ ဆန်နှင့် အလှူငွေများ ထောက်ပံ့လှူဒါန်း

**တောင်ပြိုလက်ဝဲ အောက်တိုဘာ ၂၈**
မောင်တောမြို့နယ်အတွင်းရှိဒေသခံ တိုင်းရင်းသား ကျေးရွာများမှ အိမ်ထောင်စုဝင်များအတွက် မင်းပြားမြို့နယ် စည်းကမ်းထိန်းသိမ်းရေး ဆရာတော်များ ကိုယ်စားပြုအဖွဲ့သည် အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ကျေးရွာများသို့သွားရောက်ပြီး ဆန်နှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

မင်းပြားမြို့နယ်စည်းကမ်းထိန်းသိမ်းရေးဆရာတော်များ ကိုယ်စားပြုအဖွဲ့သည် မောင်တောမြို့နယ် အတွင်းရှိကျေးရွာများမှ အိမ်ထောင်စုများအလိုက် တရိန်းကျေးရွာသို့ ဆန်အိတ် ၂၀ နှင့် အလှူငွေကျပ် ရှစ်သိန်း၊ သာယာကုန်းကျေးရွာသို့ ဆန်အိတ် ၂၀ နှင့် အလှူငွေကျပ် သုံးသိန်း၊ သဘော်လှကျေးရွာသို့ ဆန်အိတ် ၂၀ နှင့် အလှူငွေကျပ် ရှစ်သိန်း၊ မီးတိုက်ကျေးရွာသို့ ဆန်အိတ် ၃၀နှင့် အလှူငွေကျပ် ၁၂ သိန်း စုစုပေါင်း ဆန်အိတ် ၉၀ နှင့် အလှူငွေကျပ် ၃၁ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အကြမ်းဖက်စီးနင်းတိုက်ခိုက်သူသုံးဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စာကိုင်းကျေးရွာအတွင်း သတင်းအရ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် ပိတ်ဆို့ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်သူများဖြစ်သည့် စာကိုင်းကျေးရွာနေ ဟာမီတူဆောင်း(ဘ) အနူဟလာမ်နှင့် နိုတူလာမိန်(ဘ) ဆူတာနာမတ်တို့ နှစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်ကလည်း သတင်းအရ ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာအတွင်း ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှင်းလင်းရှာဖွေခဲ့ရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်သူ အာယုဒ်(ဘ) ကာလီဟူဆောင်းကို ၎င်း၏ နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး ကျောင်းတောင်ရဲကင်းစခန်းနှင့် အင်းဒင်ရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေများအတွင်းသို့ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ထပ်မံဝင်ရောက်မှုမရှိစေရေးအတွက် နတ်မြစ်အတွင်း တပ်မတော်(ရေ)မှ တပ်မတော်သားများက တိုက်ကင်းလှည့်လည်ဆောင်ရွက်စဉ် အောက်တိုဘာ ၂၇ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် တံချောင်းနှင့် ထန်းချောင်းကြား ရေလယ်ကျွန်းအနီး၌ တစ်ဖက်နိုင်ငံသို့ ရေကူးသွားနေသည့် မသင်္ကာဖွယ် ဘင်္ဂါလီလူမျိုး အမျိုးသားသုံးဦးကို တွေ့ရှိသဖြင့်ခေါ်ယူရာ ထွက်ပြေးရန် ကြိုးစားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မောင်တောမြို့နယ် လိပ်ရကျေးရွာ(အလယ်)နေ အာဘူးရှားမား(ဘ) အဒူလာလီ၊ အာလီဇော်ဟက်(ဘ) အီစမိုင်းနှင့် ရှာခွန်သာလီ(ဘ) အာဆီဇော်ဟပ်တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ မသင်္ကာဖွယ် ဘင်္ဂါလီလူမျိုး သုံးဦးအား လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေးအတွက် မောင်တောမြို့မရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်သူ သုံးဦးအား ဖမ်းဆီးရမိစဉ်။ (မသစ/ရသစ)

## လေးထပ်တိုက်ခေါင်မိုးပေါ်မှ နိုင်ငံခြားသားတစ်ဦး ပြုတ်ကျသေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၈**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ နဝရတ်ရိပ်သာ တိုက်အမှတ် (၉၇) လေးထပ် တိုက်ခေါင်မိုးပေါ်မှ အောက်တိုဘာ ၂၇ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ပြုတ်ကျသည့် အသံတစ်ခုကြား၍ မြေညီထပ် အခန်း(၂)တွင် နေထိုင်သူများက သွားရောက်ကြည့်ရှုရာ တိုက်ရှေ့မျက်နှာစာတွင် လဲကျနေသောလူတစ်ဦးကို တွေ့ရှိရသဖြင့် တာဝန်ရှိသူများထံ သတင်းပို့ခဲ့သည်။

ဆက်လက်ပြီး တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ ကွန်ကရစ်ကြမ်းခင်းပေါ်တွင် ပက်လက်အနေအထားဖြင့် နောက်စေ့ပေါက်ပြဲ၊ နဖူးပေါက်ပြဲသည့် ဒဏ်ရာများဖြင့် သတိလစ်နေသော နိုင်ငံခြားသားတစ်ဦးကို တွေ့ရှိခဲ့ရသဖြင့် အရေးပေါ်ကုသမှုများဆောင်ရွက်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ဆက်လက်ပို့ဆောင်ခဲ့သည်။

၎င်းနောက် လေးထပ်တိုက်ခေါင်မိုးပေါ်သို့ သွားရောက်စစ်ဆေးရာ ကြောင်အိပ်သည့် စက္ကူဂျပ်ဖာပုံးတစ်ခုကိုတွေ့ရှိရပြီး ၎င်းဂျပ်ဖာအတွင်းမှ ဩစတြေးလျနိုင်ငံသား PHODES LACHLAN WILLIAM အမည်ပါ Passpost No. PA ၁၁၄၈၇၉၄ တစ်ခု၊ မြဝတီ-ရန်ကုန် ကားလက်မှတ်တစ်စောင်၊ ရုပ်ရှင်ရုံ ရုံဝင်လက်မှတ်တစ်စောင်၊ ရှူးဖိနပ်တစ်ရန်၊ ipad အဖြူရောင် တစ်လုံး၊ အားသွင်းကြိုး တစ်ချောင်း၊ အမည်းရောင် လွယ်ကြိုးပါ ပိုက်ဆံအိတ်သေးတစ်လုံး၊ ပိုက်ဆံအိတ်ထဲမှ ထိုင်းနိုင်ငံသုံးဘတ်ငွေ တစ်ထောင်တန် လေးရွက်၊ တစ်ရာတန် ရှစ်ရွက်၊ နှစ်ဆယ်တန် လေးရွက်၊ အခြားနိုင်ငံသုံး ငွေတစ်ထောင်တန် တစ်ရွက်၊ ၅၀၀ တန် တစ်ရွက်၊ မြန်မာ ငွေကျပ် တစ်သိန်းသုံးသောင်းကျော်၊ Credit Card တစ်ခု၊ Learner Permit Card တစ်ခု၊ Travel Vaccination စာအုပ် တစ် အုပ်၊ အနက်ရောင် ဘောင်းဘီရှည် တစ်ထည်နှင့် ဘောင်းဘီတိုတစ်ထည်တို့အား စစ်ဆေးတွေ့ရှိခဲ့ပြီး ဒဂုံမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ စနစ်တကျ အပ်နှံခဲ့ကြောင်း သိရှိရသည်။

အဆိုပါတိုက်ပေါ်မှပြုတ်ကျသူ ဩစတြေးလျနိုင်ငံသားသည် ရရှိသည့် ဒဏ်ရာများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက် ၂ နာရီ ၁၀ မိနစ်တွင် သေဆုံးသွားကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

■ **ရှေ့ဖုံးမှ**

ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ UPDJC ၏ အဓိကပန်းတိုင်မှာ ငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ စစ်မီးများငြိမ်းမှ မိမိတို့အေးချမ်းမည်ဖြစ်ပါကြောင်း၊ အေးချမ်းမှုရှိမှ ချမ်းသာအောင် လုပ်နိုင်မည်ဆိုသည့် စကားလည်းရှိပါကြောင်း၊ ထို့ကြောင့် UPDJC ၏ အဓိကတာဝန်မှာ ပဋိပက္ခများငြိမ်းချမ်းပြီး ချမ်းသာသည့် ပြည်ထောင်စုကြီး တည်ထောင်နိုင်ရန်ပင်ဖြစ်ပါကြောင်း၊ ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် လက်နက်ကိုင်တပ်ဖွဲ့များ အားလုံးနှင့် သက်ဆိုင်ပါကြောင်း။

ငြိမ်းချမ်းရေးတည်ဆောက်မည်ဆိုပါက တစ်ယောက်နှင့် တစ်ယောက်သဘောထားခြင်း ဖလှယ်ရမည်၊ အပြန်အလှန်စကားပြောရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆွေးနွေးတိုင်ပင်ပြီးမှ အဖြေတစ်ခုရမည်ဖြစ်ပါကြောင်း၊ ထိုအချိန်မှ သဘောတူညီချက်များကို အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ တစ်ဆင့်ပြီး တစ်ဆင့် လုပ်ဆောင်သွားရန်သည် အင်မတန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း များစွာရှိသည့်အတွက် အမျိုးသားအဆင့် ဆွေးနွေးပွဲများတွင် အားလုံးပါဝင်နိုင်ရန် ဦးတည်ပါကြောင်း၊ အားလုံးပါဝင်နိုင်ခြင်းဆိုသည်မှာ အားလုံးကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်များပါဝင်နိုင်ရေးကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ဆွေးနွေးပွဲများနှင့် ပတ်သက်၍ စမ်းသပ်ကာလရောက်ပြီဟု ထင်မြင်ယူဆမိပါကြောင်း၊ တစ်ချိန်တည်းတွင် တစ်တိုင်းပြည်လုံး၌ အားလုံးကို လုပ်ရန်သည် မဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် ပထမဦးစွာ ဒေသကိုအခြေခံခြင်း၊ အမျိုးသားရေးကို အခြေခံခြင်း၊ လူမျိုးရေးရာကိုအခြေခံခြင်း စသည့် အမျိုးသားအဆင့်ဆွေးနွေးပွဲ ၃ မျိုးကို နိုဝင်ဘာလတွင် ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်း၊ အဆိုပါဆွေးနွေးပွဲများမှ ရလဒ်များကိုကြည့်၍ ပိုမိုပီပြင်အောင် မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် မိမိတို့အဖွဲ့များအကြား ရင်းနှီးမှုရှိစေရန်၊ နီးစပ်မှုရှိစေရန် တစ်ဦးနှင့် တစ်ဦး နားလည်မှုယူနိုင်စေရန် အားလုံးက ဝိုင်း၍ ကူညီပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အားလုံးတစုတစည်းတည်း ပါဝင်လာအောင်ဆောင်ရွက်ရန် မိမိတို့ တစ်ဦးချင်း တစ်ဦးချင်းတွင် တာဝန်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးကို အမှန်တကယ် လိုချင်ပါက ယခုအစည်းအဝေးတွင် ထိုင်နေကြသည့် ပုဂ္ဂိုလ်များသာမက ယခုအစည်းအဝေးသို့ မတက်ရောက်သော်လည်း ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းနေသည့်အစုအဖွဲ့များ၊ ပုဂ္ဂိုလ်များနှင့် ဆက်နွှယ်သည့်သူများအားလုံးသည် တစ်ဦးချင်း တစ်ဦးချင်းစီ၌ တာဝန်ရှိသည်ဟု ခံယူစေလိုပါကြောင်း။

ထို့ကြောင့် အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်မထိုးရသေးသည့် အစုအဖွဲ့များ တာဝန်ယူလာနိုင်စေရန် မည်သို့ဆောင်ရွက်ရမည်ဆိုသည့် နည်းလမ်းများကိုလည်း မိမိတို့ ရှာဖွေရမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးရရန် ပဋိပက္ခများချုပ်ငြိမ်းရေးနည်းလမ်းတစ်မျိုးတည်းသာ ရှိပါကြောင်း၊ ထို့ကြောင့် ပဋိပက္ခရပ်စဲရေးကို အားလုံးက ဦးတည်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့တွင် အချိန်ဆွဲနိုင်သည့် အခြေအနေမရှိပါကြောင်း၊ မိမိတို့နိုင်ငံသည်အချိန်ဆွဲ၍ မရပါကြောင်း၊ ငြိမ်းချမ်းရေးညီလာခံ ပြင်ပတွင်နေ၍ အချိန်မဆွဲကြရန်နှင့် အားလုံးပါဝင်ကြရန် လိုအပ်ပါကြောင်း၊ အချိန်ဆိုသည်မှာ အကန့်အသတ်ရှိပါကြောင်း၊ အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဟူသည့် စကားပုံကို အားလုံးကြားဖူးကြလိမ့်မည်ဖြစ်ပါကြောင်း၊ မိမိတို့သည် အချိန်ကို မှန်မှန်ကန်ကန်သုံးစွဲရန် လိုအပ်ပါကြောင်း။

ဒုတိယပင်လုံအစည်းအဝေးကို ဖေဖော်ဝါရီလတွင် ကျင်းပရန် မျှော်မှန်းထားပါကြောင်း၊ အားလုံးသည် အပစ်အခတ်ရပ်စဲရေးတွင် လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးညီလာခံ၌ အပြည့်အဝပါဝင်လာနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အဆိုပါ မျှော်လင့်ချက်ကိုလည်း အကောင်အထည်ဖော်နိုင်ရန် မိမိတို့ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် မိမိအနေဖြင့် မေတ္တာရပ်ခံပါကြောင်း။

မိမိတို့နိုင်ငံ၏ တိုးတက်မှုသည် ကမ္ဘာ၏ တိုးတက်မှု၊ အောင်မြင်မှုဟု ရှုမြင်နေကြသည့် မိတ်ဆွေများ၊ ပညာရှင်များသည် NRPC ၏ ငြိမ်းချမ်းရေးလုပ်ငန်းများကို ပံ့ပိုးရန် အဆင်သင့်ရှိပါကြောင်း၊ မိမိတို့အားလုံး ဝိုင်းဝန်းလက်တွဲ၍ ဖန်တီးကြရန် အဆင်သင့်ဖြစ်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆင်သင့်ဖြစ်နေသည့်အခြေအနေမှ တစ်ဆင့်တိုးပြီးအားလုံးက တက်တက်ကြွကြွပါဝင်နိုင်သည့် အဆင့်သို့သွားရန်အတွက် မိမိတို့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အားလုံးကလည်း ဝိုင်းဝန်းကူညီကြပါရန် မိမိအနေဖြင့် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင် ပဋိပက္ခများသည် နိုင်ငံတော်အတွက် အကျိုးမရှိသည့်အပြင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများအတွက် ဆုံးရှုံးမှုများစွာကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ထိုလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးကိုအမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူအားလုံးက တတ်နိုင်သည့်ဘက်မှ မိမိတို့တတ်နိုင်သည့်တာဝန်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးကိုအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခေါင်းဆောင်များသည် အချိန်မဆွဲဘဲ အမြော်အမြင်ရှိရှိ၊ ဖွဲ့သတ္တိရှိရှိ ဆောင်ရွက်ရန် လိုအပ်သည့်အပြင် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရန်လည်း အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက အစိုးရအဆက်ဆက်ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ခဲ့မှုများမှ သင်ခန်းစာယူရမည့် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး ပထမနေ့တွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်မှုဆောင်ရွက်ချက်များအား UPDJC အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းတင်ပြခြင်း၊ နိုင်ငံရေးဆွေးနွေးမှု အဆင့်ဆင့်ပုံစံကို ဆွေးနွေးအတည်ပြုခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးအတည်ပြုခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေ) လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးအတည်ပြုခြင်း၊ UPDJC ရုံးအဖွဲ့ ဖွဲ့စည်းပုံဆိုင်ရာ မူဝါဒအား အတည်ပြုခြင်း၊ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်ခေါင်းစဉ်များနှင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ
ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း



နိုင်ငံရေးပါတီများအစုအဖွဲ့မှ
ဒုတိယဥက္ကဋ္ဌ ဦးသုဝေ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

■

# ရန်ကုန်မြို့ပြအမွေအနှစ် ကမ္ပည်းပြား ယုဝတီခရစ်ယာန်အသင်း၌ ၁၅ ခုမြောက် တပ်ဆင်

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် Royal Philips Corporation တို့ပူးပေါင်း၍ ၁၅ ခုမြောက် ရန်ကုန်မြို့ပြ အမွေအနှစ်ကမ္ပည်းပြားတပ်ဆင်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဗိုလ်ကလေးဈေးလမ်းရှိ ယုဝတီခရစ်ယာန်အသင်း အဆောက်အအုံ (YWCA)၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ YHT ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်မေမေသွယ်၊(YWCA) ဥက္ကဋ္ဌ ဒေါ်မေတင်ဦးနှင့် (YWCA)အထွေထွေအတွင်းရေးမှူး ဒေါက်တာဇင်မာဦးတို့က အထိမ်းအမှတ်အပြာရောင်ကမ္ပည်းပြားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

YHT ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက “YWCA ဟာသူတို့ရဲ့လှုပ်ရှားမှုတွေ၊ Ms Ba Maung Chain တို့လို ထင်ရှားတဲ့ပုဂ္ဂိုလ်တွေကြောင့်ပဲ ၂၀ ရာစုအတွင်း ရန်ကုန်မြို့နဲ့ နိုင်ငံ့ဂုဏ်ကို ပုံဖော်ခဲ့ကြတဲ့လှုပ်ရှားတက်ကြွတဲ့ မြန်မာအဖွဲ့အစည်းတွေထဲက တစ်ခုဖြစ်လာခဲ့ပါတယ်။ ဒါတွေဟာ ပတ်ဝန်းကျင်အပေါ် ယခုတိုင် လွှမ်းမိုးမှုရှိနေတဲ့ ထူးခြားတဲ့အတိတ်ရဲ့ ရုပ်ပိုင်းဆိုင်ရာဆက်သွယ်မှုတစ်ခုလည်းဖြစ်ပါတယ်”ဟုပြောသည်။

ရန်ကုန် YWCA အသင်းဥက္ကဋ္ဌ ဒေါ်မေတင်ဦးကလည်း “YWCAအသင်းကြီးဟာ မေတ္တာဖြင့် အချင်းချင်းဝန်ကိုထမ်းဆောင်ကြလော့ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အမျိုးသမီးတွေရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ပေါင်း ၁၀၀ ကျော်တိုင် ဆောင်ရွက်လာခဲ့ပါတယ်။ ဒီအသင်းကြီးရဲ့ အဆောက်အအုံကို အခုလိုမျိုးအပြာရောင်ကမ္ပည်းပြားတပ်ဆင်ပေးတဲ့အတွက် အလွန်ကိုဂုဏ်ယူဝမ်းမြောက်မိပါတယ်”ဟု ပြောသည်။

ရန်ကုန် YWCA အသင်းအဆောက်အအုံကို ကမ္ဘာ့ YWCA အသင်းနှင့် ချိတ်ဆက်ထားသည့် အိန္ဒိယနေရှင်နယ်ကော်မတီ၏ အသင်းခွဲတစ်ခုအဖြစ် ၁၉၀၀ ပြည့်နှစ် ဇွန်လတွင် တရားဝင်အသိအမှတ်ပြုခဲ့သည့်နောက် ၁၉၀၂ ခုနှစ်တွင်ဆောက်လုပ်ခဲ့သည်။ ထို့နောက် နိုင်ငံအနှံ့အပြားတွင် အသင်းဝင်များတိုးပွားလာခဲ့ပြီး ရန်ကုန် YWCA အသင်းတွင် အမျိုးသမီးများစွမ်းဆောင်ရည်ဖွံ့ဖြိုးစေရေးအတွက် ကျမ်းစာသင်တန်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း အစီအစဉ်များ၊ ဂီတနှင့် အိမ်တွင်းမှုပညာများသာမက စီးပွားရေးသင်တန်းနှင့် အလုပ်အကိုင်ရှာဖွေခြင်းတို့ကို စီစဉ်ပေးခဲ့ကြောင်း သိရသည်။

၁၉၄၂ ခုနှစ် မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မီးကူးစက်လာသောအခါ လုပ်ငန်းစဉ်များ ရပ်ဆိုင်းသွားခဲ့ပြီး ဂျပန်ခေတ်တွင် ဂျပန်စစ်တပ်က ညကပွဲခန်းမအဖြစ် အသုံးပြုခဲ့ကြောင်း၊ ၁၉၅၀ ခုနှစ်အသင်း၏ ရွှေရတုနှစ်ပတ်လည်တွင် YWCA အဖြစ် ပြန်လည်အသက်ဝင်လာခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အပြာရောင် ကမ္ပည်းပြားတပ်ဆင်ခြင်းသည် YHT အဖွဲ့က လုပ်ဆောင်နေသော စီမံချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရန်ကုန်မြို့ပြသမိုင်းကြောင်းတွင် အရေးပါခဲ့သော အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များအား အထိမ်းအမှတ်ပြုရန် ရည်ရွယ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် Royal Philips Corporation က အမေရိကန်ဒေါ်လာ ၇၅၀၀၀ ကို ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်းလည်း သိရသည်။

**(မြတ်စန္ဒီ)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အနုပညာဆိုင်ရာမူပိုင်ခွင့် ချိုးဖောက်ခံရမှု ကာကွယ်တားဆီးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၈**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံ အနုပညာဆိုင်ရာ မူပိုင်ခွင့် ချိုးဖောက်ခံရမှု ကာကွယ်တားဆီးရေး ပူးပေါင်းကော်မတီ Myanmar Anti-Piracy & Content Protection Joint Committee (MACPJC)အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အနုပညာဆိုင်ရာ မူပိုင်ခွင့် ချိုးဖောက်ခံရမှု ကာကွယ်တားဆီးရေးအတွက် ကော်မတီ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ ကော်မတီ၏ ဖွဲ့စည်းပုံ၊ မူပိုင်ခွင့်ချိုးဖောက်မှုများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ MACPJC မှ ကော်မတီ ဦးဆောင်အဖွဲ့ဝင် ဦးလူမင်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး)၊ ဦးသိန်းရွှေ(ဥက္ကဋ္ဌ၊ ဗဟိုအခြေခံအဖွဲ့-ဗဟို)၊ ဦးမျိုးဆွေ(ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး-ဗဟို)၊ မြန်မာပြည်ကျောက်စိမ်း(တွဲဖက်အတွင်းရေးမှူး-၁၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး)၊ ဦးမင်းချစ်သူ(အမှုဆောင်-မြန်မာနိုင်ငံ တေးသီချင်းမူပိုင်ရှင်များအသင်း)နှင့်ဒေါ်ကြည်ဖြူသျှင်(အဖွဲ့ဝင်၊ ဒါရိုက်တာ အခြေခံလွှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)တို့ တက်ရောက်ခဲ့ကြသည်။**(သတင်းစဉ်)**

**✪ အောင်စိုးမိုးကျော်-၂ မှ**
ထို့ပြင်အမြန်ရေယာဉ်၏လုပ်ငန်းလိုင်စင်သက်တမ်းမှာလည်း ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်တွင် ကုန်ဆုံးခဲ့ပြီးဖြစ်ကြောင်း အမြန်ရေယာဉ်နစ်မြုပ်မှုကြောင့်လက်ရှိအချိန်အထိခရီးသည် ၁၅၉ ဦးအား ဆယ်ယူကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ရုပ်အလောင်း ၇၃ လောင်းကိုတွေ့ရှိထားကာ ပျောက်ဆုံးနေသူ ခုနစ်ဦးရှိနေသေးကြောင်း ထုတ်ပြန်ချက်တွင် တွေ့ရသည်။

ရေယာဉ်တိမ်းမှောက်နစ်မြုပ်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ကနီမြို့ မြို့မရဲစခန်းက(ပ) ၁၅၄/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၂၈၀/၃၀၄က အရအမှုဖွင့်ပြီး တရားလိုအဖြစ် ရဲအုပ်မျိုးကျော်က တိုင်တန်းအမှုဖွင့် ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



**အောင်စိုးမိုးကျော်-၂ ရေယာဉ်မောင်းသူ ကိုဇော်မျိုးဝင်း လာရောက်အဖမ်းခံစဉ်။**

# ဇီကာပိုင်းရပ်စ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**
ရန်ကုန်မြို့၌ အသက် (၃၂) နှစ်အရွယ်ရှိ ဇီကာပိုင်းရပ်စ်ကူးစက်ခံရဖွယ်ရှိသည်ဟု သံသယရှိသူ နိုင်ငံခြားသူကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦးကိုတွေ့ရှိခဲ့သဖြင့် ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ဇီကာရောဂါဖြစ်ပွားလျက်ရှိကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယမန်နေ့က အတည်ပြုခဲ့သည်။



အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ယနေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဇီကာရောဂါနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်တို့က ဇီကာရောဂါနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ အများပြည်သူသိရှိလိုသည့် သတင်းအချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်ရန် ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အပြည်ပြည်ဆိုင်ရာကျန်းမာရေး ပြဋ္ဌာန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်များနှင့် နယ်စပ်ဝင်/ထွက်ဂိတ်များ၌ သက်ဆိုင်ရာနှီးနွှယ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုများစွာရရှိခဲ့ပါကြောင်း ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်က ဇီကာရောဂါသည် ဇီကာပိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသော ရောဂါတစ်မျိုးဖြစ်ပြီး အဆိုပါ ဗိုင်းရပ်စ်ပိုးအား သယ်ဆောင်သော အေးဒီးစ်အမျိုးအစား ခြင်ကျားကိုက်ခံရခြင်းကြောင့် ရောဂါကူးစက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ အေးဒီးစ်ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်ပြီး ၎င်းသည် ရေကြည်ရေသန့်တွင် ပေါက်ပွားကာ သွေးလွန်တုပ်ကွေးနှင့် ဆင်တုပ်ကွေး ရောဂါပိုးများကို သယ်ဆောင်ပေးသော ခြင်အမျိုးအစားလည်း ဖြစ်ကြောင်း။

ဇီကာရောဂါအတွက် ကာကွယ်ဆေးမရှိသေးဘဲ ရောဂါလက္ခဏာများ သက်သာစေရန်အတွက်သာ ကုသပေးနိုင်သေးကြောင်း၊ ရောဂါဖြစ်ပွားလာပါက လူနာအနေဖြင့် ကောင်းစွာအနားယူရန်နှင့် လတ်ဆတ်သောသစ်သီးဖျော်ရည်များနှင့် ရေများသောက်သုံးရန်လိုအပ်ကြောင်း၊ ဇီကာရောဂါသည် ပြင်းထန်သော ရောဂါလက္ခဏာများ ဖြစ်ပွားလေ့မရှိသော်လည်း သွေးလွန်တုပ်ကွေး ရောဂါလက္ခဏာများနှင့် ဆင်တူသောကြောင့် အထက်ဖော်ပြပါ ရောဂါလက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သွားရောက်ပြသ၍ ကုသမှုခံယူရန် လိုအပ်ပါကြောင်း။

ခြင်ကျားကိုက်ခံရပြီး ရက်အနည်းငယ်အကြာတွင် ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပြီး အများဆုံးတွေ့ရှိရသည့် ရောဂါလက္ခဏာများမှာ ရုတ်တရက်ဖျားခြင်း၊ အရေပြားတွင် အနီရောင်အကွက်၊ အစက်များထွက်ခြင်း၊ မျက်သားနီ၍ ရောင်ရမ်းခြင်း၊ ကြွက်သားနှင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊ မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း စသည်တို့ဖြစ်ကာ ရောဂါလက္ခဏာများအား ၂ ရက်မှ ၇ ရက်အထိ ခံစားရနိုင်ကြောင်း၊ ဇီကာရောဂါနှင့် ရောဂါနောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဦးခေါင်းသေးငယ်သော ကလေးငယ်များ မွေးဖွားလာခြင်းတို့ ဆက်စပ်မှု ရှိ၊ မရှိကို သက်သေပြနိုင်ရန် ပညာရှင်များအနေဖြင့် ကြိုးစားလျက်ရှိကြောင်း ပြောကြားသည်။

ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုအခြေအနေဖြင့် လက်ရှိလူနာ၏ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများသည် ဝန်ကြီးဌာန၏ ကြပ်မတ်ကွပ်ကဲမှုအောက်တွင် ရှိ၊မရှိနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ကမ္ဘာ့နိုင်ငံအသီးသီးက အရေးပေါ် ကျန်းမာရေးပြဿနာအနေဖြင့် ဇီကာရောဂါကို သတ်မှတ်ထားပါကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ရောဂါဖြစ်ပွားသည်ဆိုပါက ၂၄ နာရီအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရပါကြောင်း၊ ယင်းကိစ္စကိုလည်း မိမိတို့ သတင်းပို့ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ သတင်းမီဒီယာများအနေဖြင့် ယခုကိစ္စတစ်ခုတည်းကိုသာ သတင်းထုတ်ပြန်ခြင်းမျိုး ဆောင်ရွက်ပေးရန်မဟုတ်ဘဲ နောက်ဆက်တွဲအနေဖြင့် ပြည်သူလူထုသိရှိစေရန်အတွက် ပညာပေးနှိုးဆော်ချက်များကို ဆောင်ရွက်ပေးစေလိုပါကြောင်း။

**ရောဂါဖြစ်ပွား၍ သေဆုံးနှုန်းကို တိုင်းတာသုံးသပ်ကြည့်မည်ဆိုပါက ကြက်ငှက်တုပ်ကွေးရောဂါသည် လူတစ်ရာဖြစ်ပွားပါက ၆၇ ရာခိုင်နှုန်း သေဆုံးပါကြောင်း၊ ဆားစ် ရောဂါသည် ၁၀ ရာခိုင်နှုန်း သေဆုံးနိုင်ပါကြောင်း၊ အီဘိုလာ ဗိုင်းရပ်စ်ဆိုပါကလည်း ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ လူအသေအပျောက်ရှိနိုင်ပါကြောင်း၊ သို့သော် ဇီကာရောဂါတွင်မူ သေဆုံးမှုနှုန်းသည် မရှိသလောက်သုည ရာခိုင်နှုန်းဖြစ်ပါကြောင်း။**

ဇီကာရောဂါ ဖြစ်ပွားလျှင် ဆေးရုံတက်၍ ကုသရမည်ဟူသည့် သတ်မှတ်ချက်မျိုး မရှိကြောင်းနှင့် လူနာက တောင်းဆိုပါက မိမိတို့အနေဖြင့် ဆေးရုံတင်ကုသပေးရမည်ဖြစ်ပါကြောင်း၊ သို့သော် မိမိတို့ပုံမှန်စစ်ဆေးမှုမျိုးကို ပြုလုပ်ပေးကြရမည်ဖြစ်ကြောင်း၊ ယခုလူနာအနေဖြင့် မိမိတို့ကိုသတင်းပို့ကာ ပူးပေါင်းဆောင်ရွက်နေသည့်အတွက် နေအိမ်၌ပင် ဆေးဝါးကုသမှု ခံယူလျက်ရှိပါကြောင်း၊ မိမိတို့ သတ်မှတ်ထားသည့် ရောဂါကူးစက်နိုင်ခြေရှိသည့် နှစ်ပတ်အတွင်း အိမ်မှာပင်နေစေကာ အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ လိုအပ်သည်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ယခုလူနာသည် ရောဂါဖြစ်ပွားနေသည့် အခြားနိုင်ငံတစ်ခုသို့ သွားရောက်စဉ်ကာလက ကူးစက်နိုင်ဖွယ်ရာရှိသည်ဟု မိမိတို့အနေဖြင့် ခန့်မှန်းတွက်ဆထားပါကြောင်း ပြောကြားသည်။

လူနာသွားလာခဲ့သည့် နေရာဒေသများ၊ လူနာ၏ လက်ရှိနေထိုင်သည့် မြို့နယ်နှင့် နေရာဒေသများနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က မိမိတို့အနေဖြင့် သံသယဖြစ်ဖွယ်ရှိသည့် လူနာပေါင်း ၃၀ ကျော်ကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုတွေ့ရှိသည့် လူနာသည် ၃၂ ဦးမြောက်ဖြစ်ပါကြောင်း၊ လူနာအနေဖြင့် နေရာအနှံ့သွားလာခဲ့သည်မှန်သော်လည်း မိမိတို့အနေဖြင့် မြို့နယ်တစ်ခုတည်းကို ဦးတည်ကာ မဖော်ပြလိုကြောင်း၊ မြို့နယ်တိုင်းအနေဖြင့် Risk ရှိနေပါကြောင်း၊ ထို့အတွက် ယခင် သွေးလွန်တုပ်ကွေးရောဂါအဖြစ်များခဲ့သည့် နေရာများတွင် ခြင်ကျားနှိမ်နင်းရေးနှင့် ပိုးလောက်လမ်း နှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**



## ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၈**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ရပ်ကွက် ၂၁ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက သင်တန်းမှ ပို့ချသော ဘာသာရပ်၊ အကြောင်းအရာ၊ အမိန့်၊ ညွှန်ကြားချက်၊ ပို့ချမှု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ရပ်ကွက်အတွင်း လက်တွေ့အသုံးချသွားကြရန်ဖြစ်ကြောင်း၊ ရပ်ကွက်စာရေးများကလည်း သင်တန်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများနည်းတူ ပြီးဆုံးသည်အထိ တက်ရောက်သင်ယူပြီး မိမိရပ်ကွက် အုပ်ချုပ်ရေးမှူးတို့၏ လုပ်ငန်းများအား ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းပေါင်းစပ် လုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(၆၈၄)**

သွေးသည် အသက်

❒ **မြန်မာ-ကိုရီးယားမှ**

လမ်းသူလမ်းသားတွေစုပြီး တင်ပြသွားမှာပါ” ဟု လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနေ ဦးအေးမင်းက ပြောသည်။

လမ်းမတော်မြို့နယ်ဘုန်းကြီးလမ်းအတွင်းရှိ လမ်းသူလမ်းသားများအနေဖြင့် နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားသော သက်ဆိုင်ရာဌာနအသီးသီးသို့ကန့်ကွက်ကြောင်း စုပေါင်းလက်မှတ်ရေးထိုးထားသည့်စာများ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းမှ ဦးအေးမင်းက “၂၃ ရက်က လမ်းမတော်မြို့နယ် မြမာလာခန်းမမှာလုပ်တဲ့ တွေ့ဆုံပွဲကျမှ ဘုန်းကြီးလမ်းပေါ်က လုံးဝဖြတ်ပြီး ဆင်းသွားမယ်ဆိုတာသိတာ။ ပထမတစ်ကြိမ် ဒလဘက်ကမ်းမှာ ဇူလိုင် ၅ ရက်က လုပ်တာ မသိခဲ့ဘူး။ ကျွန်တော်တို့ကို အကြောင်းကြားတာလည်းမရှိခဲ့ဘူး။ ၂၃ ရက်နေ့ပွဲမှာတော့ ဘုန်းကြီးလမ်းကလူတွေ တက်ကြတယ်။ (၁၂)လမ်း၊(၁၃)လမ်းနဲ့လမ်းမတော်မြို့နယ်ကလူတွေလည်း လာကြတယ်။ လာတဲ့သူတွေက ကိုယ့်ရဲ့ဆန္ဒအတိုင်း ဝိုင်းပြီး ဆန္ဒပြုခဲ့ကြတာပါ” ဟု ပြောသည်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတားစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တံတားအူကြောင်းနေရာရွေးချယ်မှုနှင့် ပတ်သက်၍ လျာထားအူကြောင်း (၁) ရန်ကုန်ဘက်ကမ်း ဘုန်းကြီးလမ်းထိပ်၊ လျာထားအူကြောင်း(၂) ရန်ကုန်ဘက်ကမ်း ဝါးတန်းလမ်းထိပ်နှင့် လျာထားအူကြောင်း (၃) ရန်ကုန်ဘက်ကမ်း လမ်းမတော်လမ်းထိပ် စသဖြင့် လျာထားတံတားအူကြောင်းနေရာ သုံးနေရာ ရွေးချယ်ခဲ့ပြီး လက်ရှိအဆောက်အအုံများအားထိခိုက်မှုအနည်းဆုံးဖြစ်သော ရန်ကုန်ဘက်ကမ်း ဘုန်းကြီးလမ်းနှင့် ဒလဘက်ကမ်း ဗိုလ်မင်းရောင်လမ်းကို ဆက်သွယ်မည့် လမ်းအူကြောင်း(၁)ကို ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့နှင့် ဒလမြို့ ပတ်ဝန်းကျင်တွင် စီမံကိန်းကြောင့်ကြီးမားသော ပတ်ဝန်းကျင် ထိခိုက်နစ်နာမှုများမရှိနိုင်အောင်၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လိုအပ်သော အစီအမံများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒလတံတားစီမံကိန်းနှင့် ပတ်သက်သော ESIA လေ့လာထားမှုအခြေအနေနှင့် ပတ်သက်သည့် ရှင်းလင်းချက်တွင် ဖော်ပြထားသည်။

“ဒလဘက်ကို ဖွံ့ဖြိုးတိုးတက်တာ မလိုလားလို့မဟုတ်ပါဘူး။ သူတို့ကိုလည်း တိုးတက်စေချင်ပါတယ်။ ဒီဘက်ကိုလည်း မဆုတ်ယုတ်အောင်ဆောင်ရွက်ပေးဖို့ ESIA ကတာဝန်ရှိပါတယ်။ သူတို့အစီရင်ခံစာမှာက အဆောက်အအုံတွေထိခိုက်မှုမရှိဘူးလို့ ရေးထားတာတွေ့ရတယ်။ အဓိက ကန့်ကွက်တာက ESIA ရဲ့ သုံးသပ်ချက်ကိုဖတ်ကြည့်လိုက်တဲ့အခါကျတော့ တော်တော်လေး လွဲနေတာကို တွေ့ရတယ်။ နောက်တစ်ခုက သာသနိကအဆောက်အအုံတွေရှိတဲ့အတွက် ရဟန်းတွေက ဆောက်လုပ်ရေးလုပ်ငန်းခွင်က ထွက်လာမယ့် အသံတုန်ခါမှုတွေ၊ ဆူညံမှုတွေ ဖုန်မှုန့်တွေ၊ အမှိုက်သရိုက်တွေကို ခံစားရမယ်။ နောက်ပြီးဒီလမ်းမှာရှိတဲ့ အိမ်တွေက နှစ် ၆၀/၇၀ လောက်ရှိတဲ့ ကိုယ်ပိုင်တိုက်အိမ်တွေပါ။ မိဘလက်ထက်က အိမ်တွေပေါ့။ ဒီအဆောက်အအုံတွေ အက်ကွဲတာ၊ ပြိုတာတွေလည်းဖြစ်လာနိုင်တယ်။ တကယ်လို့ ပျက်စီးမှုတွေဖြစ်လာရင် ဘယ်သူကကုစားပေးမှာလဲ၊ ဒါကိုလည်း လမ်းသူလမ်းသားတွေက စိုးရိမ်နေကြတာ” ဟု ဦးအေးမင်းက ပြောသည်။

ထို့ပြင် ဒလတံတားစီမံကိန်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုဖြစ်နိုင်ခြင်း၊ လူမှုစီးပွားထိခိုက်နိုင်ခြင်း၊ ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်လာနိုင်ခြင်းတို့ကြောင့် ဘုန်းကြီးလမ်းမှ ဖြတ်သန်းမဆောက်လုပ်သင့်ကြောင်း အကြံပြု ကန့်ကွက်စာကို နိုင်ငံတော်သမ္မတထံလိပ်မူကာ စက်တင်ဘာလအတွင်းက ပေးပို့ခဲ့ကြောင်း လမ်းမတော်မြို့နယ်နေ ဦးတင်ထွန်းအောင်က ပြောသည်။

“မင်းရဲကျော်စွာနဲ့ ဗိုလ်ချုပ်လမ်းထောင့်မှာ တံတားကဆင်းမယ်၊ အဲဒီမှာ သရက်တောကျောင်းတိုက်ရှိမယ်၊ ခုတင် (၅၀၀)ဆံ့ဆေးရုံရှိမယ်၊ ဘုန်းကြီးလမ်းထောင့်က မြေကွက်လပ်ကြီးက ခုတင်(၁၅၀၀)ဆံ့ဆေးရုံဆောက်တော့မှာ။ သူနာပြုတက္ကသိုလ်ရှိတယ်၊ ဘစ်ရှော့ဟုမ်းရှိတယ်၊ရုရှားသံရုံး၊ အင်ဒိုနီးရှားသံရုံး၊ အမျိုးသားပြတိုက် အဲလောက်ယာဉ်ကြောကျပ်တည်းတဲ့ နေရာ၊ ရှုပ်ထွေးတဲ့နေရာဖြစ်တဲ့ ဘုန်းကြီးလမ်းကနေ ဖောက်မယ့်အစား လူနေကျဲတဲ့ရပ်ကွက်၊ အိမ်ခြေနည်းတဲ့ ရပ်ကွက်၊ ယာဉ်ကြောမပိတ်တဲ့နေရာကို တံတားထိုးဖို့ စဉ်းစားပေးစေချင်တယ်” ဟု ဦးတင်ထွန်းအောင်က ပြောသည်။

“ယာဉ်ကြောပိတ်ဆို့တာရော နောက်ပြီး ဘုန်းကြီးလမ်း၊ လမ်းသူလမ်းသားတွေသောက်နေတဲ့ ရေပိုက်က လမ်းအောက်မှာရှိနေတာရောကြောင့် အကယ်လို့ တံတားဆောက်ဖို့ မြေတူးရင် အဲဒီရေပိုက်ကိုထိမိရင် ရေအတွက်အခက် အခဲဖြစ်မှာလည်း စိုးရိမ်ရတယ်။ ဒါကြောင့် ကန့်ကွက်တာပါ” ဟု လမ်းမတော် မြို့နယ် ဘုန်းကြီးလမ်းနေ ဒေါ်ဌေးဌေးက ပြောသည်။

တံတားစီမံကိန်း တည်ဆောက်စဉ်ကာလအတွင်း ယာဉ်ကြောကျပ်တည်းမှု လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များပါဝင်ပြီး ပြည်ပနိုင်ငံများကဲ့သို့ ယခုတည်ဆောက်မည့် ဒလတံတားတွင် အသံဆူညံမှုလျှော့ချနိုင်ရေးအတွက် အသံထိန်းနံရံများ တပ်ဆင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

ဒလမြို့မှ ရန်ကုန်မြို့သို့ ရေလမ်းခရီးဖြင့် နေ့စဉ်ကူးလူးသွားလာရာတွင် ဒလ-ပန်းဆိုးတန်း ဆိပ်ကမ်းတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ချယ်ရီ ၁/၂/၃ အမည်ရှိ သင်္ဘောများဖြင့် နေ့စဉ်အလှည့်ကျအချိန်မှန် သင်္ဘောနှစ်စင်းဖြင့် ပြေးဆွဲပေးလျက်ရှိသော်လည်း ဒလမြို့သူ မြို့သားများမှာ အချိန်ကုန်သက်သာပြီး မြန်ဆန်သည့် သမ္ဗန်ကိုသာ အဓိကထား စီးနင်းကြကြောင်း၊ ရုံးဝန်ထမ်းများနှင့် အချိန်ပေးနိုင်သောသူများကသာ သင်္ဘောစီးနင်းကြကြောင်း၊ ဒလမြို့တွင် သမ္ဗန်ဆိပ် ၁၁ ဆိပ် ရှိကြောင်းနှင့် ကမာကဆစ်၊ ကမာသွယ်၊ တံလျှပ်၊ ကမာအောင်၊ စက်မြေရပ်ကွက်တို့မှ သမ္ဗန်များကို အဓိကအသုံးပြုကြောင်း၊ သမ္ဗန်များကိုလည်း ခရီးသည်များ အန္တရာယ်ကင်းစေရေးအတွက် စည်းကမ်းတကျလိုက်နာပြီး ၂၄ နာရီ ပြေးဆွဲပေးနေကြောင်း သမ္ဗန်ဆိပ် အတွင်းရေးမှူး ဦးရဲမြင့်ထံမှ သိရသည်။

“အရေးပေါ်ကိစ္စမဟုတ်တဲ့ သာမန်သွားနေကျ ကိစ္စမျိုးမှာတောင် ကျွန်တော်တို့က အသက်နဲ့ရင်းပြီး ရေလမ်းခရီးကသွားနေရတာ။ အရင်ကဆိုအခုလို သက်ကယ်ပစ္စည်းတွေ၊ ထောက်ကူပစ္စည်းတွေတောင်မရှိဘူး။ စက်တပ်လှေလည်းမဟုတ်ဘူး။ လက်ခတ်လှေနဲ့သွားရတာ။ အလွန်ဒုက္ခများတယ်။ အခုလည်း လှိုင်းတွေ၊ လေတွေရှိရင်လည်း သွားနေရတာပါပဲ။ ကျန်းမာရေးကိစ္စကအစ၊ အရေးပေါ်အချိန်ကြုံလာပြီဆိုရင် အချိန်မီဆေးရုံရောက်ဖို့လိုတယ်။ မြစ်ကိုကူးတဲ့အခါ ကြန့်ကြာနေတယ်။ မဆုံးရှုံးသင့်ပဲဆုံးရှုံးသွားတာတွေရှိတယ်။ ဒါကြောင့် ဒီဒေသကပြည်သူတွေအတွက် ဒီတံတားကြီးတစ်စင်းက အလွန်ကိုအဖိုးတန်ပါတယ်။ မြို့ပြဖွံ့ဖြိုးရေးအတွက်ရော၊ နောင်လာမယ့် အနာဂတ်အတွက်ရော ဒလက အများကြီး အထောက်အပံ့ပေးနိုင်လိမ့်မယ်လို့ထင်ပါတယ်” ဟု ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောသည်။

အောက်တိုဘာ ၂၃ ရက်က လမ်းမတော် အလက(၁) မြမာလာခန်းမ၌ ပြုလုပ်သည့် တံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ရန်အတွက် အများပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဦးစီးဌာန မြို့ပြဆောက်လုပ်ရေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက လေထုညစ်ညမ်းမှုနှင့် ပတ်သက်၍ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယာဉ်ကြောကျပ်တည်းမှုကိုလည်းအတတ်နိုင်ဆုံးအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယခုထောက်ပြပြောဆိုမှုများကိုလည်း ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် အင်ကြင်းလမ်းမှ အရောင်းအဝယ်လုပ်သူ ဦးဝင်းရွှေက “ရန်ကုန်ဘက်ခြမ်းမှာလုပ်တဲ့ဆွေးနွေးပွဲတုန်းက ရန်ကုန်ဘက်က ကန့်ကွက်တယ်။ ဒလဘက်ကတော့ ကန့်ကွက်မယ့်သူမရှိဘူးလေ။ ကိုယ့်ဒေသ ဖွံ့ဖြိုးဖို့အတွက်ပဲ ။ကျွန်တော်တို့မြို့ခံတွေအနေနဲ့က အများပြည်သူအကျိုးအတွက် တံတားဆောက်ဖို့ အိမ် ၆၈ လုံးဖျက်ပေးခဲ့ပြီးပြီ။ ထိုက်တန်တဲ့လျော်ကြေးလည်း ရကြပါတယ်။ ဒီတံတားက ဒလမြို့နယ် တစ်ခုတည်းအတွက် မဟုတ်ဘူး။ ရန်ကုန်တောင်ပိုင်းခရိုင် အကုန်လုံး ဒလအပါအဝင်၊ ကော့မှူး၊ တွံတေး၊ ဒေးဒရဲ ဖျာပုံ ဘိုကလေးစသဖြင့်ဧရာဝတီဘက်ပါမကျန် တိုးတက်သွားမှာပါ” ဟုပြောသည်။

ဒလမြို့နယ်မှ ဒေသခံတစ်ဦးဖြစ်သူ မဇင်မာက “ကျွန်မတို့ကတော့ တံတားကြီးကို အမြန်ပြီးစေချင်တယ်။ ရန်ကုန်နဲ့နီးတဲ့ ဒလ ဒီဘက်ခြမ်းမှာက ရေလမ်းကပဲအဓိကဆိုတော့ လမ်းပန်းဆက်သွယ်ရေးမကောင်းဘူး။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးရှုထောင့်တွေက ကြည့်မယ်ဆိုရင် အစစအရာရာ နိမ့်ကျနေတဲ့အတွက် ဒီစီမံကိန်းပျက်သွားမှာတော့မလိုလားဘူး၊ အကောင်းဆုံးစဉ်းစားပြီး ဆောင်ရွက်ပေးစေချင်ပါတယ်” ဟု ပြောသည်။

၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်နိုင်ရန် ခန့်မှန်းထားသည့် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ်ဖောက်လုပ်မည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတားကို ၂၀၂၀ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်ရန် လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

**(သီသီမင်း/ဓာတ်ပုံ-ခင်မောင်ဝင်း)**



ဦးအေးမင်း



ဦးတင်ထွန်းအောင်



ဒေါ်ဌေးဌေး



ဦးဝင်းအောင်



ဦးဝင်းရွှေ



မဇင်မာ

❖ **ကျောဖုံးမှ**

ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားမည်ဟု ပြန်လည်ဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်လိုင်းကားအချို့သည် စည်းကမ်းပျက် ရမ်းကားစွာမောင်းနှင်နေသည့်အပြင် ရန်လိုပြုမူမှုများ လုပ်ဆောင်လာသည့်အတွက် ဘတ်စ်ကားစီးခရီးသည်များသာမက ပတ်ဝန်းကျင် သွားလာနေသူများပါ ကြောက်ရွံ့ထိတ်လန့်ကာ စိတ်အနှောင့်အယှက် ကြုံတွေ့နေရပြီး ယင်းသို့ဖြစ်ပေါ်နေမှုများအပေါ် ထိရောက်စွာ အရေးယူခြင်း ရှိ/မရှိ တိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်က မေးခွန်းမေးမြန်းခဲ့ခြင်းဖြစ်သည်။

“လက်ရှိမှာ ခရီးသည်တင် မော်တော်ယာဉ်လိုင်းတွေကို မထသ ကပဲ ကြီးကြပ်ဆောင်ရွက်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ရေးဆွဲနေပြီး တိုင်းဒေသကြီးလွှတ်တော်မှာ ပြဋ္ဌာန်းနိုင်ဖို့ ပြင်ဆင်နေပါတယ်။ဘတ်စ်ကား စီမံခန့်ခွဲမှုတွေကို မထသ ဆီကနေ အာဏာပိုင်အဖွဲ့ လွှဲပြောင်းမယူသေးပါဘူး။ ဥပဒေ မပြီးသေးတဲ့အတွက် ဥပဒေရှိမှ ထိရောက်စွာ ကိုင်တွယ်အရေးယူလို့ရမှာပါ။ အနာဂတ်မှာလုပ်ရမှာတွေအတွက် ပြင်ဆင်နေပါတယ်။ လက်ရှိအသွင်ကူးပြောင်းရေးကာလမှာ တွေ့ကြုံနေရတဲ့ ပြဿနာတွေပါ။ လက်ရှိ ယာဉ်လိုင်းတွေနဲ့ ပတ်သက်လို့ မထသက အရေးယူဆောင်ရွက်မှာဖြစ်ပြီး နောက်ပိုင်းမှာတော့ အများပိုင်ယာဉ်လိုင်းတွေ၊ ယာဉ်လိုင်းအဖွဲ့အစည်းတွေကို အာဏာပိုင်အဖွဲ့က ထိန်းချုပ်ဆောင်ရွက်သွားမှာပါ” ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီး ကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက သယ်န်းကျွန်းမြို့နယ် ဘဝမြင့်မှတ်တိုင်အနီး၌ ဘီအမ်ယာဉ်မှ မင်းမဲ့စရိုက်ဆန်စွာ ရမ်းကားကျူးလွန်ခဲ့သည့် ဓာတ်ပုံများ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပျံ့နှံ့ခဲ့ပြီး ယင်းအပေါ် အများပြည်သူများကလည်း ဥပဒေစိုးမိုးမှုနှင့် ပတ်သက်၍ ဝေဖန်လျက်ရှိသည်။ ယာဉ်လိုင်းများကို ကြပ်မတ်ဆောင်ရွက်နေမှုများကိုလည်း ဝေဖန်နေကြပြီး မင်းမဲ့စရိုက်ဆန်စွာ တုတ်များ၊ သံတုတ်များ ဆောင်ထားကာ ရိုက်နှက်ရမ်းကားမှုများအပေါ် ထိရောက်စွာ အရေးယူထိန်းသိမ်းသင့်ကြောင်း ဝေဖန်မှုများရှိနေပြီး လက်ရှိ တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ် ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ဘီအမ်ယာဉ်များ၊ ဒိုင်နာယာဉ်များအပါအဝင် နှစ် ၂၀ ကျော် သက်တမ်းရှိ ကားဟောင်းများ လဲလှယ်မှုအစီအစဉ် ဆောင်ရွက်ခြင်း၊ အများပိုင်ယာဉ်လိုင်း ကုမ္ပဏီများ ဖွဲ့စည်းထူထောင်ခြင်း၊ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ ပြောင်းလဲကျင့်သုံးစေခြင်း၊ ရေလမ်းခရီး အသုံးပြုသယ်ယူပို့ဆောင်ရေးစနစ် အကောင်အထည်ဖော်ခြင်းစသည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများကို အဆင့်ဆင့်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပြီး ဥပဒေပြဋ္ဌာန်းပြီးပါက မထသ မှ ဆောင်ရွက်နေမှုအစား သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့မှ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်း

**သီပေါ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်တပ်ဖွဲ့၏ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းက သင်တန်းကာလအတွင်း ဆောင်ရွက်ခဲ့သည့် အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်တင်ပြသည်။ ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိသူ တပ်ဖွဲ့ဝင်များနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဝင်း၊ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းနှင့် တာဝန်ရှိသူများက အသီးသီး ပေးအပ်ကြသည်။ **စိုင်း(သီပေါ)**

# ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၏ Antiretroviral Theraphy (ART) Review Meeting, National AIDS Program လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ရွှေပြည်တော်ဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။




ဆက်လက်၍ ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက် မန်နေဂျာ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းညွန့်ဦးက ၂၀၁၆-၂၀၂၀ ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေး အမျိုးသားမဟာဗျူဟာ စီမံကိန်းနှင့် ၂၀၂၀ ခုနှစ်တွင် ဆောင်ရွက်မည့် HIV ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ရှိသည့် ဦးတည်အုပ်စုများ၏ ၉၀ ရာခိုင်နှုန်းကို ရောဂါကာကွယ်ရေးလုပ်ငန်းများ လက်လှမ်းမီရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူများ၊ ဆရာဝန်ကြီးများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တွဲဖက်ပါမောက္ခ၊ သမားတော်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆေးရုံအုပ်ကြီးများ၊ ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဆရာဝန်ကြီးများ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ယခုနှစ် ပွင့်လင်းရာသီ ပြည်တွင်းခရီးသွားများ၏ အွန်လိုင်းမှ ကြိုတင်ဘိုကင်တင်မှုနှုန်း မြင့်တက်လာ

**ရန်ကုန် အောက်တိုဘာ ၂၈**

ယခုနှစ် ပွင့်လင်းရာသီ ခရီးသွားကဏ္ဍတွင် ပြည်တွင်းခရီးသွားများ၏ အွန်လိုင်းမှ ကြိုတင်စာရင်းပေးသွင်းမှုနှုန်း မြင့်တက်လာကြောင်း ပြည်တွင်း ပြည်ပ ခရီးသွားကဏ္ဍအတွက် အွန်လိုင်းဘိုကင်နှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသော Jovago.com မှ သိရသည်။

မြန်မာပြည်တွင်း ခရီးသွားလာမှုတွင် အွန်လိုင်းဘိုကင် စနစ်အသုံးပြုသော ပြည်တွင်းခရီးသွားအရေအတွက်မှာ ယခင်က ရာခိုင်နှုန်းအားဖြင့် ၂၀ ကျော်သာ ရှိခဲ့ပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်များက ပိုမိုများပြားခဲ့သည်။ ယခုအခါတွင် ပြည်တွင်းခရီးသွားများ၏ အွန်လိုင်းဘိုကင်တင်မှုနှုန်းမှာ မြင့်တက်လာခဲ့ပြီး ၅၀ ရာခိုင်နှုန်းခန့် ရှိလာကြောင်း သိရသည်။

"အရင်က မြန်မာနိုင်ငံအတွင်းက ဘိုကင်တင်တဲ့နှုန်းက ၂၃ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ တဖြည်းဖြည်းနဲ့ ၅၀ ရာခိုင်နှုန်းလောက် မြန်မာက အွန်လိုင်းဘိုကင်လုပ်လာတယ်။ အခု ပွင့်လင်းရာသီမှာ ဒီထက်ပိုတက်လာပါတယ်။ အောက်တိုဘာမှာ ၆၁ ရာခိုင်နှုန်းလောက် ဖြစ်လာခဲ့ပါတယ်။ အွန်လိုင်းကနေ ဆောင်ရွက်လာတဲ့အခါမှာ ဈေးနှုန်းအပြင်နဲ့မကွာဘဲ မှန်ကန်သက်သာအောင်၊ ပြည်တွင်းခရီးသွားတွေ ခရီးသွားနိုင်တဲ့ ဈေးနှုန်းမျိုးဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်"ဟု Jovago.com မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ခရီးသွားကဏ္ဍတွင် ပြည်ပဧည့်သည်များသာမက ပြည်တွင်းခရီးသွားမှုနှုန်း မြင့်တက်လာမှုကြောင့် ခရီးသွားဝန်ဆောင်မှုကဏ္ဍမြင့်တင်လာရာတွင် အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများလည်း များပြားလာခဲ့သည်။

"အွန်လိုင်းအသုံးပြုမှုများလာတော့ ဒါကိုအသုံးချတာ များလာတာပေါ့။ ကားလက်မှတ်၊ လေယာဉ်လက်မှတ်၊ ဟိုတယ်ဘိုကင်နဲ့ အပန်းဖြေခရီးပဲဖြစ်ဖြစ် အွန်လိုင်းဘိုကင်ကို လုပ်ဖြစ်လာတယ်။ နာမည်ရပြီး ဈေးမှန်တဲ့ဟာမျိုးကို လုပ်ဖြစ်ရင်းနဲ့ အဲဒါတွေနဲ့ပဲ ဆက်ချိတ်ဖြစ်သွားတယ်ပေါ့"ဟု အွန်လိုင်းဝန်ဆောင်မှုကို အသုံးပြုနေသည့် ပြည်တွင်းခရီးသွားတစ်ဦးက ပြောသည်။ **(ဝဝ၁)**

# ဇီကာပိုင်းရပ်(စ်)နှင့် ခြင်ကြောင့်ဖြစ်သောရောဂါများ ကာကွယ်တားဆီးရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်သည့် အများပြည်သူတို့အတွက် ဇီကာပိုင်းရပ်စ်နှင့် ခြင်ကြောင့်ဖြစ်သောရောဂါများမှ ကာကွယ်တားဆီးရေးအတွက် လူထုပါဝင်သော ပတ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်မှုများကို ယမန်နေ့ နံနက်ပိုင်းက မန္တလေးအောင်မြေသာစံမြို့နယ် အကွက်( ၃၂) အမရဌာနီ အရှေ့ရပ်ကွက်တွင် ပြုလုပ်ခဲ့သည်။

ပြည်သူလူထုအကြား သွေးလွန်တုပ်ကွေးဖြစ်ပွားမှုလျှော့ချရေးနှင့် ဇီကာပိုင်းရပ်စ်ကူးစက်မှု မဖြစ်ပွားစေရေးအတွက် ခြင်ထောင်များ ဆေးစိမ်ပေးခြင်း၊ ခြင်ဆေးမှုတ်ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ပိုးလောက်လမ်းစား ငါးများ အများပြည်သူတို့ ရေတွင်းရေကန်များတွင် ထည့်ပေးခြင်းနှင့် Abate ဆေးခတ်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးမကောင်းလျှင်ခြင်၊ ယင်တို့နှင့် ဆက်နွယ်နေသော ကျန်းမာရေးပြဿနာများ ယခုနောက်ဆုံးပေါ် ဇီကာပိုင်းရပ်စ်အန္တရာယ်ကိုပါခံစားရနိုင်သည်ဖြစ်ရာ အများပြည်သူတို့အနေနှင့် ခြင်၊ ယင်များကြောင့် အဆိုပါရောဂါများ မခံစားကြစေရန် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် လူ့ဘဝသက်တမ်းစေ့နေနိုင်ရန်မှာမူ မိမိတို့အိမ်တွင်းအိမ်ပြင် သန့်ရှင်းစွာနေထိုင်ပြီး စွန့်ပစ်အမှိုက်များကိုလည်း စနစ်တကျ စွန့်ပစ်ကြရန် လိုအပ်မည်ဖြစ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် မန္တလေးမြို့တော်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးမှူးဒေါက်တာကျော်စိုးနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**ကျော်စိုးဦး(မန္တလေး)**

# ကော့သောင်းမြို့တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ အကျိတ်အဖုဝေဒနာရှင် ပြည်သူများအား ဒုတိယအကြိမ် အခမဲ့ခွဲစိတ်ကုသ

**ကော့သောင်း အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ စားဖိုမှူးများအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စေတနာရှင်များ ပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ခရိုင်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အကျိတ်အဖု ဝေဒနာရှင် ပြည်သူများအား ဇီဝိတ ကုသိုလ်ဒါနအဖြစ် အောက်တိုဘာ ၂၈ ရက်မှစတင်ကာ ဒုတိယအကြိမ် အခမဲ့အဖြစ် ခွဲစိတ်ကုသပေးကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ဂျာမနီနိုင်ငံမှ ကျွမ်းကျင်အဆင့် Plastic Surgery ဆရာဝန်ကြီးများဖြစ်သည့် Dr. Heinrich Johannes Schoeneich၊ Dr. Paul Eernst Schuller၊ Dr. Paul Immanuel Denis Heidekrueger၊ Dr. TobiasVollkommer၊ Dr. Milena Theresa Seemann၊ Dr. Peter NiklasBroer၊ Dr. Silvia Cosima Gogler၊ ဂျာမနီနိုင်ငံဆေးတက္ကသိုလ်ကျောင်းသား Ms. Julia Louise Sawatzky၊ Mr. Carlvon Bennigsen၊ သူနာပြု Ms. Katharina Ale_andra Feigl၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း မျက်နှာမေးရိုး ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာကျော်စံနိုင် အပါအဝင် ၁၁ ဦးအဖွဲ့ဖြင့် ကော့သောင်းခရိုင် ဆရာဝန်ကြီး ဒေါက်တာနေလင်း၊ ခရိုင်မေ့ဆေးဆရာဝန်ကြီး၊ ခရိုင်ခွဲစိတ်အထူးကု ဆရာဝန်ကြီးနှင့် ကော့သောင်းခရိုင် ဆေးရုံ ဆရာဝန်အဖွဲ့များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ပရဟိတလုပ်အားဒါနပြုအဖွဲ့များ၊ NGO အဖွဲ့များဖြင့် ပူးပေါင်းကာ ခရိုင်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာသည်များ၊ အရေပြားပေါ်ရှိ အကျိတ်အဖုများ၊ မီးလောင်ဒဏ်ကြောင့်ဖြစ်သည့် အနာရွတ်များ၊ အဆိပ်ရှိ သတ္တဝါများ အကိုက်ခံရသဖြင့် ကြွက်သား၊ အရေပြားပျက်စီးမှုရောဂါများ၊ ခြေချောင်း၊ လက်ချောင်း ပူးတွဲခြင်း အစရှိသည့် ရောဂါဝေဒနာသည်များအား ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။




**ကျော်စိုး (ကော့သောင်း- IPRD)**

❖

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဆင်း

**ဒီးမော့ဆို အောက်တိုဘာ ၂၈**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှကြီးမှူး၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း (၁/၂၀၁၆) ဆင်းပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက အမှတ်(၈၆) စက်မှုလယ်ယာစခန်းခွဲခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၇ ရက်မှ အောက်တိုဘာ ၂၈ ရက်ထိ ဖွင့်လှစ်ပြီး သင်တန်းသား ၅၀ တို့အား စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ထွန်းစက်ကြီးများ မောင်းနှင်ခြင်း၊ စက်များပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးမောင်းနှင်ထိန်းသိမ်းမှုများကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်(ရွှေဈေး) ၈၇၅၇၀၀ - ၈၇၆၇၀၀ မန္တလေး(ရွှေဈေး) ၈၇၅၅၀၀ - ၈၇၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၅၀/၆၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၆၅/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၅၀/၆၈၀ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၁၄ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၀. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉. ၃၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၅၇၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၁၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၁၉၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၁. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၁၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၅. ၅၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၁. ၂၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ဇာတ်ကောင်ကာရိုက်တာမျိုးစုံ သရုပ်ဆောင်နိုင်တဲ့သူဖြစ်ချင်တဲ့ရွှေပိုးအိမ်



*အနုပညာသက်တမ်း ငါးနှစ်ခန့်အချိန်အတွင်း ပရိသတ်အားပေးမှုရရှိထားတဲ့ ရွှေပိုးအိမ်ကတော့ ဇာတ်ကောင်ကာရိုက်တာမျိုးစုံ သရုပ်ဆောင်ချင်တဲ့သူ၊ သရုပ်ဆောင်နိုင်တဲ့သူ ဖြစ်ချင်တယ်လို့ ဆိုပါတယ်။ ရွှေပိုးအိမ်နဲ့ ဆက်သွယ်မေးမြန်းထားမှုများကို ကြေးမုံစာဖတ်ပရိသတ်များအတွက် ဖော်ပြလိုက်ရပါတယ်-*

**လတ်တလော အနုပညာလှုပ်ရှားမှုတွေအကြောင်း ပြောပြပေးပါ-**

လတ်တလောအနုပညာလှုပ်ရှားမှုအနေနဲ့ ကားကြီးတစ်ကားရိုက်ထားတာရှိတယ်။ ဦးကျော်ဇောလင်း၊ ကိုပြေတီဦး၊ မအိချောပို၊ မသန္တာဗိုတို့နဲ့ရိုက်ထားတာပါ။ သရုပ်ဆောင်ရတဲ့ ကာရိုက်တာက ဖွစ်ဘွတ်ခ်ပေါ်မှာ ကျော်ကြားတဲ့သူဖြစ်ချင်တော့ ဓာတ်ပုံတွေလိုက်ရိုက်တယ်၊ တင်တယ်။ နောက်ဆုံးကျတော့ အရမ်းဖြစ်ချင်တဲ့ စိတ်ကြောင့် အမှားတွေမမြင်နိုင်ဖြစ်ပြီး ဇန်ကောက်မှာ ကြော်ငြာသွားရိုက်ရမယ်ဆိုပြီးတော့ လူလိမ်တွေနဲ့တွေ့ပြီးရောင်းစားခံလိုက်ရတဲ့ ပညာပေးပုံစံလေး ရိုက်ထားတာပါ။

**ဇာတ်ကားတွေရိုက်ဖို့ လက်ခံထားတာရှိလား-**

လက်ခံထားတာက ကျွန်မနဲ့လိုက်မယ့် ကာရိုက်တာတွေကိုလက်ခံထားတယ်။ အခွင့်အရေးရရင် ရသလို ကာရိုက်တာတွေလုပ်ဖြစ်ပါတယ်။ အခုချိန်မှာ အလုပ်တွေနည်းပါးတဲ့အတွက် စီးပွားရေးဘက်မှာရော အနုပညာအလုပ်ပါ လုပ်နေပါတယ်။ အဓိကက သရုပ်ဆောင်ရမယ့် ကာရိုက်တာပေါ်မှာ ကြိုးစားပြီးတော့ သရုပ်ဆောင်ပါတယ်။



**အနုပညာအလုပ် စတင်လုပ်ဖြစ်ခဲ့ပုံကရော-**

ရွှေပိုးက မာန်ထက်ချီ သရုပ်ဆောင်ရွေးချယ်ပွဲကနေ ရွေးချယ်ခံရပြီး အနုပညာလောကထဲရောက်လာတာ လေးနှစ်ခွဲ၊ ငါးနှစ်လောက်ရှိပြီ။ အမှတ်တရတွေလည်း အများကြီးရှိတယ်။ လွဲခဲ့တဲ့ အလွဲအချော်တွေရော၊ အခက်အခဲတွေရောပေါ့။ နယ်တွေမှာ သွားပြီးရိုက်ရတဲ့ ခရီးတွေရော အမှတ်တရတွေက အများကြီးပါပဲ။

**သီတင်းကျွတ်ကာလမှာ ဘာတွေလုပ်ဖြစ်ခဲ့လဲ-**

သီတင်းကျွတ်ကာလ ရန်ကုန်မှာနာမည်ကြီးတဲ့ ရေကျော် ပွဲဈေးတော့မသွားဖြစ်ဘူး။ လပြည့်နေ့မှာတော့ ရဟန်းသံဃာ အပါး ၃၀၀ ကျော်ကို အမေနဲ့အတူ သိမ်ဆင်းလောင်းခဲ့ပါတယ်။

**သရုပ်ဆောင်တစ်ယောက်ဖြစ်လာတဲ့အခါ တွေ့ကြုံရတဲ့အခက်အခဲတွေကို ဘယ်လို ဖြတ်ကျော်ခဲ့လဲ-**

အခက်အခဲတွေက အခုအချိန်ထိ အများကြီးပဲ။ အခက်အခဲတွေ ကြုံလာတဲ့အခါ ကိုယ်ဒီအလုပ်ကို ဘယ်လောက်ရူးသွပ်သလဲဆိုတာ ပြန်စဉ်းစားတယ်။ ဒီအလုပ်ကို အလွန်ဝါသနာပါတယ်။ ငယ်ငယ်ကတည်းက ဖြစ်ချင်ခဲ့တဲ့ အိပ်မက်ဆိုတော့ အခက်အခဲတွေကြုံလာတဲ့အခါ ငယ်ငယ်က အလွန်ဖြစ်ချင်ခဲ့တဲ့ အရာတစ်ခုကို ဖြစ်ခွင့်ရခဲ့တာပါ။ ဆက်ပြီးကြိုးစားမယ်ဆိုတဲ့စိတ်နဲ့ စိတ်ဓာတ်မကျဘဲ ကြိုးစားခဲ့ပါတယ်။

**ရွှေပိုးအိမ်ရဲ့ ငယ်ဘဝဖြတ်သန်းမှုနဲ့ မိသားစုအကြောင်း ပြောပြပါဦး-**

သူငယ်တန်းကနေ ဆယ်တန်းအထိ အထက(၂) လသာ မှာတက်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်တာက ၂၀၀၈ ခုနှစ်မှာပါ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှာ အဝေးသင်တက် ရောက်ခဲ့ပြီး ဘီအေ(မြန်မာ)နဲ့ ကျောင်းပြီးခဲ့ပါတယ်။ ရွှေပိုးတို့က မိသားစု ငါးယောက်ရှိပါတယ်။ မောင်နှမ သုံးယောက်ရှိတယ်။ အစ်ကိုနဲ့ အစ်မရှိတယ်။ ရွှေပိုးကအငယ်ဆုံး၊ အဖေနဲ့ အစ်ကိုက ဆုံးသွားပါပြီ။ သာကေတမှာ နေပါတယ်။

**သရုပ်ဆောင်တဲ့အခါ ဘယ်လိုကာရိုက်တာမျိုး သရုပ်ဆောင်ရတာ ပိုပြီးအားသန်လဲ-**

ရွှေပိုးက ဒီအလုပ်ကို တကယ်ကို ဝါသနာပါတဲ့အတွက် သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်ချင်တယ်။ ဘယ်လို ဇာတ်ကောင်နေရာမဆို သရုပ်ဆောင်နိုင်တဲ့သူ တစ်ယောက်ဖြစ်ချင်တယ်။ ဘယ်လောက်ပဲ ပင်ပန်း ပင်ပန်း၊ အခက်အခဲဖြစ်ဖြစ် ဇာတ်ကားထွက်တဲ့အခါ ပရိသတ်တွေကအားပေးတယ်၊ နယ်တွေသွားတဲ့အခါပရိသတ်တွေဆီက အားပေးတယ်ဆိုတဲ့ အသံကြားလိုက်ရတာနဲ့ အလုပ်လုပ်ချင်စိတ်ပြန်ဖြစ်လာတယ်။ ဝါသနာကို အရင်ကတော့ သိပ်နားမလည်ဘူး။ သီချင်းတွေနားထောင်လိုက်၊ ငိုလိုက်၊ တစ်ယောက်တည်း စကားတွေ ပြောလိုက်နဲ့ ဒရမ်မာဘက်ကိုပိုပြီး အားသန်တယ်လို့ထင်တယ်။ အခုနောက်ပိုင်းလည်း ဒရမ်မာကား တွေပိုပြီးရိုက်ဖြစ်တယ်။ ဟာသကားတွေရိုက်တာနည်းတယ်။ ဘယ်လိုကာရိုက်တာမျိုး ရိုက်မယ်ဆိုတဲ့ စိတ်တော့မရှိပါဘူး။ ဘယ်နေရာမဆို သရုပ်ဆောင်ချင်တယ်။

**ဂီတဘက်မှာရော သီချင်းဆိုဖို့ဝါသနာပါလား-**

ရွှေပိုး သီချင်းဆိုတာသင်တော့သင်နေပါတယ်။ ဂီတာတီးတာလည်း ဝါသနာပါတယ်။ သရုပ်ဆောင်တာပိုပြီး ဝါသနာပါတော့ ဂီတဘက်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ဖို့တော့မရှိပါဘူး။ ပရိသတ်တွေကိုဖျော်ဖြေဖို့ ကြုံလာတဲ့အခါဆိုနိုင်အောင် စနစ်တကျနဲ့ သေချာလေးဖျော်ဖြေနိုင်အောင်ကြိုးစားနေပါတယ်။ စင်ပေါ်မှာ တစ်ယောက်တည်းတက်ပြီး သီချင်းဆိုရမှာ နည်းနည်းကြောက်တယ်။ သရုပ်ဆောင်ဆိုတော့ မိုက်ကိုင်ပြီး တစ်ယောက်တည်း ဆိုရမှာမရဲဘူးပေါ့နော်။

**အားလပ်ချိန်ကို အသုံးချပုံလည်းပြောပါဦး-**

သီချင်းတွေနားထောင်ဖြစ်တယ်။ ဝါသနာပါတဲ့ ရုပ်ရှင်ဇာတ်လမ်းမျိုးတွေကြည့်ဖြစ်တယ်။ ဖွစ်ဘွတ်ခ်သုံးတယ်၊ ကြည့်ချင်တဲ့ဇာတ်လမ်းမျိုးတွေ ယူကျုကနေကြည့်ဖြစ်တယ်။

**ခရီးသွားတဲ့အခါ အနှစ်သက်ဆုံးနေရာတွေက ဘယ်နေရာတွေဖြစ်မလဲ-**

ပြင်ဦးလွင်သွားရတာ အလွန်သဘောကျတယ်။ ရာသီဥတုကလည်း အရမ်းကောင်းတယ်။ သဘာဝအတိုင်းဖြစ်နေတဲ့ ရေတံခွန်တွေ၊ ပန်းရောင်စုံတွေက စိတ်ကိုကြည်နူးစေတယ်။ ပြည်ပနိုင်ငံတွေထဲမှာ စင်ကာပူ၊ မလေးရှားနဲ့ ထိုင်းနိုင်ငံတွေ ရောက်ဖူးတယ်။ နေရာပေါင်းစုံက ရှုခင်းတွေလှပါတယ်။

**ရှေ့ဆက်လုပ်ဆောင်ဖို့ ရည်မှန်းချက်ကရော-**

အနုပညာအလုပ်တွေကို ပရိသတ်တွေအားပေးသလောက်၊ အခွင့်အရေးရသလောက် ဆက်လုပ်သွားမယ်။ ဒီအလုပ်က ဝါသနာပါပြီး ရူးသွပ်တဲ့အလုပ်ဆိုတော့ ရွေးချယ်တာတော့မရှိဘူး။ ဘယ်ဇာတ်ကောင်နေရာမဆို အခွင့်အရေးရရင်ရသလို သရုပ်ဆောင်သွားမှာပါ။

**ရွှေပိုးရဲ့ အချစ်ရေးအခြေအနေကရော-**

လက်ရှိအခြေအနေကတော့ အေးဆေးပါပဲ။ ဘာလို့လဲဆိုတော့ လူငယ်ဘဝက ရခဲတယ်။ ကိုယ်လုပ်ချင်တဲ့ အနုပညာ၊ ကိုယ်လုပ်ချင်တဲ့အရာအကုန်လုံးက ဒီအချိန်မှာပဲ လုပ်ခွင့်ရှိတာဆိုတော့ ကိုယ်လုပ်ချင်တာ၊ ဖြစ်ချင်တာတွေကိုလုပ်မယ်။ အိမ်ထောင်ပြုဖို့ဆိုတာတော့ လိုပါသေးတယ်။

**အနုပညာနဲ့ပတ်သက်တဲ့ အနာဂတ်ရည်မှန်းချက်လေးလဲပြောပြပေးပါဦး-**

ပရိသတ်ချစ်တဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ချင်ပါတယ်။ အဓိကက မင်းသမီးဖြစ်ချင်တာမဟုတ်ဘူး။ သရုပ်ဆောင် ဖြစ်ချင်တာပါ။ ဘယ်ကာရိုက်တာမျိုးကိုမဆို သရုပ်ဆောင်နိုင်တဲ့သူဖြစ်ချင်တယ်။

**အားပေးတဲ့ ပရိသတ်တွေအတွက် ဘာများဖြည့်စွက်ပြောချင်ပါလဲ-**

ပရိသတ်တွေအကုန်လုံး ကျန်းမာချမ်းသာကြပါစေ။ စီးပွားတွေတိုးတက်ကြပါစေ။ သရုပ်ဆောင်တဲ့အပိုင်းမှာ လိုအပ်ချက်၊ အားနည်းချက်တွေရှိပါတယ်။ အခွင့်အရေးရရင်လည်း ပိုပြီးကြိုးစား သရုပ်ဆောင်သွားပါမယ်။ ပရိသတ်တွေကလည်းအားပေးပါဦးလို့။ ရွှေပိုးထွက်တဲ့ဇာတ်လမ်းတွေကိုအားပေးကြတဲ့ပရိသတ်တွေကို တကယ်ကို ကျေးဇူးတင်ပါတယ်။

**မင်းလှသား**

## မြဝတီရုပ်မြင်သံကြား

**၂၉-၁၀-၂၀၁၆(စနေနေ့)**

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၂း၃၀ | သံစဉ်များနှင့်ကမ္ဘာ |
| ၇း၀၀ | မေတ္တာပို့ | ၄း၂၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | ဓမ္မပူဇာတေး | ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ့ |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ | ၄း၅၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၈း၁၀ | VOA အင်္ဂလိပ်စာသင်ခန်းစာ | ၅း၀၀ | Run & Cook |
| ၉း၁၀ | လူတိုင်းကျန်းမာသိမှတ်စရာ | ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၆၅) |
| ၉း၃၅ | ခရီးလည်းသွားစကားလည်းဆို | ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၉း၅၀ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ | ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၁၀း၃၀ | Cooking Art | ၆း၃၅ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၁၀း၄၅ | Happy Time | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မစ္စကိုရီးယား(အပိုင်း-၂၀) -VOA အင်္ဂလိပ်စာသင်ခန်းစာ -လူ့ရှင်တော်စတား -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အကြင်နာမျက်ဝန်း" (အပိုင်း-၁၆) |
| ၁၁း၁၀ | English For Myanmar | | |
| ၁၁း၀၇ | မျိုးချစ်တပ်မတော် | | |
| ၁၁း၂၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး | | |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ပိုင်ရှင်ရှိသည် (နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်နှင့် သရုပ်ဆောင်များ) | | |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရေသူမရဲ့ခြေရာများ (အပိုင်း-၈) | | |

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၉ - ၁၀ - ၂၀၁၆ (စနေနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | Hyper Sports |
| ၈း၃၅ | ပန်းပျိုးခင်း(အပိုင်း-၃) |
| ၈း၅၀ | "(၃၈)ဖြာ ယဉ်ကျေးလိမ္မာမင်္ဂလာ ကဗျာများ" |
| ၉း၃၅ | Business News |
| ၁၀း၃၅ | ကဗျာရိပ်မြုံ"ဝလုံးရေးမယ်" |
| ၁၀း၄၅ | "ပုံပြင်လေးများ ပြောစို့ကွယ်" |
| ၁၁း၁၅ | "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး" (သီးသီးနှင့်ခွေးတောက်ရွက်) |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁း၀၅ | ဓမ္မဒူတသိမ်ဇရပ်ဆရာတော် ဦးပညာဝရဟောကြားတော်မူသော "ကံနှင့်တူသောအကျိုး"တရားတော် |
| ၂း၁၀ | ရုပ်ရှင်ရိုက်မယ် (လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာနိုင်ငံတကာရုပ်ရှင်ပွဲတော်) "The Goods+Home" (ရောင်းကုန်၊ အိမ်) |
| ၂း၅၀ | အနုပညာသတင်းအစီအစဉ် |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တို့မယူလို" (အပိုင်း-၃၀) |
| ၄း၁၅ | "ကြိုတင်ကာကွယ်လေဖြတ်ရောဂါအန္တရာယ်" |
| ၄း၃၅ | NHK Programme "ဂျင်နည်းပညာ" (ဂျင်များပြုလုပ်ခြင်း) |
| ၄း၄၅ | "သူတို့အတွေး သူတို့အမြင်" |
| ၅း၁၅ | "KAROKE World Championship (KWC)Myanmar 2016" (Final,Part-1) |
| ၆း၃၅ | Tasty Trip |
| ၇း၁၅ | အိန္ဒိယရုပ်ရှင် "မြွေပျိုမယ်ရဲ့မာယာကလဲ့စား" (အပိုင်း-၂) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၈း၃၅ | "အောင်မြင်မှုပန်းတိုင်ဆီချီတက်ပြည်သူ့အတွက်" (မြန်မာအင်ဂျင်နီယာများရဲ့ စွမ်းအားသံလွင်မြစ်ကူးတံတား) |
| ၉း၀၀ | ပြည်တွင်းသတင်း ဂီတတံခါးလေးဖွင့်ပါဦး "ဂီတသမား၊ ဂီတစကား" (အလက်ာကျော်စွာမြို့မငြိမ်း၏ ရှားပါးဟာသသီချင်းများ) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အင်ဒိုနီးရှား၊ အိုမန်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းကာ ဆူဇူကီးပြိုင်ပွဲအတွက် မြန်မာအသင်း အပြီးသတ်ပြင်ဆင်မည်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် နိုဝင်ဘာ ၄ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် အိုမန်လက်ရွေးစင်အသင်းတို့နှင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ညနေ ၅ နာရီတွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်သုံးထောင်၊ ရိုးရိုးတန်း ကျပ်နှစ်ထောင် သတ်မှတ်ထားပြီး အခမဲ့ရုပ်သံလိုင်းဖြစ်သည့် MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်မှ ရရှိခဲ့သော အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များကို ယခုခြေစမ်းပွဲများတွင် ထပ်မံတွေ့မြင်နိုင်မည်ဖြစ်ပြီး လိုအပ်ချက်များရှိပါက ပြိုင်ပွဲအမီ ပြန်ပြင်ဆင်နိုင်မည်ဖြစ်သလို အားသာချက်များကိုလည်း ပိုမိုကောင်းမွန်အောင် ပြင်ဆင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် မေလတွင် စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး မလေးရှားလက်ရွေးစင်အသင်းနှင့် ပထမဆုံးခြေစမ်းကစားခဲ့ရာ ဂိုးမရှိ သရေကျခဲ့သည်။ ယင်းနောက် ဇွန်လဆန်းပိုင်းတွင် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကျင်းပခဲ့ရာ မြန်မာအသင်းသည် အကြိုဗိုလ်လုပွဲ၌ စင်ကာပူကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး တတိယနေရာလုပွဲတွင် ဟောင်ကောင်ကို သုံးဂိုးပြတ်အနိုင်ရခဲ့သောကြောင့် တတိယဆုရခဲ့သည်။ ထို့ပြင် ဆူဇူကီးပြိုင်ပွဲအတွက် အထိရောက်ဆုံး ပြင်ဆင်မှုအဖြစ် ဥရောပနိုင်ငံများတွင် တစ်လကျော်သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲ ရှစ်ပွဲကစားခဲ့ရာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်အပြီးတွင် ကစားသမား အပြောင်းအလဲလုပ်ခဲ့ပြီး ဝင်းမင်းထွဋ်(ရှမ်း)၊ သိန်းဇော်(ရန်ကုန်)၊ ကောင်းဆက်နိုင်(ရန်ကုန်/ဆာမတ်ဆာခွန်) တို့ကို အားဖြည့်ရွေးချယ်ကာ ၂၅ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။

ဥရောပခြေစမ်းခရီးစဉ်အပြီး မြန်မာအသင်းနှင့် ပထမဆုံးခြေစမ်းမည့် အင်ဒိုနီးရှားအသင်းသည် ဖီဖာ၏ အရေးယူမှုကြောင့် နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ခွင့် တစ်နှစ်ကျော်ပိတ်ပင်ခံခဲ့ရပြီး ပြီးခဲ့သည့်လပိုင်းကမှ ပြန်ကစားခွင့်ရခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် မလေးရှား၊ ဗီယက်နမ်တို့နှင့် ခြေစမ်းထားပြီး မြန်မာနှင့်ပွဲအပြီးတွင် ဗီယက်နမ်နှင့်ထပ်မံခြေစမ်းမည်ဖြစ်သည်။ ဆူဇူကီးပြိုင်ပွဲမတိုင်မီ အာဆီယံအသင်းတစ်သင်းနှင့် ကစားရသောကြောင့် မြန်မာအသင်းအတွက် အကျိုးရှိမည့် ခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာအသင်းနှင့် နောက်ဆုံးခြေစမ်းမည့် အိုမန်လက်ရွေးစင်အသင်းမှာ အာရှထိပ်တန်းအဆင့်ရှိသည့် အသင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်က ကစားခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲအပြီး ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်သည်။ အိုမန်လက်ရွေးစင်အသင်းသည် လက်ရှိကမ္ဘာ့အဆင့် ၁၂၉ တွင် ရပ်တည်လျက်ရှိပြီး ၂၀၀၄ ခုနှစ်က ကမ္ဘာ့အဆင့် ၅၀ အထိ အမြင့်ဆုံးတက်ရောက်ခဲ့ဖူးကြောင်း သိရသည်။ အာရှထိပ်သီးအသင်းဖြစ်သောကြောင့် မြန်မာအသင်းအတွက် အတွေ့အကြုံကောင်းများရရှိမည့် ပွဲဖြစ်ပြီး ၂၀၁၁ ခုနှစ်တွေ့ဆုံစဉ်က ပရိသတ်အချို့၏ အလွန်အကျူးအားပေးမှုကြောင့် ပထမပိုင်းမပြီးခင်ရပ်နားခဲ့ရသည့်ပွဲအတွက် စိတ်မကျေပွဲလည်းဖြစ်သည်။

ဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုမရသေးသည့် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ယခုနှစ်တွင် အောင်မြင်မှုရရေးကြိုးပမ်းလျက်ရှိသလို ပြင်ဆင်မှုအားကောင်းသည့်အပြင် ပရိသတ်များ၏ စည်းကမ်းတကျ တစ်ခဲနက်အားပေးမှုကို သာရခဲ့ပါက ရည်မှန်းချက်များ အကောင်အထည်ပေါ်လာဖွယ်ရှိနေသည်။

အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာလ တတိယပတ်တွင် စတင်ကျင်းပတော့မည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်ထားပြီး ပြိုင်ပွဲမတိုင်မီ အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ရန် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

■

## အောက်တိုဘာ ၁၉/၂၀ ရက် ယှဉ်ပြိုင်ကစားမည့် ပြိုင်ပွဲစဉ်များ

| | |
|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၀** | |
| ဆန်းဒါးလန်း - အာဆင်နယ် | ညနေ-၆း၀၀ |
| မန်ယူ - ဘန်လေ | ည-၈း၃၀ |
| မစ်ဒယ်ဘရော့ - ဘုန်းမောက် | ည-၈း၃၀ |
| စပါး - လက်စတာ | ည-၈း၃၀ |
| ဝက်ဖို့ဒ် - ဟားလ်စီးတီး | ည-၈း၃၀ |
| ဝက်စ်ဘရွန်း - မန်စီးတီး | ည-၈း၃၀ |
| ခရစ္စတယ်ပဲလေ့စ် - လီဗာပူး | ည-၁၁း၀၀ |
| **လာလီဂါ ပွဲစဉ် - ၁၀** | |
| စပို့တင်းဂီဂျွန် - ဆီဗီလာ | ညနေ-၅း၃၀ |
| အလာဗက်စ် - ရီးယဲလ်မက်ဒရစ် | ည-၈း၄၅ |
| အက်သလက် - မာလာဂါ | ည-၁၁း၀၀ |
| ဘာစီလိုနာ - ဂရန်နာဒါ | နံနက်-၁း၁၅ |
| **စီးရီးအေ ပွဲစဉ် - ၁၁** | |
| ဘိုလော့နာ - ဖီအိုရင်တီးနား | ည-၁၀း၃၀ |
| ဂျူဗင်တပ် - နာပိုလီ | နံနက်-၁း၁၅ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၉** | |
| မိန့်ဇ် - အင်ဂေါ့စတက် | ည-၈း၀၀ |
| ဝုဖ်ဘတ် - လေဗာကူဆင် | ည-၈း၀၀ |
| အော့စ်ဘတ် - ဘိုင်ယန်မြူးနစ် | ည-၈း၀၀ |
| ဝါဒါဘရီမင် - ဖရိုင်းဘတ် | ည-၈း၀၀ |
| ဒမ်စတက် - လိုက်ပ်ဇစ် | ည-၈း၀၀ |
| ဒေါ့မွန် - ရှော်လ်ကေး | ည-၁၁း၀၀ |

**မောင်မောင်ဇော်**


# မက်ဆီမရှိလျှင် နေမာလည်း ရှိလာမည်မဟုတ်

ဘာစီလိုနာအသင်းတွင် မက်ဆီမရှိလျှင်နေမာလည်း ဘာကာသို့လာရောက်ပူးပေါင်းမည်မဟုတ်ကြောင်း နေမာ၏ ဖခင်ဖြစ်သူက ထုတ်ဖော်ပြောကြားလိုက်သည်။ ဆန်းတို့စ်တွင် ကစားနေသည့် နေမာအားခေါ်ယူချင်သည့် ကလပ်အသင်းကြီးများစွာရှိသည့်အနက် ဘာစီလိုနာကိုသာ ရွေးချယ်ခဲ့ခြင်းက မက်ဆီကြောင့်သာဖြစ်ပြီး မက်ဆီမှာ နေမာ၏ စံပြကစားသမားဖြစ်ကြောင်း နေမာ၏ ဖခင်က ပြောကြားခဲ့သည်။

နေမာသည် ၂၀၁၃ခုနှစ်တွင် ဘာစီလိုနာသို့ပြောင်းရွှေ့လာပြီးနောက် လာလီဂါဖလားနှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်အပြင် အခြားဆုဖလားမြောက်မြားစွာ ရယူနိုင်ပြီး မက်ဆီ-ဆွာရက်ဇ်-နေမာ (MSN ) အတွဲမှာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်အတွဲအဖြစ် အားလုံးက လက်ခံထားကြရသည်။


"သူ(နေမာ)က ဒီနေရာ (ဘာစီလိုနာ)မှာ လာကစားတာက မက်ဆီကြောင့်ဖြစ်ပြီး မက်ဆီက သူ့ရဲ့စံပြုရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။တကယ်လို့ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့သာ မရှိလာရင်နေမာဆိုတဲ့ ကစားသမားလည်းရှိလာမှာ မဟုတ်ပါဘူး" ဟု နေမာ၏ ဖခင်ဖြစ်သူကပြောကြားခဲ့သည်။

ဆက်လက်၍ ၎င်းကပင် နေမာ၏အမည်မှာ ဖီဖာဘလွန်းဒီအောဆု ဆန်ခါတင်စာရင်းတွင်ပါဝင်နေ




သော်လည်း အဆိုပါဆုကို မက်ဆီသာ ရသင့်သည်ဟု သုံးသပ်ခဲ့သည်။သို့သော် ပေါ်တူဂီအသင်းနှင့် ယူရို ၂၀၁၆ ဖလား ဆွတ်ခူးခဲ့သလို ရီးယဲလ်မက်ဒရစ်အသင်းနှင့်လည်း ချန်ပီယံလိဂ်ဖလားရယူနိုင်ခဲ့သည့် စီရိုနယ်လ်ဒိုကသာ ၂၀၁၆ ဖီဖာဘလွန်းဒီအောဆုကို ရရှိရန် ထိပ်ဆုံးနေရာမှ ရေပန်းစားနေသည်။

# မန်ယူ၊ ချယ်လ်ဆီးတို့တွင်သွားရောက်ကစားခြင်းက ဖယ်လ်ကာအိုခြေစွမ်းကျခြင်း၏အဓိကအကြောင်းတရားဖြစ်




တိုက်စစ်မှူးဖယ်လ်ကာအို ခြေစွမ်းကျဆင်းသွားသည့် အဓိကအကြောင်းတရားမှာ ပြင်းထန်သည့် ဒူးဒဏ်ရာကြောင့်သာမက မန်ယူနှင့် ချယ်လ်ဆီးတို့တွင်သွားရောက်ကစားမိခြင်းကြောင့်ဖြစ်ကြောင်း မိုနာကိုနည်းပြ ဂျာဒင်က သုံးသပ်ပြောကြားလိုက်သည်။

ဖယ်လ်ကာအိုမှာ အက်သလက်တီကိုအသင်းနှင့်အတူ အပြောင်မြောက်ဆုံး ခြေစွမ်းတစ်ရပ်ကို ပြသနိုင်သူဖြစ်သော်လည်း မိုနာကိုအသင်းသို့ပြောင်းရွှေ့လာခဲ့ပြီးနောက် ဆိုးရွားသည့် ဒူးဒဏ်ရာ ခံစားခဲ့ရကာ ခြေစွမ်းပိုင်းပါ သိသိသာသာ ကျဆင်းသွားခဲ့သည်။ ၎င်းသည် မိုနာကိုမှ မန်ယူ၊ ချယ်လ်ဆီးပရီမီယာလိဂ်ကလပ်အသင်းနှစ်ခုသို့ နှစ်ရာသီ အငှားဖြင့် သွားရောက်ကစားခဲ့ရာ ယင်းကာလအတွင်း သွင်းဂိုးငါးဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် ဖယ်လ်ကာအိုအတွက်ဂိုးကပ်ဆိုက်သည့်အနေအထားဟူ၍ပင် နိုင်ငံတကာမီဒီယာများကရေးသားကြသည်။

ဖယ်လ်ကာအိုမှာ ယခုနှစ်ရာသီတွင်မိုနာကိုအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီး ပွဲစဉ်လေးပွဲ၌ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ရာ မိုနာကို နည်းပြဂျာဒင်က ဖယ်လ်ကာအိုမှာ ယခုထိ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးအဖြစ် ရှိနေဆဲဖြစ်ကြောင်း ဆိုခဲ့သည်။ ဂျာဒင်က ကစားသမားတစ်ဦး ဒဏ်ရာရရှိနေလျှင် အသင်းပြောင်းရွှေ့ကစားခြင်းက ကုစားနည်းမဟုတ်ဘဲလက်ရှိ ကလပ်အသင်းတွင်သာ ဆက်လက်နေထိုင်ပြီး ဒဏ်ရာပြဿနာမှ အမြန်ဆုံးလွန်မြောက်လာရန် အားထုတ်ရမည်ဖြစ်ကြောင်း သူ၏ ယူဆချက်ကိုလည်း ဖွင့်ချခဲ့သည်။

# ဒိုင်ဖြစ်သူအားပြောကြားခဲ့သည့် မှတ်ချက်အတွက် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့် မော်ရင်ဟို

မန်ယူနည်းပြ မော်ရင်ဟိုသည် မန်ယူနှင့် လီဗာပူးတို့ပွဲစဉ်ကို ကိုင်တွယ်သည့် ဒိုင်ဖြစ်သူတေလာနှင့် ပတ်သက်၍ ပွဲကြို မှတ်ချက်စကားဆိုခဲ့ခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခံရရန် ရှိနေသည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ မော်ရင်ဟိုက လီဗာပူးနှင့် မန်ယူတို့၏ ပွဲစဉ်ကို မန်ချက်စတာမြို့ ဇာတိဖွား တေလာအား ကိုင်တွယ်စေခြင်းက ဖိအားပေးခြင်းနှင့်သာ တူနေသည်ဟု မှတ်ချက်စကားဆိုခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက"ကျွန်တော့်စိတ်ထင် မစ္စတာတေလာက ပြီးပြည့်စုံတဲ့ ဒိုင်လူကြီးပါ။ ဒါပေမယ့် သူ့ကို တစ်စုံတစ်ယောက်က ရည်ရွယ်ချက်ရှိရှိနဲ့ ဖိအားများအောင် ဒီတာဝန်ကိုပေးခဲ့တာလို့တောင် ကျွန်တော်ထင်နေတယ်။ ဖိအားများမယ့် လူတစ်ယောက်က အကောင်းဆုံးစွမ်းဆောင်ရည်ကိုပြသဖို့ ခက်ခဲပါလိမ့်မယ်"ဟု မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေ၏စည်းမျဉ်းပိုင်းအရဆိုလျှင် မန်နေဂျာများသည် ပွဲစဉ်တစ်ခုမကစားမီ ဒိုင်များနှင့်ပတ်သက်၍ အကြိုမှတ်ချက်ပေးခွင့်မရှိပေ။မော်ရင်ဟိုအနေဖြင့် ယင်းသို့ မလျော်မကန် ပြောကြားခဲ့ခြင်းအတွက် အောက်တိုဘာ ၃၁ ရက်အထိ ပြန်လည်ထုချေခွင့်ရှိကြောင်း သိရသည်။

တေလာသည် အဆိုပါ လီဗာပူးနှင့် ပွဲစဉ်တွင် မန်ယူအသင်းသားများကို အဝါကတ်လေးကတ်အထိ ပြသသတိပေးခဲ့သည်ကိုတွေ့ရသည်။ ယခင်ဒိုင်လူကြီးချုပ်ကိတ်ဟက်ကက်ကပင် တေလာအား အဆိုပါ ပွဲစဉ်ကို တာဝန်ချထားခဲ့သည့် ပရော်ဖက်ရှင်နယ် ပြိုင်ပွဲတာဝန်ခံများ လီမိတက်၏ ဆုံးဖြတ်ချက်ကို မေးခွန်းထုတ်ခဲ့ပြီး တေလာသာ တစ်စုံတစ်ရာ ဆုံးဖြတ်ချက်မှားယွင်းပါက ပရိသတ်များ သည်းခံမှုအပိုင်း ပို၍အားနည်းမည်ဖြစ်ကြောင်း ထောက်ပြခဲ့သည်။ မော်ရင်ဟိုက ဒိုင်ဖြစ်သူနှင့်ပတ်သက်၍ မှတ်ချက်ချလျှင် ယင်းသို့ပြစ်ဒဏ် ချမှတ်ခံရမည်ကို သိရှိသော်လည်း ပြောကြားခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးနည်းပြဘဝကလည်း တစ်ပွဲပယ် ပြစ်ဒဏ်နှင့်ပေါင် ၄၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရပြီးဖြစ်သည်။

**မေလှသင်း - ရေးသားသည်။**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**သတင်းဆိုးကစလိုက်တာ**

သတင်းတပုဒ် ဖတ်ရသည်။ ရန်ကုန်တိုင်းထဲမှ မြို့နယ်တခုတွင် ပယောဂဆရာဆိုသူက ကလေးတွေမှာ ပယောဂဝင်နေသည်ဟုဆိုကာ ရိုက်ရင်းနှင့် ကလေးတွေ အသက်ထွက်ကုန်သည့် သတင်း။ စိတ်ထဲမချိလှသော်လည်း ကျွန်တော် ဘာမှမတတ်နိုင်။ ကလေးများ၏ မိဘတွေကလည်းသူတို့ မျက်စိအောက်တွင်ပင် ရင်သွေးလူမမယ်လေးတွေအား နှိပ်စက်ကလူနေသည်ကို ကြည်ကြည်ဖြူဖြူ ထိုင်ကြည့်နေခဲ့ကြခြင်းကလည်းပို၍ပင် မချိတင်ကဲဖြစ်စရာ။

စာအုပ်မျက်နှာစာ လူမှုကွန်ရက်မှာ ထိုသတင်းတက်လာတော့ ပရိသတ်အသီးသီး၏ ဝေဖန်သံတွေလည်းသောသောညံ။ စာအုပ်မျက်နှာစာသုံးဝေါဟာရကတော့ "စဆရက"တွေ၊ "စဆရမက"တွေ၊ ယဉ်ယဉ်ကျေးကျေးပြောလျှင်တော့ "ရွှေ ဆရာကြီးတွေ"၊ "ရွှေဆရာမကြီးတွေ"ကလည်းတစခန်းထသည်။ အမျိုးစုံပြောကြသည်။ အဓိကကထိုကလေးများ၏ မိဘတွေကိုအပြစ်တင်မဆုံးကြခြင်းပင်။

အမှန်တော့ လူမှုကွန်ရက်ပေါ်လာမှ သည်သတင်းမျိုးတွေကို ကြားရဖတ်ရတာဖြစ်သည်။ ကျွန်တော်တို့ မသိလိုက်သောအလားတူအဖြစ်မျိုးတွေက တခြားမြို့ တခြားရွာ၊ တခြား ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေမှာအဘယ်မျှရှိနေလောက် မည်ကိုစာဖတ်သူလူကြီးမင်းမှန်းဆ ကြည့်နိုင်လိမ့်မည် ထင်ပါသည်။

**အာမခံတယ်နော်**

ထိုကိစ္စနှင့် မရှေးမနှောင်းမှာပင် စာအုပ်မျက်နှာစာပေါ်၌ ကြော်ငြာတစ်ခုကို ဖတ်လိုက်ရပြန်သည်။ အဆင့်မြင့် ဘာသာပြန်သင်တန်းကြော်ငြာ။ ကြော်ငြာမှာရေထားသည်ကတော့အင်္ဂလိပ်သတင်းစာများဖတ်တတ်လာမည်၊ မိမိ၏ အင်္ဂလိပ်စာအဆင့်အတန်း မြင့်လာမည်၊ သတင်းဆောင်းပါး၊ သတင်းထုတ်ပြန်ချက်များကိုစီစဉ်ရေးသားတတ်လာမည်၊ ဘာသာပြန်ဆရာအဖြစ် အသက်မွေးနိုင်မည်၊ အင်္ဂလိပ်ဘာသာသတင်းဆောင်းပါးများကိုသဒ္ဒါမှန်မှန်၊ ချောချောမွေ့မွေ့ ဘာသာပြန်တတ်လာမည်. . . စသဖြင့်ဖွယ်ဖွယ်ရာရာစုံစုံလင်လင်။ ဆက်ဖတ်ကြည့်သောအခါ သင်တန်းကာလမှာ ၁၀ ပတ်တဲ့။ သို့ရာတွင် သေချာစေ့ငုကြည့်ပြန်သောအခါ ရက်သတ္တ ၁၀ ပတ်ဆိုသော်လည်းတပတ်မှ ၃ နာရီသာသင်မည်ဖြစ်သည်။ သို့ဖြစ်ပေရာနာရီပေါင်း ၃၀ သင်ရုံမျှနှင့်ထိုမျှတတ်အောင် သင်ပေးနိုင်သောဆရာ၊ ဆရာမသည်တန်ခိုးရှင်သာ ဖြစ်ပေလိမ့်မည်ဟု အောက်မေ့မိရပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း နှစ်ပေါင်း ၂၀ ကျော်မျှ အင်္ဂလိပ်စာ"သင်စား" ခဲ့ဖူးပါသည်။ အစကကိုးတန်း၊ ဆယ်တန်း၊ နောက်တော့ တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်တွေ၊ နောက်ပိုင်းတွင် အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေးသင်တန်းတွေ။ အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေးသင်တန်းများကို ကျွန်တော်ကအာမခံနှင့် သင်ခြင်းဖြစ်ပါသည်။ ကျွန်တော့်အာမခံချက်ကို တဆိတ်ဖတ်ရှုတော်မူပေးကြပါခင်ဗျား။

"လူတယောက် တနေ့အိပ်ချိန် ပျမ်းမျှ ကိုးနာရီသာသာထိုးထိုးထားလျှင် နိုးနေချိန်မှာ ၁၅ နာရီဖြစ်ပါသည်။ သို့ဖြစ်ရာတပတ်လုံးအတွက် နိုးနေချိန်စုစုပေါင်းမှာ ၁၀၅ နာရီဖြစ်သည်။ တပတ်စာအတွက် ယနေ့ခေတ် ဆရာနှင့်ကျောင်းသားပေးနိုင်ချိန်မှာအလွန်ဆုံးမှ ၆ နာရီ။ တပတ်ကို ၆ နာရီအင်္ဂလိပ်စာသင်၊ ကျန်သော ၉၉ နာရီမှာ ဗမာစကားတွေပဲပြော၊ ဗမာစာတွေပဲဖတ်၊ ဗမာကားတွေပဲကြည့်၊ ဗမာသီချင်းတွေပဲနားထောင်နေလို့ကတော့ သည်ဘဝမပြောနှင့်၊ ဘဝဆက်တိုင်းဆက်တိုင်းမတတ်စေရဟုအာမခံပါကြောင်း"ဟူလို။

**ရောင်းသူဝယ်သူ**

ကျွန်တော်ကသာထိုနှယ်ပြောနေသည်၊ အထက်ကကြော်ငြာလိုအချိန်တိုနှင့် တတ်စေမည်ဟုဝါထားသောသင်တန်းတွေက ခေတ်အဆက်ဆက်မှာအပြိုင်းအရိုင်း။ ကျွန်တော်တို့ဆိုလျှင် ကျူရှင်ဟုခေါ်သော"ဆိုရှယ်လစ်ပညာရေး စနစ်သစ်မဟာ"၏ "စက်ဆုပ်ဖွယ် အကောင်းဆုံးဘေးထွက်ဆိုးကျိုး" စတင်ပေါ်ပေါက်သည့် ခေတ်တွင် လူဖြစ်လာခဲ့ခြင်း ဖြစ်လေသည်။ ကျွန်တော်တို့ ခြောက်တန်း၊ ခုနစ်တန်းရောက်ချိန် ၁၉၆၀ ပြည့်လွန်အနှောင်းပိုင်းကာလတွင် ကျူရှင်တွေ စတင် လူးလွန့်လာခဲ့ပါသည်။ ကျွန်တော် အမှတ်မမှားဘူးဆိုလျှင် သင်္ချာဆရာဦးဦးသာ၊ ရူပဗေဒဆရာဦးအောင်ဖေညွန့်တို့မှာ ထိုခေတ်ကိုဦးဆောင်ခဲ့ကြသည့် "စွန့်ဦးတီထွင်သူများ"ပင်။

ကျွန်တော်တို့ ကိုးတန်း၊ ဆယ်တန်းရောက်သော ၁၉၇၀ ပြည့်လွန်စောစောပိုင်းအခါတွင်မူ ကျူရှင်ခေတ်ကြီးစည်ပင်နေ ပါပြီ။ နာမည်လည်းကျော်၊ အမှန်လည်းထူးချွန်လှသော ကျူရှင်ဆရာတဦး၏ ကျောင်းမှအနည်းငယ်ညဏ်ရှိသောကျောင်းစာရေးသည်ပင်လျှင် ဟိုဆရာ၏ သင်နည်းများကိုအတုခိုးကာ တစင်ထောင် အောင်မြင်ခဲ့သည့်ခေတ်မှာထိုခေတ်ပင်ဖြစ်သည်ဟုမှတ်မိနေပါသေးသည်။ တိုက်ဆိုင်ချင်တော့ ကျွန်တော်တို့ တက္ကသိုလ်ရောက်သော ၁၉၇၀ ပြည့် လွန် အလယ်ပိုင်းကာလမှာတော့ တက္ကသိုလ်တန်းတွေ ကျူရှင်ယူသည့် ဇာတ်လမ်းလည်းအစပြုလာခဲ့ပြန်လေသည်။

မိဘဆိုတာကတော့ ကျွန်တော့်မိဘတွေလည်းအတူတူ၊ သူတပါးမိဘတွေလည်းအတူတူ၊ ကိုယ့်သားသမီးကိုယ် အတော် ဆုံးအတတ်ဆုံးဖြစ်စေချင်သည့် စေတနာအတိရှိကြသူများပီပီသူတို့ ရှိစုမဲ့စုလေးတွေနှင့် သားသမီးများ၏ ပညာရေးကိုပံ့ပိုးပေးရန် ဝန်မလေးကြသူချည်း ဖြစ်သည်ဟုထင်ပါသည်။ လိုလို၊ မလိုလို ကျွန်တော်တို့သာ ကျူရှင်တက်ချင်သည်ဆိုလျှင် သူတို့ အငတ်ခံပြီးကျူရှင်ဖိုးပေးကြမည့် မိဘကအများဆုံးဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ကခေတ်ကောင်းမီလိုက်သည်ဟုမဆိုနိုင်သည့်တိုင် သိပ်မဆိုးသောခေတ်မှာလူဖြစ်သည်ဟုမူဆိုရပါမည်။ ကျွန်တော်တို့ကိုသင်ကြားပေးသောကျောင်းမှ ဆရာ၊ ဆရာမများသည်လည်းကောင်း၊ ကျူရှင်ဆရာများသည်လည်းကောင်း ကျွန်တော်တို့၏ တတ်မြောက်မှုကို ဦးစားပေးသင်ကြားခဲ့ကြသူများဖြစ်သောကြောင့် တိုသို့ဆိုရခြင်း ဖြစ်ပါသည်။ ထိုမှ ၄-၅ နှစ်ခန့်အကြာ ကျွန်တော်ဘွဲ့ရပြီး ကျူရှင်ဆရာ"လုပ်စား"ချိန်တွင်မူထိုသို့ မဟုတ်တော့ပါချေ။ ကျောင်းသား"တတ်ဖို့"ထက် "အမှတ်များများရဖို့၊ အောင်ဖို့"ကိုသာဦးစားပေးသော ကျူရှင်ဆရာတွေ မှိုလိုပေါက်လာပါတော့သည်။

ကျောင်းသားကိုတတ်အောင် သင်သောဆရာ၊ ဆရာမတွေ ကျဆုံးကုန်ကြသည်။ ဖြတ်လမ်းနည်းပြပေးတတ်ကြသောဆရာ၊ ဆရာမတွေဝက်ဝက်ကွဲအောင်မြင်ကြသည်။ ထိုအဖြစ်ကတနေ့တခြားဆိုးသထက် ဆိုးလာသည်မှာ ယခုသော် ပညာရေးမှာအများသိတော်မူသည့်အတိုင်း၊ အဖတ်လည်းဆည်မရ၊ အရည်လည်းခမ်းနေပါလေပြီ။

**ဘာများကွာလို့လဲဗျာ**

ဘယ့်နှယ်ကဘယ့်နှယ်၊ ကလေးတွေကို ရိုက်သတ်ခဲ့သောပယောဂဆရာမှသည် ကျူရှင်တွေဆီရောက်သွားပါလိမ့်ဟုစာဖတ်သူလူကြီးမင်းတွေးကောင်းတွေးနေပါလိမ့်မည်။

ပထမဆုံးကတော့ ထိုကိစ္စနှင့် မရှေးမနှောင်းတွေ့လိုက်ရသော"အဆင့်မြင့် ဘာသာပြန်သင်တန်း"ကြော်ငြာကြောင့်ပင် ဖြစ်ပါသည်။ ထိုကြော်ငြာ၏ လက်ကမ်းခါတ်ပုံမှာရေးထားသည့် အင်္ဂလိပ်စာလုံးကိုကအလွဲ။ အဆင့်မြင့် ဘာသာပြန် သင်တန်းဟုရေးရမည့်အစား"တင်ကြိုဘာသာပြန်သင်တန်းဟုရေးထားလေသည်။ မြန်မာလိုမှာတော့ အဆင့်မြင့် ဖြစ်ပါသည်။ Advance (တင်ကြို)နှင့် Advanced (အဆင့်မြင့်) ဝေါဟာရများကိုသဒ္ဒါမှန်မှန် ဘာသာပြန်တတ်အောင် သင်ပေးမည့်သူကိုယ်တိုင်ကမကွဲရှာချေ။

ထိုကြော်ငြာရှင်သည် တကယ်တော့ ဟိုပယောဂဆရာနှင့် သိပ်မကွာလှပါချေ။ ကျားကျားမီးယပ်သမားချင်းအတူတူပင် မဟုတ်တုံလော။ သူ့ထံ စာရင်းသွင်းကြလေမည့် သင်တန်းသားတွေကရော"အဟဲ" အားတော့နာပါရဲ့ဗျာ၊ ထိုသူများမှာလည်းပယောဂဆရာပြုသမျှ လည်စင်းခံကြမည့် ကလေးများဟုတွက်လျှင်မှားပါလိမ့်မည်။ ထိုသို့သော"အဆင့်မြင့်"သင်တန်းမျိုးကိုသွားတက်ကြမည့်သူများမှာမိမိကိုယ်တိုင် ဆုံးဖြတ်နိုင်သည့် အရွယ်ရောက်သူများသာ ဖြစ်ပါလိမ့်မည်။ သို့ဖြစ်ပေရာထိုသူများမှာပယောဂဆရာကိုလည်စင်းပေးရန် အသင့်ရှိနေကြသည့် မိဘများနှင့် အလားသဏ္ဍာန် တူလွန်း ပြန်လေသည်။

ဟိုပယောဂဆရာကလူ့အသက်ကိုသတ်သည်၊ သူ့ကိုယ်သူတော့ ဆရာတဆူထင်နေသည်။ အမှန်ကသူ့မှာပညာဝမ်းစာမပြည့်ရှာ။ သည်သင်တန်းဆရာကမူလူတွေ၏ အသိတွေကိုသတ်ပြန်ဦးတော့မည်။ သူ့ကိုယ်သူလည်းဆရာတဆူဟုအယူတိမ်းနေခြင်းမှာလည်းသိပ်မကွာလှ။

ထိုမှတပြီးကားခေတ်အဆက်ဆက်ရှိနေသော ကျူရှင်တွေကိုလည်း ပယောဂဆရာတွေအဖြစ် မြင်လာမိပါသည်။ ကျောင်းသားတွေ၏ အသိပညာကိုသတ်နေကြသူများ၊ ဆင်ခြင်တုံတရားကိုသုတ်သင်နေကြသူများသာ။ပေါက်ပင် ဘာ့ကြောင့် ကိုင်းသနည်း။ ဟိုပယောဂဆရာကြောင့် သွားလေသူကလေးများ၏ မိဘများနှင့် သိပ်ထူးမခြားနားလှသောမိဘများ၏ မျက်နှာတွေ အစီအရီပေါ်လာသည်။ ကျောင်းကြီးတွေ ရှေ့မှာဝိုင်းဖွဲ့ထိုင်နေသောသားသည်မအေတွေ၊ ကလေးကို ကျူရှင်တခုမှ တခုအကူးကားပေါ်တွင် ထမင်းခွံ့သွားလေသောသားသည်မအေတွေ၊ ကျူရှင်ပြီးသည်နှင့် စာကျက်လမ်းညွှန်ဆီမှာ စာပြန်အံခိုင်းသောမိဘတွေ၊ စာမေးပွဲချိန်ဆိုလျှင်လည်းကျောင်းရှေ့က တဖဝါးမခွာဘဲသည်းသည်းလှုပ်နေသောမိဘတွေသည်လည်းကိုယ့်မျက်စိအောက်တွင် ကိုယ့်ကလေးအား နှိပ်စက်နေသည့် ပယောဂဆရာကို ကြည်ကြည်ဖြူဖြူ လက်ပိုက်ကြည့်နေခဲ့သည့် မိဘများနှင့် ဘာမှ မခြား။

**လမ်းကဖြင့် ရှိနေတယ်နော**

ဆက်စဉ်းစားလိုက်လျှင် မီးခိုးကြွက်လျှောက်၊ မိုးမဆုံးမြေမဆုံး။ ပယောဂဆရာနှင့် အလားသဏ္ဍာန်တူသူတွေက ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိနေသလိုအဲသလိုပယောဂဆရာကိုမှ အားကိုးချင်စိတ်အပြည့်ရှိသည့် အဆင်ခြင်မဲ့တွေကလည်းအုံနှင့် ကျင်းနှင့် ရှိနေသည်မှာမငြင်းသာချေ။

စကားစပ်သဖြင့် ပြောရဦးမည်။ ဘွဲ့ကြီးကြီးရထားသည့် ပညာတတ်တွေကြားမှာပင် ပယောဂ၊ အောက်လမ်း၊ အထက် လမ်း၊ ဗေဒင်၊ ယတြာ၊ အကြားအမြင်၊ မှော်၊ စုန်း၊ ကဝေစသည်များကိုလေးလေးနက်နက် သက်ဝင်ယုံကြည်သူတွေ မျက်ဝါးထင်ထင် မြင်ဖူးပါသည်။ ဘယ်လိုမှ မျှော်လင့်မထားသည့် ဘာသာခြားထဲမှာပင် မြင်ဖူးခဲ့ပေသေးသည်။ ဆင်ခြင်တုံတရားကားဘာသာအယူဝါဒနှင့်လည်းမဆိုင်၊ ဘွဲ့လက်မှတ်နှင့်လည်းမဆိုင်၊ ရာထူးဂုဏ်သိရ် စည်းစိမ်ဥစ္စာနှင့်လည်းမဆိုင်ရေးချ မဆိုင်ဟုသာဆိုရုံရှိပါတော့သည်။

ကျွန်တော်တင်ပြခဲ့သောပယောဂဆရာအထွေထွေ၊ ပျောက်စေဆရာအထွေထွေ ပပျောက်ဖို့အတွက် အရေးတကြီးလိုအပ်နေသည်မှာလူအများစု၏ ဆင်ခြင်တုံတရားသာ ဖြစ်ပါသည်။ ဝယ်မည့်သူမရှိလျှင် ရောင်းမည့်သူတွေမျိုးတုံးကုန်မည်မှာမလွဲသောလောကနိယာမပင်ဖြစ်ပါသည်။ လူအများစုမှာ ဆင်ခြင်ဉာဏ်ရှိပြီးမတော်တာကိုမတော်မှန်း၊ မသင့်တာကိုမသင့်မှန်းသိလာကြမည်ဆိုလျှင် ထိုသူများအတွက် နေရာရှိတော့မည် မဟုတ်ပေ။ ထိုသို့သာဆိုလျှင်ဖြင့် ဟိုကလေးတွေလိုသေကျေတာတွေလည်းမရှိနိုင်တော့သလိုမျိုးဆက်လိုက် ဆင်ခြင်တုံတရားအသတ်ခံထားရသူများလည်းကျဲပါးလာတော့မည်မှာ မလွဲပါချေ။

လူအများမှာဆင်ခြင်တုံတရားရှိလာအောင် မည်သို့ဆောင်ရွက်ကြ မည်နည်း။

ဟုတ်ကဲ့- အဖြေကရှင်းပါသည်။ ဆင်ခြင်စဉ်းစားမှုကိုသတ်ပစ်နေသော ပညာရေးကြီးကိုမူကြိုမှသည် ပါရဂူတန်းအထိအမြစ်ကလှန် ပြောင်းလဲမှသာဖြစ်မည်ကိုလူတိုင်းသိမည်ဟုယူဆပါသည်။ ဟိုတနေ့က ကျွန်တော်ပင် ရေးခဲ့သည့် လူထုလုံခြုံရေးသည် ပထမ၊ လူထုဘေးကင်းရေးသည် ဒုတိယ၊ လူထုသည်သာတတိယဟူသောစိတ်ဖြင့် လူထုအပေါ် စေတနာတကယ်ထား ကြမည်ဆိုလျှင်ဖြင့် ပယောဂဆရာတွေ၊ ပျောက်စေဆရာတွေလည်းကွယ်၊ လူထုဉာဏ်လည်းကြွယ်လာမည်ဖြစ်ပါကြောင်းမပြောရဲပြောရဲနှင့်ပင် အားတင်းပြောကြည့်လိုက်ရပြန်ပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာတစုံတရာရသွားမည်ဟု မျှော်လင့်လျက်ပါခင်ဗျား။

■ ■ ■

## မန္တလေးတက္ကသိုလ် တည်ဆောက်စဉ် သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများမှ နစ်နာတောင်သူများနှင့်တွေ့ဆုံ

ကလေး အောက်တိုဘာ ၂၈

ကလေးတက္ကသိုလ် တည်ဆောက်စဉ်က ပညာရေးဝန်ကြီးဌာနမှ သိမ်းဆည်းထားသော လယ်ယာမြေနှင့် အခြားမြေ စုစုပေါင်း ၆၇ ဒသမ ၁၄ ဧကအတွက် နစ်နာတောင်သူများ နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက လှိုင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးရွာလ် အိတ်နှင့် ကော်မတီဝင်များ၊ မြေတိုင်းစာရေး ဦးမြင့်စိုးတို့ကမြေယာဥပဒေ၊ နစ်နာကြေး၊ လျော်ကြေးပေးပုံပေးနည်း၊ အမှန်တကယ်နစ်နာသူ ဟုတ်၊ မဟုတ် သက်သေအထောက်အထားရှိ၊ မရှိ၊ တိုင်စာတွင်ရှိသော ဧကအရေအတွက်၊ သိမ်းဆည်းစဉ်က မြေစာရင်းတွင်ရှိသော ဧကနှင့်ကိုက်ညီခြင်း ရှိ၊ မရှိ စသည်တို့ကို စေတနာထက်သန်စွာ အလေးထားစိစစ်ပေးကြပြီး စိစစ်ဆောင်ရွက်ပြီးစီးမှုများကို အမြန်ဆုံးတင်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလိုတွေ့ဆုံဖို့ ဖိတ်ကြားခံရပြီး ကွင်းဆင်းစိစစ်ပေးတဲ့ အတွက် ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေ အမှန်ရောက်ရှိလာမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ တောင်သူတွေကလည်း ထိုက်တန်တဲ့ နစ်နာကြေးတွေရရှိဖို့တင်ပြပြီး လက်မှတ်ထိုးထားပါတယ်။ ထိုက်တန်တဲ့နစ်နာကြေးဆိုတဲ့နေရာမှာ ဒေသပေါက်ဈေးရဲ့ မြေယာဈေးနှုန်းပေါ်မှာ ဖြစ်ရိုးဖြစ်စဉ်အတိုင်းနဲ့ လယ်ယာမြေနည်း ဥပဒေအတိုင်းပေါ့။ တည်ဆဲမြေယာဥပဒေ လုပ်ထုံး လုပ်နည်းများနဲ့အညီ ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ပေးဖို့ မျှော်လင့်ရင်း နစ်နာကြေးရရှိဖို့ အခုလိုတောင်းဆိုခဲ့ခြင်းဖြစ်ပါတယ်" ဟု နစ်နာတောင်သူတစ်ဦးဖြစ် သူ ဦးခုပ်ဇပေါင်က ပြောသည်။ **ဂျိုးနက်**

# ကမ္ဘာ့လက်ဆေးခြင်းနေ့ အခမ်းအနားတွင် လက်ဆေးခြင်း အဆင့်ဆင့် သရုပ်ပြ၍ ဉာဏ်စမ်းပဟေဠိ ဖြေဆိုပြိုင်ပွဲကျင်းပ




**မလှိုင် အောက်တိုဘာ ၂၈**
မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း LEGACY စီမံကိန်းမှ ကြီးမှူးပြုလုပ်သော ကမ္ဘာ့လက်ဆေးနေ့ (Global Hand Washing Day) အထိမ်းအမှတ်အခမ်းအနားတွင် လက်ဆေးခြင်းအဆင့်ဆင့် သရုပ်ပြခြင်းနှင့် ဉာဏ်စမ်းပဟေဠိ ဖြေဆိုပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက မလှိုင်မြို့ ရွှေကျင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည် ။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း LEGACY Project မှ စီမံကိန်းမန်နေဂျာ ဒေါ်ဝင်းမာတို့က အမှာစကားများပြောကြားပြီး စီမံကိန်းအရာရှိ ဒေါ်မြမြသွေးက လက်ဆေးခြင်းနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းမှ ဆရာမလေးများက လက်ဆေးခြင်းအဆင့်ဆင့်ကို ကဗျာရွတ်ဆို၍ သရုပ်ပြသပေးခဲ့သည်။ ယင်းနောက် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူလေးများက အစုအဖွဲ့ ငါးဖွဲ့ခွဲ၍ လက်ဆေးခြင်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခဲ့ပြီး ဉာဏ်စမ်းမေးခွန်းများကိုဖြေဆိုခဲ့ကြရာ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းသည် မလှိုင်မြို့နယ်တွင် LEGACY စီမံကိန်းကို LIFT မှလှူဒါန်းသော ရန်ပုံငွေဖြင့် SCI၊ IPA၊ PGMF တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## ယစ်မျိုးလိုင်စင်မဲ့ဆိုင်များအား ရှောင်တခင်စစ်ဆေး

**ချောင်းဆုံ အောက်တိုဘာ ၂၈**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း တရားမဝင်ယစ်မျိုးလိုင်စင်မဲ့ဆိုင်များ ဖွင့်လှစ်ရောင်းချမှု မရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒု-ဦးစီးအရာရှိ ဦးခင်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒု-ရဲအုပ်ကျော်စွာအောင်၊ မြို့နယ်စည်ပင်သာယာအဖွဲ့မှ စည်းကမ်းထိန်း-၃ ဦးတိုးသူရကျော်နှင့် မြို့နယ်ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများသည် အောက်တိုဘာ ၂၆ ရက် နံနက် ၁၁ နာရီက တရားမဝင်ယစ်မျိုးဆိုင်များ ဖွင့်လှစ်ရောင်းချမှုမရှိစေရေး ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးခြင်းကို ဘိုးနက်ကျေးရွာအုပ်စု၊ မုဒွန်းကျေးရွာအုပ်စုနှင့် ကမာမိုကျေးရွာအုပ်စုတို့တွင် တရားမဝင် လိုင်စင်မဲ့ရောင်းချနေသည့် ဆိုင်လေးဆိုင်အား ဝင်ရောက်စစ်ဆေးခဲ့ရာ ခေါင်ရည် ၆၉ လုံးနှင့် Myanmar Beer တံဆိပ်ပါ ဘီယာ ၁၈ ဘူး၊ LEO တံဆိပ်ပါ ဘီယာကိုးဘူး၊ SINGERတံဆိပ်ပါဘီယာခုနစ်ဘူး၊ Tiger တံဆိပ်ပါ ဘီယာ ၁၂ လုံးပါ တစ်ဖာ၊ Royal Club ဝီစကီပုလင်းပြားလေးပြား သိမ်းဆည်းရမိခဲ့ပြီး ယစ်မျိုးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်လှစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲစခန်းမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ

**သုံးခွ အောက်တိုဘာ ၂၈**
ဥပဒေအရ ခွင့်ပြုခြင်းမရှိသည့် ဆိုးဆေးပါသော အစားအစာများ၊ တာရှည်ခံဓာတုဆေးဝါး အသုံးပြုထုတ်လုပ်ထားသော အစားအစာများ၊ သက်တမ်းလွန်သော အစားအစာများကို သိရှိ၍ ရှောင်ကြဉ်နိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ရန်ကုန်တောင်ပိုင်းခရိုင်စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီက သုံးခွမြို့ မြို့လယ်ရှစ်မျက်နှာစေတီတော် ပရိဝုဏ်အတွင်းရှိ ဓမ္မရက္ခိတတန်ဆောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင် ဦးတင်ဝင်းက စားသုံးသူအကာအကွယ်ပေးရေးအကြောင်းပြောကြားပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရွှေဖြူက စားသုံးသူ၏အခွင့်အရေးများ၊ အစားအသောက်များတွင် မသုံးစွဲရန်တားမြစ်ထားသော ဆိုးဆေးလေးမျိုးအကြောင်းနှင့် အန္တရာယ်ရှိ အစားအသောက်များကြောင့် ဖြစ်ပွားလာနိုင်သည့်ဆိုးကျိုးများအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများကို အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ သုံးခွမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးမှူး အဆင့် ၁ ဦးအောင်ဇော်ထက်က စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ရွေးချယ်စားသုံးခြင်းနှင့် ထုတ်လုပ်သူများက တာရှည်ခံဆေးများထည့်သွင်းထုတ်လုပ်မှုများ ရှောင်ရှားထုတ်လုပ်ကြစေလိုကြောင်း ပြောကြားပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ် ဦးဌေးမိုးက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ယင်းအဖွဲ့သည် သုံးခွမြို့ မြို့မဈေးကြီးအတွင်း ရောင်းချနေသော ဆေးဆိုင်များ၊ ကုန်မျိုးစုံဆိုင်၊ အလှကုန်ဆိုင်၊ မုန့်ဆိုင်များအား လှည့်လည်စစ်ဆေးခဲ့ကြသည်။

သုံးခွမြို့နယ်တွင် ပြည်သူများ၏ကျန်းမာရေးအတွက် ကုန်မျိုးစုံဆိုင်များ၊ စာသင်ကျောင်း၊ ဈေးဆိုင်များ၊ ဆေးမျိုးစုံရောင်းချလျက်ရှိသော ဆိုင်များကို စားသုံးသူရေးရာဦးစီးဌာန၊ သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးလျက်ရှိပြီး စာသင်ကျောင်းများတွင်လည်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိကြောင်း မြို့နယ်တာဝန်ခံ ဦးကျော်စိုး၏ပြောကြားချက်အရ သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

## ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေစေရေး ကွန်ကရစ်လမ်းများ ခင်းမည်

**ဝါးခယ်မ အောက်တိုဘာ ၂၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းများပြုပြင်ထိန်းသိမ်းခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှုကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး၊ အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအနေဖြင့် ကျုံမငေးမြို့တွင် အရှည် ၅၅၇ ပေ၊ အကျယ် ၇ ပေ၊ ထု ၆ လက်မရှိ မြမာလာ ၅ လမ်းကို စုစုပေါင်းကုန်ကျငွေ ၆၂ သိန်းဖြင့်လည်းကောင်း၊ အရှည် ပေ ၁၃၅၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ နဒီအောင်မြေရပ်ကွက် စက်ရုံလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သိန်း ၁၁၀ နှင့် ပြည်သူလူထုမှထည့်ဝင်ငွေ ၁၀၃ ဒသမ ၅ သိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး အရှည် ၁၃၁၇ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ရွှေလောင်းကျေးရွာအုပ်စု မေတ္တာလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၁၃၈ ဒသမ ၇ သိန်းနှင့် ပြည်သူလူထုမှ ထည့်ဝင်ငွေ ၆၉ ဒသမ ၃ သိန်းဖြင့်လည်းကောင်း၊ အရှည် ပေ ၁၀၀၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ကျွန်းကုန်ကျေးရွာအုပ်စု အောက်ဥယျာဉ်လမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၁၀၅ ဒသမ ၄ သိန်းနှင့် ပြည်သူလူထုမှထည့်ဝင်ငွေ ၅၂ ဒသမ ၆ သိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**





ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အောက်တိုဘာ ၂၅ ရက်မှစတင်၍ မြို့တွင်းအမှိုက်သိမ်းဆည်းရာတွင် ခေါင်းလောင်းတီးစနစ်အစား အသံချဲ့စက်တပ်ဆင်၍ အမှိုက်သိမ်းဆည်းသည့်စနစ်သို့ ပြောင်းလဲဆောင်ရွက်နေသောကြောင့် ပြည်သူများ ကျေနပ်သဘောကျကြောင်း သိရသည်။ **မျိုးမျိုး(ဆင်ပေါင်ဝဲ)**

## စေတုတ္တရာမြို့နယ်တွင် စည်ပင်သာယာရေးလုပ်ငန်းများ ပွင့်လင်းမြင်သာစွာ ရှင်းလင်း

**စေတုတ္တရာ အောက်တိုဘာ ၂၈**
စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်ကွက်နေပြည်သူများ ပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ငန်းများချပြရှင်းလင်းခြင်းကို အမှတ် ၂ လယ်ပြင်စုရပ်ကွက်၌ အောက်တိုဘာ ၂၅ ရက် ည ၈ နာရီက ပြုလုပ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်တွင် ဆောင်ရွက်ပေးမည့် အမှတ် ၂ လယ်ပြင်စုရပ်ကွက်အတွင်းရှိ လမ်းမကြီးအား ခွင့်ပြုရန်ပုံငွေကျပ် ၁၅၂ ဒသမ ၅ သိန်းဖြင့် အရှည် ပေ ၁၈၀၀၊ အနံ ၁၀ ပေရှိ ကျောက်ချောလမ်းခင်းခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းပမာဏအတိုင်းအတာ၊ သုံးစွဲကုန်ကျငွေ၊ အသုံးပြုပစ္စည်းစာရင်း၊ လုပ်ငန်းဆောင်ရွက်သည့် အင်ဂျင်နီယာ စသည့်အချက်အလက်များကို ရပ်ကွက်အတွင်းရှိ ပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းချပြ ဆောင်ရွက်ခဲ့သည်။

အဆိုပါလမ်းပြီးစီးပါက ရပ်ကွက်အတွင်းရှိ ပြည်သူများသာမက မုန်းချောင်းရေလှောင်တမံနှင့် ခြင်ပြစ်ကိုင်းကျေးရွာရှိ ပြည်သူလူထုများအတွက် လမ်းပန်းဆက်သွယ်ရေး၊ သွားလာရအဆင်ပြေမည်ဖြစ်ကြောင်း သိရှိရသည်။

**မိုးပြည့်**

## ပရီမီယာလိဂ်ရင်ခုန်သံ - ၁၀

# ချန်ပီယံလိဂ်ဖိအားကြားကဂိုးပြတ်နိုင်ဖို့ခက်နေတဲ့မန်စီးတီး

**ပရီမီယာလိဂ်ပွဲစဉ်-၁၀ ကိုလာမယ့် အောက်တိုဘာ ၂၉၊ ၃၀ နဲ့ နိုဝင်ဘာ ၁ ရက်တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ ပွဲစဉ်-၉ တုန်းက ပဲလေ့စ်ကိုအနိုင်ရယူနိုင်ခဲ့တဲ့ လက်စတာအနေနဲ့ စပါးနဲ့ရင်ဆိုင်ရမှာ ဖြစ်တာကြောင့် နှစ်ပွဲဆက် အနိုင်ရယူနိုင်ပါ့မလားဆိုတာစိတ်ဝင်စားဖို့ကောင်းနေပါတယ်။**




**ရှိုင်း မင်း မင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ကော်စတာ(ချယ်လ်ဆီး) | - ၇ ဂိုး |
| လူကာကူ( အဲဗာတန်) | - ၆ ဂိုး |
| အန်တိုနီယို( ဝက်စ်ဟမ်း) | - ၅ ဂိုး |
| ဝဲလ်ကော့( အာဆင်နယ်) | - ၅ ဂိုး |
| အဂူရို(မန်စီးတီး) | - ၅ ဂိုး |

**ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | မန်စီးတီး | ၉ | ၆ | ၂ | ၁ | ၂၀ | ၉ | ၁၁ | ၂၀ |
| ၂ | အာဆင်နယ် | ၉ | ၆ | ၂ | ၁ | ၁၉ | ၉ | ၁၀ | ၂၀ |
| ၃ | လီဗာပူး | ၉ | ၆ | ၂ | ၁ | ၂၀ | ၁၁ | ၉ | ၂၀ |
| ၄ | ချယ်လ်ဆီး | ၉ | ၆ | ၁ | ၂ | ၁၉ | ၉ | ၁၀ | ၁၉ |
| ၅ | စပါး | ၉ | ၅ | ၄ | ၀ | ၁၃ | ၄ | ၉ | ၁၉ |
| ၆ | အဲဗာတန် | ၉ | ၄ | ၃ | ၂ | ၁၃ | ၈ | ၅ | ၁၅ |
| ၇ | မန်ယူ | ၉ | ၄ | ၂ | ၃ | ၁၃ | ၁၂ | ၁ | ၁၄ |
| ၈ | ဆောက်သမ်တန် | ၉ | ၃ | ၄ | ၂ | ၁၁ | ၈ | ၃ | ၁၃ |
| ၉ | ဝက်ဖို့ဒ် | ၉ | ၃ | ၃ | ၃ | ၁၃ | ၁၃ | ၀ | ၁၂ |
| ၁၀ | ဘုန်းမောက် | ၉ | ၃ | ၃ | ၃ | ၁၂ | ၁၂ | ၀ | ၁၂ |
| ၁၁ | ခရစ္စတယ်ပဲလေ့စ် | ၉ | ၃ | ၂ | ၄ | ၁၂ | ၁၂ | ၀ | ၁၁ |
| ၁၂ | လက်စတာ | ၉ | ၃ | ၂ | ၄ | ၁၁ | ၁၅ | -၄ | ၁၁ |
| ၁၃ | ဝက်စ်ဘရွန်း | ၉ | ၂ | ၄ | ၃ | ၁၀ | ၁၀ | ၀ | ၁၀ |
| ၁၄ | ဘန်လေ | ၉ | ၃ | ၁ | ၅ | ၈ | ၁၃ | -၅ | ၁၀ |
| ၁၅ | ဝက်စ်ဟမ်း | ၉ | ၃ | ၁ | ၅ | ၁၀ | ၁၇ | -၇ | ၁၀ |
| ၁၆ | စတုတ် | ၉ | ၂ | ၃ | ၄ | ၉ | ၁၆ | -၇ | ၉ |
| ၁၇ | မစ်ဒယ်ဘရော့ | ၉ | ၁ | ၄ | ၄ | ၇ | ၁၁ | -၄ | ၇ |
| ၁၈ | ဟားလ်စီးတီး | ၉ | ၂ | ၁ | ၆ | ၈ | ၂၂ | -၁၄ | ၇ |
| ၁၉ | ဆွမ်းဆီး | ၉ | ၁ | ၂ | ၆ | ၈ | ၁၅ | -၇ | ၅ |
| ၂၀ | ဆန်းဒါးလန်း | ၉ | ၀ | ၂ | ၇ | ၆ | ၁၆ | -၁၀ | ၂ |

### ဆန်းဒါးလန်း - အာဆင်နယ်
**ည ၆း၀၀ (၂၉-၁၀-၁၆)**

အာဆင်နယ်က မစ်ဒယ်ဘရော့ကိုသရေကျခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အာဆင်နယ်အနေနဲ့ ဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေသလို အဝေးကွင်းပွဲလည်း ဖြစ်နေတယ်ဆိုပေမယ့်ဆန်းဒါးလန်းခြေစွမ်းပိုင်းကလည်း အားနည်းလွန်းနေပါတယ်။ အထူးသဖြင့်ဆန်းဒါးလန်းဟာ အသင်းလိုက်ခြေစွမ်းပိုင်းကအစ အားနည်းလွန်းတာကြောင့် အာဆင်နယ်တို့နိုင်ပွဲပြန်လည်ရယူသွားနိုင်ဖို့သာရှိပါတယ်။

### မစ်ဒယ်ဘရော့ - ဘုန်းမောက်
**ည ၈း၃၀ (၂၉-၁၀-၁၆)**

အာဆင်နယ်နဲ့ စပါးတို့ကိုသရေခံကစားနိုင်ခဲ့တဲ့ပွဲတွေမှာ မစ်ဒယ်ဘရော့ရော ဘုန်းမောက်ပါ ကစားပုံကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ဒီပွဲစဉ်မှာ မစ်ဒယ်ဘရော့ကအိမ်ကွင်းအားနဲ့ နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်သလိုဘုန်းမောက်ကလည်းအဝေးကွင်း ပွဲတွေမှာနိုင်ပွဲမရသေးတဲ့ အထိခြေစွမ်းပိုင်းအားနည်းတတ်ပါတယ်။ မစ်ဒယ်ဘရော့ကပ်နိုင်ခြေရှိပါတယ်။

### ဝက်ဖို့ဒ် - ဟားလ်
**ည ၈း၃၀ (၂၉-၁၀-၁၆)**

ဟားလ်ခြေစွမ်းပိုင်းက အားနည်းမှုတွေများလွန်းနေဆဲဖြစ်ပါတယ်။ နောက်ဆုံးပွဲမှာလည်း အိမ်ကွင်းမှာတောင် စတုတ်ကိုရှုံးနိမ့်ခဲ့ရပါတယ်။ ဒီပွဲကလည်းအဝေးကွင်းဖြစ်တာကြောင့် ဟားလ်တို့ ပိုမိုရုန်းကန်ရနိုင်ပါတယ်။ ဝက်ဖို့ဒ်ရဲ့ခြေစွမ်းပိုင်းကလည်း သာမန်သာရှိတယ်ဆိုပေမယ့် အိမ်ကွင်းမှာ အားစိုက်လာမှာတော့သေချာနေပါ တယ်။ ဝက်ဖို့ဒ်တို့နိုင်ပွဲကပ်ရနိုင်ပါတယ်။

### ပဲလေ့စ် - လီဗာပူး
**ည ၁၁း၀၀ (၂၉-၁၀-၁၆)**

လီဗာပူးကကြားရက်မှာလိဂ်ဖလားပွဲစဉ်အဖြစ် စပါးနဲ့ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးခြေစွမ်းပိုင်းနဲ့ တိုက်စစ်ကစားပုံကကောင်းမွန်နေတယ်ဆိုပေမယ့်လည်း ပဲလေ့စ်ခြေကလည်းကောင်းမွန်နေပါတယ်။ ပဲလေ့စ်က လက်စတာကိုရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းလည်းပိုမိုကောင်း မွန်တတ်ပါတယ်။ ပဲလေ့စ်သာခံစစ်အားပြုပြီးတန်ပြန်တိုက်စစ်နဲ့ကစားလာရင် လီဗာပူးအခက်တွေ့နိုင်ကာကပ်ပြီးသာနိုင်မယ်။

### ဆောက်သမ်တန် - ချယ်လ်ဆီး
**ည ၁၀း၃၀ (၃၀-၁၀-၁၆)**

ဆောက်သမ်တန်က အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပြီး လက်ရှိအချိန်အထိ ဆောက်သမ်တန်တို့ အိမ်ကွင်းမှာ ရှုံးပွဲမရှိသေးတာကို တွေ့ရပါတယ်။ ခံစစ်ပိုင်းကလည်း အိမ်ကွင်းမှာ ပိုမိုကျစ်လစ်တာကြောင့် ဆောက်သမ်တန်ကွင်းမှာ အခက်တွေ့နိုင်ပါတယ်။ ဆောက်သမ်တန်အနေနဲ့ ယူရိုပါလိဂ်ကစားရဖို့ရှိနေပေမယ့်လည်း ချယ်လ်ဆီးတို့နိုင်ရင်တောင် ပြတ်သားဖို့ခက်ပါတယ်။

### မန်ယူ - ဘန်လေ
**ည ၈း၃၀ (၂၉-၁၀-၁၆)**

မန်ယူက ဒီပွဲစဉ်အပြီးမှာယူရိုပါလိဂ်ပွဲကစားရဖို့ရှိနေပါတယ်။ ဒါ့အပြင် ကြားရက်မှာလည်းမန်စီးတီးနဲ့လိဂ်ဖလားပွဲကစားခဲ့ရတာကြောင့်ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်းမန်ယူအနေနဲ့ အိမ်ကွင်းပွဲစဉ်ဖြစ်သလို ပရီမီယာလိဂ်မှာလည်းအမှတ်လိုအပ်နေတာကြောင့် ဂရုတစိုက်တော့ကစားသွားမှာသေချာနေပါတယ်။ ဒါ့အပြင် ဘန်လေကလည်းအဝေးကွင်းပွဲတွေမှာနိုင်ပွဲမရသေးတဲ့အထိ ခြေစွမ်းပိုင်းကအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း မန်ယူတို့ထင်သလောက်အခက်မတွေ့နိုင်ဘဲနိုင်ပွဲရနိုင်ပါတယ်။

### စပါး - လက်စတာ
**ည ၈း၃၀ (၂၉-၁၀-၁၆)**

စပါးကဘုန်းမောက်ကိုသရေသာကစားနိုင်ခဲ့ကာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း နှစ်ပွဲဆက်တိုက်အနိုင်ပျောက်ဆုံးခဲ့တာကြောင့် ဒီပွဲစဉ် မှာနိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်ပါတယ်။ ဒါပေမယ့်လက်စတာကလည်း ပဲလေ့စ်ကို အနိုင်ရခဲ့တဲ့ ပွဲမှာခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပါတယ်။ နှစ်သင်းစလုံး ချန်ပီယံလိဂ်ရှိပေမယ့်လည်း စပါးစ်ကလက်စတာထက်ချန်ပီယံလိဂ်ကို ပိုအာရုံစိုက်ဖို့လိုပါတယ်။ စပါးသရေလောက်ပဲရမယ်။

### ဝက်စ်ဘရွန်း - မန်စီးတီး
**ည ၈း၃၀ (၂၉-၁၀-၁၆)**

မန်စီးတီးက ချန်ပီယံလိဂ်မှာနောက်တစ်ဆင့်တက်ရောက်နိုင် ဖို့အတွက်ခက်ခဲနေတာကြောင့် ဒီပွဲအပြီးကစားရမယ့် ဘာစီလိုနာနဲ့ ချန်ပီယံလိဂ်ပွဲကိုပိုမိုအားစိုက်ကစားရဖို့ရှိနေပါတယ်။ ဒါပေမယ့်အ ခုရင်ဆိုင်ရမယ့် ဝက်စ်ဘရွန်းက ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ တိုက်စစ်ပိုင်းကအစတစ်ပွဲတစ်ဂိုးထက်ပိုရဖို့ ရုန်းကန်နေရပါတယ်။ နောက်ဆုံးလေးပွဲဆက်လည်းအနိုင်မရခဲ့ပါဘူး။ မန်စီးတီးတို့ အီးအက်ဖ်အက်လ်ဖလားပွဲ မန်ယူနဲ့ ကစားခဲ့ရလို့ပွဲပန်းလာနိုင်ပေမယ့် နိုင်ပွဲကပ်ရနိုင်ပါတယ်။

### အဲဗာတန် - ဝက်စ်ဟမ်း
**ည ၈း၀၀ (၃၀-၁၀-၁၆)**

ဘန်လေကိုရှုံးနိမ့်ခဲ့ရတာကြောင့်အဲဗာတန်တို့ နိုင်ပွဲပြန်လည်ရ ယူနိုင်ရေးအိမ်ကွင်းမှာ အားစိုက်လာမှာသေချာနေပါတယ်။ ဝက်စ်ဟမ်းကတော့ နှစ်ပွဲဆက်တိုက်အနိုင်ရခဲ့တာမှန်ပေမယ့်လည်း ခြေစွမ်းပိုင်းက သာမန်ထက်မပိုပါဘူး။ အထူးသဖြင့်တိုက်စစ်ပိုင်းကအားနည်းမှုတွေရှိနေတာကြောင့် အဲဗာတန်ရဲ့ အိမ်ကွင်းအားကိုတုန့်ပြန်နိုင်ဖို့ ခက်ပါတယ်။ အဲဗာတန်ပဲနိုင်ပွဲရမယ်။

### စတုတ် - ဆွမ်ဆီး
**နံနက် ၂း၃၀ (၁-၁၁-၁၆)**

စတုတ်က နှစ်ပွဲဆက်တိုက်အနိုင်ရလာပေမယ့် ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံမှာရှိနေပြီလို့မဆိုနိုင်သေးပါဘူး။ အနိုင်ရခဲ့တဲ့ နှစ်ပွဲစလုံးကလည်း ခြေစွမ်းပိုင်းအားအနည်းဆုံးဖြစ်တဲ့ ဆန်းဒါးလန်းနဲ့ ဟားလ်တို့ကို သာအနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်တာကြောင့် စတုတ်တို့ အားစိုက်လာမှာဖြစ်ပေမယ့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမယ့် ဆွမ်ဆီးကိုအသာရဖို့အခက်တွေ့နိုင်ပါတယ်။ ဆွမ်ဆီးရဲ့ တုံ့ပြန်ကစားအားကြောင့် စတုတ်တို့သရေလောက်ပဲကစားနိုင်ဖို့ရှိပါတယ်။

## အဂူရို၏ အနေအထားကို စောင့်ကြည့်နေသည့် ပရီမီယာလိဂ်ကလပ်အသင်းကြီးများ

မန်စီးတီးနည်းပြဂွါဒီယိုလာ က ယခုနောက်ပိုင်းပွဲစဉ်မျ ားတွင်တိုက်စစ်မှူး အဂူရိုအား အရန်ကစားသမားအဖြစ်သာ အသုံးပြုနေရာ အဂူရိုနှင့် မန်စီးတီး အခြေအနေကို ကျန်ပရီမီယာလိဂ်အင်အားကြီး ပြိုင်ဘက်များဖြစ်သည့် အာဆင်နယ်၊ စပါးနှင့် ချယ်လ်ဆီးအသင်းတို့မှ စောင့်ကြည့်နေကြကြောင်း စပိန်သတင်းဌာန အော့လွန်းက ဖော်ပြသည်။ အဂူရိုမှာ အဲဗာတန်နှင့်ရင်ဆိုင်ခဲ့ရသည့် ပရီမီယာလိဂ်ပြိုင်ပွဲ၊ ဘာစီလိုနာနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲ အပြင် မန်ယူနှင့်အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲများတွင် ပွဲထွက် ကစားခွင့်မရရှိသောကြောင့် လက်ရှိအနေအထားအပေါ် စိတ်ပျက်နေခြင်းဖြစ်သည်။ အစောပိုင်းတွင် ဂွါဒီယိုလာက အဂူရိုအား အဓိကကစားသမားအဖြစ် ထည့်သွင်းကစားစေခဲ့သော်လည်း သူ၏ ဘောလုံး ပိုင်ဆိုင်မှု အသားပေးနည်းဗျူဟာအရ တိုက်စစ်မှူး စစ်စစ် အသုံးမပြုတော့ရာ အဂူရိုမှာ ခြေစွမ်းကောင်းသော်လည်း နေရာပျောက်နေရခြင်းဖြစ်သည်။

အဂူရိုအား ယခုကဲ့သို့ အရန်ခုံပေါ်ပို့ခဲ့သည့် ဂွါဒီယိုလာ၏ ဆုံးဖြတ်ချက်မှာ အံ့အားသင့်ဖွယ်ကောင်းပြီး ထိပ်တန်းကစားသမားတစ်ဦးကို ခေါ်ယူနိုင်ရန် အခြေအနေတစ်ရပ်မမျှော်လင့်ဘဲ ပိုင်ဆိုင်လာနိုင်သည်ဟု အာဆင်နယ်၊ ချယ်လ်ဆီးနှင့် စပါးတို့က ယုံကြည်နေခြင်းဖြစ်သည်။ချယ်လ်ဆီးအသင်းက အဂူရိုအားခေါ်ယူနိုင်ရန် ပိုမိုနီးစပ်သည့်အနေအထား ပိုင်ဆိုင်ထားသော်လည်း ဘာမဆိုဖြစ်လာနိုင်သည့် အပြောင်းအရွှေ့ဈေးကွက်တွင် အာဆင်နယ်နှင့် စပါးတို့ကလည်း ခြေလှမ်းကျဲကျဲဖြင့် ကြိုးပမ်းနေကြပြီဖြစ်ကြောင်း သိရသည်။

**မေလှဲ့သင်း**



## စိမ့်စမ်းရေသွယ်တန်းပေးမည့်ကျေးရွာများသို့ကွင်းဆင်းစစ်ဆေး

**သရက်ချောင်း အောက်တိုဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် စိမ့်စမ်းရေသွယ်တန်းပေးမည့် ကျောက်လှေကားကျေးရွာနှင့် မယ်ကဲကျေးရွာများအား အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါစစ်ဆေးခဲ့သည့် ကျောက်လှေကားကျေးရွာတွင် ရေထွက်မှ (၂/၀)မိုင်နှင့် မယ်ကဲကျေးရွာတွင် ရေထွက်မှ (၃/၀)မိုင်ကို ရေပိုက်လိုင်းများသွယ်တန်းပေးခြင်း ရေလှောင်တမံတည်ဆောက်ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျေးရွာထိပ်များ၌လည်း ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ကိုပါ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းနှင့် စစ်ဆေးခဲ့သည့်နေရာများသို့ တာဝန်ခံအင်ဂျင်နီယာ၊ ကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာတည်ဆောက်ရေးကော်မတီများ လိုက်ပါခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**

# သထုံတွင် အလုပ်သမားဥပဒေပါသိကောင်းစရာများအား အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**သထုံ အောက်တိုဘာ ၂၈**

မွန်ပြည်နယ် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက သထုံမြို့နယ်အတွင်းရှိ အလုပ်သမားနှင့် အလုပ်ရှင်များအား ဌာနမှ စည်းကြပ်သည့် ဥပဒေများကိုသိရှိ လိုက်နာနိုင်စေရန်၊ အလုပ်သမားများ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ဝစွာရရှိစေခြင်းနှင့် ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရေးတို့အတွက် အောက်တိုဘာ ၂၅ ရက်က သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန သထုံခရိုင်ရုံး၌ အလုပ်သမားရေးရာ အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

"၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ၊ ၁၉၅၁ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ရေနံမြေအက်ဥပဒေ၊ ၂၀၁၆ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေး ဥပဒေတွေကို အလုပ်သမားတွေနဲ့ အလုပ်ရှင်တွေ သိရှိနားလည်လိုက်နာစေဖို့ အလုပ်ရှင်တွေကော အလုပ်သမားတွေပါဖိတ်ပြီး အသိပညာပေးဆွေးနွေးပွဲဆောင်ရွက်ပေးတာပါ" ဟု မွန်ပြည်နယ် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်အေးက ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အသိပညာပေး ဆွေးနွေးပွဲတွင် ပြည်နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်အေးနှင့် သထုံခရိုင်အလုပ်ရုံ စစ်ဆေးရေး ဦးစီးအရာရှိ ဒေါ်ဆွေဇင်ထွန်းတို့က အလုပ်သမားဥပဒေပါ သိကောင်းစရာများနှင့် လိုက်နာရမည့် အချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

အလုပ်ရှင်များအနေဖြင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရုံးမှ စည်းကြပ်ထားသော ဥပဒေများအား ချိုးဖောက်ပါက ထောင်ဒဏ် သုံးလဖြစ်စေ၊ ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်အေးက ပြောကြားခဲ့သည်။

မွန်ပြည်နယ် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ ၁၀ မြို့နယ်တွင် အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲများကို ဩဂုတ်လမှစတင်၍ ဆောင်ရွက်ခဲ့ရာ ယနေ့ချိန်ထိ ၁၀ ကြိမ်ခန့်ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုနှစ်အတွင်း စုစုပေါင်းအကြိမ် ၁၈၀ ခန့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**



## ဧရာဝတီမြစ်အတွင်း သွားလာနေသောရေယာဉ်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်တွေ့ပြသခြင်းလုပ်ငန်းများဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၈**

ဧရာဝတီမြစ်အတွင်း ခရီးသည်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ မှုခင်းများ လျော့နည်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးတို့အတွက် ရေကြောင်းရဲတပ်ဖွဲ့(မန္တလေး)နှင့် မူးယစ်တပ်ဖွဲ့စု ၁၇ တို့မှ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၆ ရက် ညနေ ၃ နာရီက မရမ်းခြံဆိပ်ကမ်းနိုင်ငံခြားခရီးသည် ပို့ဆောင်ရေး ရေယာဉ်အသင်း ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် မူးယစ်တပ်ဖွဲ့စု ၁၇ မှ ဒုတိယရဲမှူး လှလွင်က မြစ်ကြောင်းတစ်လျှောက် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှု မဖြစ်ပေါ်စေရေးနှင့် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာနိုင်သည့် မှုခင်းများကို ရှင်းလင်းဟောပြောပြီး ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး)မှ ဒုတိယရဲမှူးခင်မောင်လွင်နှင့် ဒုတိယရဲမှူးစိုးအောင်တို့က မြစ်ကြောင်းအတွင်း သွားလာနေသည့် ခရီးသည်တင်ရေယာဉ်များ ကြံ့ခိုင်မှုရှိရေး၊ ရေယာဉ်ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့် အသုံးအဆောင်များ အပြည့်အဝထားရှိရေး၊ ရေယာဉ်များ၏ သတ်မှတ်အလေးချိန်နှင့် ခရီးသည်အရေတွက်သာ တင်ဆောင်ရေး၊ ရေယာဉ်များ မီးဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို အပြည့်အဝ လိုက်နာဆောင်ရွက်ရေး ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်)မှ ပထမတန်း ရေယာဉ်အုပ် ဦးအေးကိုက ရေယာဉ်များ တရားဝင် လိုင်စင်မှတ်ပုံတင်ဆောင်ရွက်ပြီး ပြေးဆွဲရေး၊ မှတ်ပုံတင်လိုင်စင်မရှိဘဲ ပြေးဆွဲသော ရေယာဉ်များအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ရေကြောင်း ရဲတပ်ဖွဲ့(မန္တလေး)မှ တပ်ဖွဲ့ဝင်များသည် ခရီးသည်များ အသက်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးတို့ လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဘိုဘိုဟန်)**

## မှုခင်းကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရထားစီးခရီးသည်များအား ပညာပေးဟောပြော

**ပဲခူး အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် အောက်တိုဘာ ၂၆ ရက်က ဇိုင်ဂနိုင်ရပ်ကွက်ရှိ ပဲခူးဘူတာကြီးအတွင်း၌ ပဲခူးမီးရထားတပ်ဖွဲ့ခွဲ (၁၁) မှ တပ်ဖွဲ့ခွဲမှူးဒုတိယရဲမှူးသက်ထွန်း ဦးစီးသော တပ်ဖွဲ့ဝင် ခြောက်ဦး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တပ်ဖွဲ့စု (၃) မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမောင်မောင်ဝင်းဦးစီးသော ငါးဦး၊ ပဲခူးဘူတာမှ (မြန်မာ့မီးရထားမှ) ဝန်ထမ်းလေးဦးတို့နှင့်အတူ ပူးပေါင်းအဖွဲ့သည် နံနက် ၉ နာရီအချိန်မှစတင်ကာ ပဲခူးဘူတာအနီးဝန်းကျင်ရှိ ခရီးသွားရထားစီးခရီးသည် စုစုပေါင်း ၁၅၀ ခန့်အား မှုခင်းကြိုတင်ကာကွယ်စေရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## သရက်မြို့နယ် မုံဇလီကျေးရွာတွင်သီးနှံပုံစံ စမ်းသပ်ကွက် ရိတ်သိမ်းခြင်းနှင့် အသိပညာပေးဟောပြော

**သရက် အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မုံဇလီကျေးရွာတွင် သီးနှံပုံစံစမ်းသပ်ကွက်စံကွက်ရိတ်သိမ်းခြင်းနှင့် တောင်သူအသိပညာပေး ဟောပြောခြင်းကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက တောင်သူဦးလှသိန်း၏ ကွင်းအမှတ်(၅၂-အေ) တစ်ဧကတွင် စိုက်ပျိုးထားရှိသည့် ဆင်းသုခစပါးခင်းတွင် စပါးရိတ်သိမ်းခဲ့ရာ ၁၁၄ ဒသမ ၃၀ တင်း ထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးတင်နိုင်ဦးက မြို့နယ်နှင့် ကိုက်ညီမှုရှိသော သီးနှံပုံစံများကို စမ်းသပ်စိုက်ပျိုးရန်လိုကြောင်းနှင့် သီးနှံပုံစံအရ အကျိုးအမြတ်အများဆုံးရရှိနိုင်သော သီးနှံများကို သိရှိလိုက်နာစိုက်ပျိုးခြင်းဖြင့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားပြီး လူမှုစီးပွားရေး အဆင်ပြေလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် တောင်သူဦးကြီးများက သိလိုသည်များအားမေးမြန်းခဲ့ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## မြစ်သားမြို့ ကူမဲ-အုန်းကုန်းလမ်းပိုင်း ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြစ်သား အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကူမဲ-အုန်းကုန်းလမ်းပိုင်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့်ပတ်သက်၍ မြစ်သားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့က အောက်တိုဘာ ၂၆ ရက်နံနက် ၁၀နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းပိုင်းသည် ကူမဲ-ကဆွန်-သိမ်ကုန်း-အုန်းကုန်းကျေးရွာအထိ တစ်မိုင်အရှည်ရှိပြီး မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းဖြစ်သည်။



ယင်းသို့ အဆင့်မြှင့်တင်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်သော 'နေဖြိုးပြည့်' ကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ လမ်း၏ သတ်မှတ်စံနှုန်းများ၊ အရည်အသွေးများပြည့်ဝစွာ ဆောင်ရွက်ရန် ကွင်းဆင်းမှာကြား စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းရည်မြှင့်သင်တန်းဖွင့်

**အုတ်ဖို အောက်တိုဘာ ၂၇**

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အုတ်ဖိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို ရပ်တန့်မှုမရှိစေဘဲ အုပ်ချုပ်ရေးယန္တရားများကို ဒီမိုကရေစီကျင့်စဉ်နှင့်ညီနိုင်ရန်၊ အရည်အချင်းရှိသောအုပ်ချုပ်ရေးမှူးကောင်းများဖြစ်ရန်၊ ပြည်သူ့အကျိုးကို တိကျမှန်ကန်စွာ သယ်ပိုးနိုင်စေရန်၊ ဌာနကကျင့်သုံးဆောင်ရွက်လျက်ရှိသော တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်သဘောပေါက်ပြီး လုပ်ငန်းခွင်အတွင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စွမ်းရည်ပြည့်ဝသော အုပ်ချုပ်ရေးမှူးကောင်းများ ဖြစ်ပေါ်လာစေရန် သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ပူးပေါင်းပါဝင်မှုရှိသော ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်း၊ လူထုစည်းရုံးရေးစွမ်းရည်၊ ဆက်သွယ်ဖလှယ်မှုစွမ်းရည်၊ ခေါင်းဆောင်မှုစွမ်းရည်၊ ကျား-မ အခန်းကဏ္ဍ၊ အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ လူမှုရေးဆိုင်ရာခွဲခြားဆက်ဆံမှု၊ အငြင်းပွားမှုဖြေရှင်းခြင်းအစရှိသောအကြောင်းအရာများကို ဌာနဆိုင်ရာများမှတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၆၃ ဦးတို့အား သုံးရက်ကြာသင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

# နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည် ပင့်ဆောင်ပူဇော်ပွဲကျင်းပ



**မိတ္ထီလာ အောက်တိုဘာ ၂၈**
မိတ္ထီလာမြို့နယ် ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများတွင် (၁၈) ကြိမ်မြောက် ပင့်ဆောင်ပူဇော်ထားသည့် နှစ်ကျိပ်ရှစ်ဆူဘုရားများအား မူလကိန်းဝပ်သီတင်းသုံးရာနေရာဖြစ်သည့် ကျီတော်ကုန်းရပ်ကွက် ဝမ်းတော်ပြည့်ကျောင်းတိုက် စံကျောင်းတော်သို့ လှည့်လည်ပင့်ဆောင်ပူဇော်ပွဲကို အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယင်းလှည့်လည်ပူဇော်ပွဲကို အောက်တိုဘာ ၂၅ ရက်မှစတင်ပြီး မြို့မ၊ ရန်မျိုးအောင်၊ ကျီတော်ကုန်း၊ ပေါက်ချောင်း၊ သီရိမင်္ဂလာ၊ အောင်ဆန်း၊ ဈေးအရှေ့ပြင်၊ ဝန်ဇင်း၊ ပြည်သာယာ(တ)၊ ပြည်သာယာ(မ)၊ နန်းတော်ကုန်း၊ အောင်ဇေယျာ၊ ရတနာမာရ်အောင်၊ စက်မှုဇုန်၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗဟိုပို့/ဆက်သင်တန်းကျောင်း၊ အကျဉ်းဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့ စသည့်ရပ်ကွက်များ၊ ဌာနဆိုင်ရာများတွင် ဝမ်းတော်ပြည့်ကျောင်းတိုက် စံကျောင်းတော်၌ ကိန်းဝပ်သီတင်းသုံးသည့် နှစ်ကျိပ်ရှစ်ဆူဘုရား (ဗုဒ္ဓရုပ်ပွားဆင်းတုတော်) များကို မြို့နယ်အတွင်း လှည့်လည်ပူဇော်ခံကာ သီတင်းသုံးရာနေရာသို့ ပြန်လည်ပင့်ဆောင်ပူဇော်ခဲ့ခြင်းဖြစ်သည်။

ယင်းနှစ်ကျိပ်ရှစ်ဆူဘုရား (ဗုဒ္ဓရုပ်ပွားဆင်းတုတော်)များ လှည့်လည်ပူဇော်ရာတွင် ခရိုင်ထွေ/အုပ်ရုံးမှ ပေါက်ချောင်း၊ ပေါက်ချောင်းမှ ပညာရေးကောလိပ်၊ ပညာရေးကောလိပ်မှ ဗဟိုပို့/ဆက်သင်တန်းကျောင်း၊ ၎င်းမှ ကုန်းလမ်းပို့ဆောင်ရေး၊ ၎င်းမှ အောင်ဆန်းရပ်ကွက်၊ ၎င်းမှ အမှတ် ၉၉ ခြေမြန်တပ်မဌာနချုပ်၊ ၎င်းမှ ချည်စက်ရပ်ကွက်၊ ၎င်းမှ ခရိုင်အားကစားကွင်းလမ်း၊ ၎င်းမှ ရတနာမာရ်အောင်ရပ်ကွက်၊ ၎င်းမှ ဈေးအရှေ့ပြင်၊ ၎င်းမှ ဝန်ဇင်း၊ ၎င်းမှ ရန်မျိုးအောင်၊ ၎င်းမှ ပြည်သာယာ၊ ၎င်းမှ ဝမ်းတော်ပြည့်ကျောင်းတိုက် စံကျောင်းတော်သို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ပူဇော်ကြပြီး လမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများမှ အဖျော်ရည်များဖြင့် တိုက်ကျွေးဒါနပြုခြင်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားများအား အမွှေးနံ့သာများ၊ ပန်းမာလာများဖြင့် ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာပညာပေးဟောပြော

**နတ်တလင်း အောက်တိုဘာ ၂၈**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နတ်တလင်းမြို့ မြို့မရပ်ရှိ ဗဟိုမူလတန်းကျောင်း ရွှေရတုခန်းမဆောင်၌ အောက်တိုဘာ ၂၆ ရက် ညနေ ၃ နာရီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဌာနက စားသုံးသူများအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စားသုံးသူရေးရာဦးစီးမှူး ဦးသန်းဦးက စားသုံးသူများအကာအကွယ်ပေးရေးဟူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူများအား ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ခြင်း၊ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းလုပ်ဆောင်၍မရ အစိုးရဌာနများ၊ NGO အဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများအားလုံး အသိတရားရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ထိရောက်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ထားသော စားသုံးရန်နှင့် အသုံးပြုရန်မသင့်သည့် အစားအသောက်၊ စားသုံးဆီ၊ စားသောက်ကုန်များ၊ သောက်ရေသန့်များ၊ အလှကုန်ပစ္စည်းများ၊ မုန့်များ၊ အချိုမှုန့်မှ အန္တရာယ်ပေးနိုင်မှုဆိုးကျိုးများအား ပြောကြားခဲ့ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား စားသုံးရန်မသင့်သော မုန့်များကို နမူနာများပြသခဲ့ကြောင်း သိရသည်။ **(ဝ၇၁)**

## စုပေါင်းဘုံကထိန်ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ရွှေကျင် အောက်တိုဘာ ၂၈**
နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းဘုံကထိန်လှည့်လည်ပွဲကျင်းပနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရပ်ကွက်နှင့်ဌာနပေါင်းစုံ စုပေါင်းဘုံကထိန်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကဦးဆောင်၍ မြို့ပေါ်ဘုန်းတော်ကြီးကျောင်း ၃၈ ကျောင်းအား စုပေါင်းငွေပဒေသာပင်များ လောင်းလှူနိုင်ရေးအတွက် မြို့ပေါ် ၈ ရပ်ကွက်နှင့် ဌာနများစုပေါင်းကာ နိုဝင်ဘာ ၁၁ ရက်တွင် မြို့တွင်းသို့လှည့်လည်ပြီး မိမိတို့မဲပေါက်သည့်ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့



**သရက် အောက်တိုဘာ ၂၈**
မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ရွှေနီအောင်သိန်း ဖောင်ဒေးရှင်းက မြို့နယ်အတွင်းရှိ မူလတန်းကျောင်း ၂၈ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၂၀ အား ဒုတိယအကြိမ် ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခြင်းကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက ပြရေကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းရာတွင် ရွှေနီအောင်သိန်းဖောင်ဒေးရှင်းမှ အလှူရှင်များကိုယ်စား အကျိုးတော်ဆောင် ဦးစန်းအောင်နှင့်အဖွဲ့က စာသင်ကျောင်းများသို့ သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ယင်းနောက် အလှူရှင် အေးရိပ်မွန်စာအုပ်ဌားဆိုင်မှ ကျေးရွာကျောင်းစာကြည့်တိုက်များအတွက် လှူဒါန်းသည့် သုတ၊ ရသစာအုပ်များကို ပြရေကျေးရွာ အလယ်တန်းကျောင်း(ခွဲ)နှင့် ရွာလေးကျေးရွာ မူလတန်းကျောင်းတို့တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**ဇော်ထက်(သရက်)**

## မျိုးစေ့ထုတ်စပ်မျိုး နေကြာစိုက်ကွက်အား မျိုးကွဲပယ်ခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြ

**ဘုတလင် အောက်တိုဘာ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် ရေဆင်း(၁) စပ်မျိုးနေကြာစိုက်ကွက်အား တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ညောင်ကန်ကျေးရွာ တောင်သူဦးတင်ဆန်း၏စိုက်ကွင်း၌ ပြုလုပ်ခဲ့သည်။

ယင်းတောင်သူပညာပေးကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် စီမံအဖွဲ့ဝင်များ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်သောင်းငွေး၊ မြို့နယ်စိုက်/ညှိအဖွဲ့ဝင်များနှင့် နေကြာစိုက်တောင်သူများ တက်ရောက်ခဲ့သည်။

အဆိုပါပြပွဲတွင် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်သောင်းငွေးက စပ်မျိုးနေကြာမျိုးကောင်းမျိုးသန့်ရရှိစေရေးအတွက် စိုက်ကွက်အတွင်း မျိုးကွဲများအားပယ်ထုတ်ရခြင်းဖြစ်ကြောင်းနှင့် တောင်သူများအား မြေဩဇာသုံးစွဲရာတွင် စနစ်တကျအသုံးပြုစေရေး ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ချိုမာက ရေဆင်း(၁)စပ်မျိုးနေကြာ တစ်ဧကအထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ပျိုးနည်းစနစ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် တောင်သူများက နေကြာစိုက်ကွက်အတွင်း လေ့လာခဲ့ကြကာ သိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်ဖြိုး(ဘုတလင်)**



## ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးဆွေးနွေး

**ကျွန်းလှ အောက်တိုဘာ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက အ.ထ.က ကျွန်းလှကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲကို ရွှေဘိုခရိုင်ပညာရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်သင်းနွယ်စိုးနှင့် ကြီးကြပ်ရေးမှူးငါးဦးက ကြီးကြပ်ပြီး နည်းပြကိုးဦးတို့က အထက်တန်းအဆင့် ဘာသာရပ်အလိုက် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အ.ထ.က(ခွဲ)ကျောင်းတို့မှ အထက်တန်းပြ ဆရာ၊ ဆရာမ ၉၉ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကို အောက်တိုဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## သွားလာရန်ခက်ခဲနေသည့် ယိုယွင်းပျက်စီးနေသော မြို့တွင်းပလက်ဖောင်းများ အသစ်ပြန်လည်ပြုပြင်

**ဝါးခယ်မ အောက်တိုဘာ ၂၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း ဒေသခံပြည်သူများ ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် မြို့သန့်ရှင်းသာယာလှပစေရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက် နံနက်က မြို့တွင်းပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေစေရန်နှင့် မြို့သန့်ရှင်းသာယာလှပစေရန်အတွက် ယိုယွင်းပျက်စီးနေပြီဖြစ်သော ဆေးရုံရပ်ကွက်နှင့် ရွာလည်ရပ်ကွက် မြူရုံးလမ်းရှိ အရှည် ပေ ၁၀၀၀၊ အကျယ် ၃ ပေရှိ ပလက်ဖောင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၄ သိန်းဖြင့် ကွန်ကရစ်ခင်းကာ အသစ်ပြုပြင်ဆောင်ရွက်လျက်ခြင်းဖြစ်သည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကျောင်းသုံးမြန်မာသဒ္ဒါအရေး

စောလူ

**စာသင်ခန်းတွင်းယုံကြည်မှု**

အချင်းချင်းယုံကြည်မှု အရေးကြီးသည်ကို သတိပေး တရားဟောနေစရာ မလိုဟု ယူဆသည်။ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေကြားလည်း တစ်ဖက်ကိုတစ်ဖက် ယုံကြည်မှုရှိမှ စေ့စပ်ပြေအေးလို့ရမည်။ အဖွဲ့အစည်းတစ်ခုတည်းပင်ဖြစ်စေဦး။ ခေါင်းဆောင်နှင့် နောက်လိုက် တစ်ဦးကိုတစ်ဦး ယုံကြည်ရမှ လက်တွဲလို့ရ၊ ရှေ့ခရီးဆက်လို့ရမည်။ စာသင်ခန်းတစ်ခန်းမှာလည်း အလားတူ။ ဆရာက တပည့်ကို၊ တပည့်က ဆရာကို ယုံကြည်ဖို့လိုသည်။ ယုတ်စွအဆုံး ဆရာသည် တပည့်၏ စိတ်ဝင်တစားရှိမှု၊ တတ်မြောက်လိုမှု စသည်တို့ကို ယုံကြည်နေသင့်သည်။ တပည့်သည်လည်း ဆရာပို့ချနေသော အတတ်ပညာကိုလည်းကောင်း၊ ထိုအတတ်ပညာ၌ ဆရာ၏ကျွမ်းကျင်မှုကိုလည်းကောင်း ယုံကြည်နေအပ်သည်။ သို့မှ အောင်မြင်သော စာသင်တန်းတစ်တန်းဖြစ်မည်။ ယခုသော် အခြေခံကျောင်းများရှိ မြန်မာသဒ္ဒါသင်တန်းများ အောင်အောင်မြင်မြင်ရှိနေသည်ဟု မယုံကြည်။ မအောင်မြင်ဟု အဘယ်ကြောင့် ယူဆရကြောင်း အစီရင်ခံရင်း မအောင်မြင်ရခြင်း အကြောင်းရင်းကို ရှာကြည့်ချင်သည်။ မည်သို့ ပြုပြင်လျှင်သင့်မည်ကို အဖြေရှာကြည့်ချင်သည်။

**၁၉၈၀ ကျော်ကာလ မြန်မာသဒ္ဒါသင်ကြားရေး**

၁၉၈၀ ကျော်ကာလ ကျောင်းများတွင် မြန်မာသဒ္ဒါသင်ကြားရေးအစ ဦးနေဝင်းကဟု ဆိုရမည်။ ၁၉၈၁ ခုနှစ် ဇူလိုင်လ ၁ ရက်က တက္ကသိုလ်ပါမောက္ခများ၊ ပညာရှင်များရှေ့တွင် မြန်မာသဒ္ဒါအရေးကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းမိန့်ခွန်းချွေခဲ့သည်။ ယခုအခါ ကျောင်းသုံးပြဋ္ဌာန်းထားသော မြန်မာ သဒ္ဒါစာအုပ်များကို ထိုမိန့်ခွန်း၏ အကျိုးဆက်ရလဒ်ဟု ယူဆနိုင်သည်။

မိန့်ခွန်းတွင် မြန်မာသဒ္ဒါပြုစုရေး နှောင့်နှေးနေပုံကို မိန့်သည်။ ထိုစဉ်ကာလက မြန်မာစာအဖွဲ့သည် မြန်မာသဒ္ဒါစာအုပ်များ ပြုစုလျက်ရှိသည်။ သို့သော် ခရီးမတွင်ခဲ့။ အလယ်တန်းသဒ္ဒါ၊ အထက်တန်းသဒ္ဒါ။ သဒ္ဒါစာအုပ်နှစ်အုပ်ကို ပြုစု၍ပြီးနေပြီ။ ပုံနှိပ်၍ ပြီးနေပြီ။ သို့သော် အများပြည်သူလက်ထဲမရောက်သေး။ ဦးနေဝင်း၏ စကားအတိုင်းဆိုလျှင် အသိအမှတ်ပြုဖို့ လိုနေသေးသည်။ (အသိအမှတ်ပြုဖို့ ဆိုသည်မှာ ဦးနေဝင်း၏ သဘော တူညီချက်ကို ဆိုလိုဟန်ရှိသည်။ စကားချပ်) အခြေခံသဒ္ဒါမှာမူ ပုံနှိပ်သည့်အဆင့်ပင်မရောက်သေး။

ဤသည်ကို ဦးနေဝင်း အားမလိုအားမရဖြစ်သည်။ မြန်မာသဒ္ဒါပြုစုနေသူ ပညာရှင်များကို အတွေ့အကြုံ မရှိသော သင်္ဘောပဲ့ကိုင်နှင့် နှိုင်း၍မြင်သည်။ အရာရှိဖြစ်သူ အိပ်ချင်၍ အတွေ့အကြုံမရှိသည့် ရဲဘော်ရိုးရိုးကို ပဲ့ကိုင်ခိုင်းသည်။ ရဲဘော်ရိုးရိုးကောင်းမှုကြောင့် သင်္ဘောသည် အရာရှိမအိပ်ခင်ကစ၍ ကျွန်းကို ပတ်နေခဲ့သည်မှာ အရာရှိအိပ်ရာမှ နိုးသည်အထိ ရှေ့သို့ နည်းနည်းမျှမရွေ့။ နှေးရကောင်းလားဟု မြန်မာစာအဖွဲ့ ပညာရှင်များကို ဆော်သြလိုက်သည့် ဥပမာဖြစ်သည်။

နိုင်ငံ့ခေါင်းဆောင်လုပ်သူက တိုက်တိုက်တွန်းတွန်း ပြုသောအခါ မြန်မာသဒ္ဒါစာအုပ်တွေ ထွက်လာသည်။ အတွဲ (၁)အခန်း (၁)၊ အတွဲ (၂) အခန်း (၂) စသည်ဖြင့် အခြေခံပညာအလယ်တန်း၊ အထက်တန်း ကျောင်းသုံးသဒ္ဒါစာအုပ်များ။ နာမ်၊ နာမ်စား၊ လိင်၊ ကြိယာ စသည်ဖြင့် ဝါစင်္ဂတွေ ခွဲခြားထားသည်။ သဒ္ဒါအစိတ်အပိုင်းများကို စာသင်သားတွေ တစ်တန်းပြီးတစ်တန်း ပို၍ပို၍ သိလာအောင်ပြုစုထားသည်။ အလယ်တန်း အထက်တန်းကျောင်းသူ ကျောင်းသားများ ကျက်ကြပေတော့။ စာမေးပွဲမှာ ဖြေကြပေတော့။ ၁၉၈၆ က စခဲ့သည်ထင်သည်။ မိမိအပါအဝင် ထိုစဉ်က မြန်မာစာသင်ရိုးတာဝန်ရှိသူတစ်ဦး တစ်ယောက်ကမျှ ကန့်ကွက်သံတစ်ခွန်းမဟခဲ့။ ဟလိုက်၍ အကျိုးမထူးသောကြောင့်ဖြစ်ချင်ဖြစ်မည်။ လာမည့် ဘေးတွေး၍ ကြောက်ဒူးတုန်သောကြောင့်ဖြစ်ဖို့က ပိုများသည်။ ပို့ချသူဆရာ၊ သင်ယူသူ စာသင်သားတို့ဆီကလည်း မည်သည့် အသံဗလံမျှ တရားဝင် ထွက်မလာ။ ကြောက်တတ်ဝန်ကင်းဟု သဘောထားခဲ့ကြပုံရသည်။

ယခုအချိန်အထိ အခြေခံကျောင်းများတွင် မြန်မာသဒ္ဒါသင်ကြားရေးခရီးဆက်ဆဲ။

**သိပ္ပံမောင်ဝနှင့် မြန်မာသဒ္ဒါသင်ကြားရေးအမြင်**

မြန်မာအများသိကြသော သိပ္ပံမောင်ဝကား မြန်မာ့ဆိုရှယ်လစ်ဥက္ကဋ္ဌကြီးနှင့် အမြင်ချင်းမတူ။ မတူပုံကို ၁၉၂၉ ခုနှစ်ကတည်းက သူရိယသတင်းစာတွင် ရေးခဲ့သည်။ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မပေါ်ပေါက်သေး၍ ရဲရဲဝံ့ဝံ့ရေးခဲ့ပုံရသည်။ ထိုပါတီမရှိတော့သည့်အချိန်တွင်မှ ဤအကြောင်းအရာကို မိမိရေးရဲနေသည်နှင့် မခြားလှ။ ဤလည်းစကားချပ်)

သိပ္ပံမောင်ဝတို့ခေတ်ကလည်း ကျောင်းတွေမှာ မြန်မာသဒ္ဒါ ပြဋ္ဌာန်းသည်။ သုံးလေးတန်းမှာ အောက်တန်း မြန်မာသဒ္ဒါ။ ခြောက်တန်း၊ ခုနစ်တန်းမှာ ကျောင်းသုံးမြန်မာသဒ္ဒါ။ ထို့ကြောင့် သဒ္ဒါသင်ယူရသည့် အရသာကို သိပ္ပံမောင်ဝ မြိန်မြိန်ရှက်ရှက်လေး မြည်းစမ်းဖူးသည်။

ထိုရသာစုံကို သိပ္ပံမောင်ဝက တန်းစီပြသည်။ ကျက်လိုက်ရသည်မှာ အချိန်တွေကုန်သည်။ အချိန်ကုန်ပြီး စာရလျှင် တော်ပါသေး၏။ စာက မရ။ စိတ်ပျက်ရသည်။ စိတ်ညစ်ရသည်။ စိတ်ပျက် စိတ်ညစ်ရုံဆို တော်ပါသေး၏။ ဆရာ့ရှေ့ရောက်သည့်အခါ စာမကျေလျှင် ကြိမ်လုံးစကြာချီးမြှင့်ခံရမည့်အရေး ပူပင်ရသေးသည်။ မကောင်း မကောင်း။ မည်သို့တွေးတွေး မကောင်း။ ထို့ပြင် အတန်းကြီးလာသည့်အခါ သဒ္ဒါဝေါဟာရတွေက ပိုရှုပ်ပိုခက်လာသည်။ ယခုခေတ် ပဥ္စမတန်းသဒ္ဒါကတည်းက သမ္ဗန္ဓတွေ၊ ဝိဘတ်တွေ၊ ပစ္စည်းတွေ ရှုပ်ယှက်ခတ်နေသည့် နည်းတူဖြစ်သည်။

> **“** တက္ကသိုလ်အဆင့်မြင့်တန်းများအတွက်မူ သင်ယူသူက ဝေဖန်တတ်၊ အကဲဖြတ်တတ်နေပြီ။ သင်ယူနေသူကိုယ်တိုင်ဆီက သဘောထားတောင်းခံသည်။ အသံကို နားစွင့်သည်။ . . . **”**

မြန်မာသဒ္ဒါကျမ်းတွေ အရည်ကြိုသောက်နိုင်မှ သဒ္ဒါတတ်ပါသလား။ သိပ္ပံမောင်ဝမှာ ခေါင်းရှိသည်။ စဉ်းစားသည်။ အတွေ့အကြုံမှ အဖြေကိုရှာသည်။ ကျောင်းတွင် မည်သည့်သဒ္ဒါမျှ မသင်ယူခဲ့ပါလျက် သဒ္ဒါမှန်မှန် ပြောတတ်ရေးတတ်သူတွေ သူတွေ့နေရသည်။ မိမိထက်ပင် သဒ္ဒါမှန်ကန်သေးသည်ဟု သိပ္ပံမောင်ဝ ဆိုသည်။ သို့ပါလျက် အဘယ်ကြောင့်များ သဒ္ဒါကျမ်းများ ကျောင်းမှာပို့ချသူက ပို့ချ၊ သင်ယူသူက သင်ယူ ပြုနေရပါသနည်း။

“သဒ္ဒတ်မတာ စတ်မတာ၊ သဒ္ဒတ်တာမှ စတ်တာ” ဟူသော စကားကို ကိုယ့်မြန်မာပညာရှင်ကြီးတွေ အကောက်အယူမှားခဲ့ဟန်တူပြီဟု သိပ္ပံမောင်ဝ သဘောရသည်။ သဒ္ဒါတတ်မှ စာတတ်ဆိုသည်က မြန်မာစာတတ်မြောက်ရေး လမ်းညွှန်စကားမဟုတ်။ ရှေးက ဒုတိယဘာသာစကားဟု ဆိုထိုက်သော ပါဠိဘာသာ တတ်မြောက်ရေးအတွက် လမ်းညွှန်ဖြစ်သည်။ ရှေးရှေး မြန်မာပညာရှင်များသည် ပါဠိသဒ္ဒါကျမ်းကိုသာ ပြုစုသည်။ မြန်မာသဒ္ဒါကျမ်း မပြုစုခဲ့။ ဘာကြောင့်။ အကြောင်းမှာ ရိုးရိုးရှင်းရှင်းလေး။ မြန်မာတွေအတွက် မြန်မာသဒ္ဒါ မလို၍ ဖြစ်သည်ဟု သိပ္ပံမောင်ဝ ကြည်ကြည်လင်လင်မြင်သည်။

ထို့ကြောင့် ကျောင်းများတွင် မြန်မာသဒ္ဒါသင်ကြားရေးကို သိပ္ပံမောင်ဝအားမပေးချင်။ တကယ်မြန်မာစကား ပြောတတ်ရေး၊ မြန်မာစာရေးတတ်ရေးကိုကား အားပေးချင်သည်။ ထို့ကြောင့် သိပ္ပံမောင်ဝ အကြံပြုသည်။ မြန်မာတွေ မြန်မာသဒ္ဒါသင်ယူနေမည့်အစား စာအုပ်ကောင်း များများလေ့လာပါ။ မြန်မာစကားပြေရေးသားနည်း စာအုပ်များပြုစုပါ။ လိုရင်း တိုရှင်း ရေးတတ်အောင် လေ့ကျင့်ပေးကြပါ။ အထားအသိုမှန်မှန်ရေးတတ်အောင် လေ့ကျင့်ပေးကြပါ။ သူ့ဆောင်းပါးများတွင် သိပ္ပံမောင်ဝအကြံပြုသည်။ ၁၉၈၆ နောက်ပိုင်း မြန်မာသဒ္ဒါကျမ်းများ မပေါ်ခင်ကာလလေးက တက္ကသိုလ်ဝင်တန်းစာမေးပွဲများတွင် လိုရင်းတိုရှင်း ရေးခိုင်းခြင်း၊ အထားအသိုမှန်အောင် ပြင်ခိုင်းခြင်းတို့၏တန်ဖိုးကို အောက်မေ့ဖွယ်ရာဖြစ်သည်။

**ဆက်စဉ်းစားစရာ**

ကျောင်းများတွင် မြန်မာသဒ္ဒါသင်ကြားရေးနှင့်စပ်လျဉ်း၍ သိပ္ပံမောင်ဝ၏အမြင်ကို သိရပြီ။ ငြင်းဆိုမည်လား။ သဘောတူမည်လား။ ကိုယ့်နိုင်ငံပညာရေး စိတ်ဝင်စားသူတိုင်း၊ ကိုယ့်မြန်မာစာသင်ကြားရေး တိုးမြှင့် လိုသူတိုင်း စဉ်းစားရတော့မည်။

စာရေးသူကိုယ်တိုင်မူ သိပ္ပံမောင်ဝနှင့် တစ်သဘောတည်းဖြစ်သည်။ တစ်သဘောတည်းဖြစ်ရသည်မှာ အခွင့်ကြုံသည်နှင့် အခြေခံကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံမေးမြန်းကြည့်ဖြစ်၍ ဖြစ်သည်။ စနစ်တကျ စူးစမ်းလေ့လာခြင်းမျိုးမဟုတ်သော်လည်း အတိုင်းအဆတစ်ရပ်အထိ ငုံမိသည်ဟု ယုံကြည်သည်။ ကျောင်းသား၊ ကျောင်းသူများကလည်း ပြဋ္ဌာန်းထား၍သာ သင်နေရသည်။ စိတ်မပါ။ သိပ္ပံ မောင်ဝ ရေးခဲ့သည်နှင့် ဘာမျှမခြားဟုဆိုလျှင် လုံလောက်မည် ထင်သည်။ ပို့ချသူ ဆရာ၊ ဆရာမများကိုယ်တိုင်လည်း ကျောင်းသား ကျောင်းသူတွေနှင့် ပိန်မသာ၊ လိမ်မသာ။ တာဝန်ကျနေ၍သာ ပို့ချပေးနေရသည်။ ကိုယ်သင်နေရသည့် သဒ္ဒါကို ကိုယ်တိုင် ခံတွင်းမတွေ့။ ထိုတပည့် ထိုဆရာများကြားတွင် မည်သို့ ယုံကြည်မှုတည်ဆောက်နိုင်ပါမည်နည်း။ အောင်မြင်သောသင်တန်း မည်သို့ဖြစ်နိုင်ပါမည်နည်း။

ဤတွင် မိမိတို့ပညာရေး၌ လိုအပ်ချက်တစ်ရပ်ကို သတိထားမိသည်။ ထိုအချက်မှာ စာအုပ်စာတမ်းများ ပြဋ္ဌာန်းရာ၌ လူကြီးစိတ်တိုင်းကျ သားပေး သမီးယူအစီအစဉ်ကို စွဲကိုင်ထားခြင်းဖြစ်သည်။ စာနာစိတ်ထားရကောင်းမှန်းမသိသော မိဘအချို့သည် အိမ်ထောင်ရေးကိစ္စတွင် လူငယ်တို့၏သဘောကို ထည့်မတွက်။ လူကြီးက တော်သည်ထင်၍ စီမံလိုက်လျှင် လူငယ်ငြင်းခွင့်မရှိ။ ဆင်စီးမြင်းရံသည်ကိုမြင်ချင်၍ စီစဉ်ရသည်ဟု အကြောင်းက ပြသေးသည်။ ကိုယ်စီမံရာ နာခံသွားပြီဆိုလျှင် ကိစ္စကပြီးပြီ။ ကိုယ့်ဘက်လိုက်သော ဖူးစာရှင်များ ဆင်နင်းမြင်းကန်ခံနေရလျှင်လည်း ကိုယ့်ပယောဂ၊ ကိုယ့်တာဝန်ဟု သဘောမထား။ ပညာရေးတွင် ထိုသို့ ပြုကျင့်သောအခါ ကျောင်းသားဗဟိုပြုမဟုတ်၊ ဆရာဗဟိုပြုမဟုတ်၊ စာအုပ် ဗဟိုပြုမဟုတ်။ လူကြီး ဗဟိုပြု ဖြစ်နေသည်။

ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် ထိုသို့မကျင့်။ ကျောင်းသားဗဟိုပြုဖြစ်သည်။ စာအုပ်တစ်အုပ် ပြဋ္ဌာန်းပြီးလျှင် ထိုပြဋ္ဌာန်းချက်ကို ကိုယ်တိုင်ပို့ချနေသူ၊ သင်ယူနေသူတို့၏ သဘောထားကို စူးစမ်းသည်။ အခြေခံကျောင်းများတွင် ကလေးသူငယ်များက မည်သို့မျှ မဝေဖန်တတ်သေး။ ထိုအခါ ပို့ချနေသူများ၏ သဘောထားကို တောင်းခံသည်။ စာအုပ်အသုံးချသူ ဆရာ၏အသံကို နားထောင်သည်။ တက္ကသိုလ်အဆင့်မြင့်တန်းများအတွက်မူ သင်ယူသူက ဝေဖန်တတ်၊ အကဲဖြတ်တတ်နေပြီ။ သင်ယူနေသူကိုယ်တိုင်ဆီက သဘောထားတောင်းခံသည်။ အသံကို နားစွင့်သည်။ ပို့ချသူ သင်ယူသူတို့၏ သဘောထားကိုယူ၍ ပြဋ္ဌာန်းစာကို မွမ်းမံသင့်က မွမ်းမံသည်။ ရပ်ဆိုင်းသင့်က ရပ်ဆိုင်းသည်။ စာသင်သားကို ဗဟိုပြု စဉ်းစားပြုကျင့်ကြသည်။

ကျောင်းသုံး မြန်မာသဒ္ဒါကျမ်းများ သင်ကြားမှု မထိရောက်သည့်အရေးကို စနစ်တကျ စူးစမ်းသင့်ကြပြီ။ မြန်မာသဒ္ဒါကျမ်းများနှင့် စပ်လျဉ်း၍ အကြံကောင်း ဉာဏ်ကောင်း ပေးနိုင်လောက်သည့် ပို့ချသူ သင်ယူဖူးသူတို့ထံမှ သဘောထားမှတ်ချက် စနစ်တကျကောက်ခံသင့်သည်။ ထိုအခါတွင် မည်သို့ ဆက်လက်ဆောင်ရွက်သင့်သည်ဟူသော အဖြေကိုရလာလိမ့်မည်။ နတ်လူသာစုခေါ်သော အစီအစဉ်မဟုတ်စေကာမူ ဆရာ၊ ကျောင်းသား သာစုခေါ်သော အစီအစဉ်တစ်ရပ် ချမှတ်နိုင်လိမ့်မည်။ ဥပမာအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ သဒ္ဒါ သင်ကြားရေး၌ ကလေးများ စိတ်ဝင်တစား ပျော်ပျော်ပါးပါးသင်ယူချင်အောင် ပို့ချသည့် သင်နည်းမျိုး ရှာဖွေ တွေ့ကောင်းတွေ့လာမည်။

စနစ်တကျ စူးစမ်းပြီဆိုလျှင် အမှန်ကို ဖော်ထုတ်နိုင်ရေးဦးတည်ဖို့လိုသည်။ စူးစမ်းသည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ဆန္ဒကို ဘေးဖယ်ထားဖို့လိုသည်။ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ကိုယ့်ဆယ့်ကိုးရာနှုန်းက မြန်မာသဒ္ဒါသင်ကြားရေးကို လိုလားသည်ဟူသောအဖြေမျိုး၊ မလိုလားဟူသော အဖြေမျိုး လူကြားကောင်းရုံ၊ ကိုယ့်ဆန္ဒပြည့်ဝသွားရုံ မကြေညာမိဖို့လိုသည်။

စနစ်တကျရှာဖွေရှိထားသော အဖြေသည် မြန်မာစာသင်ကြားရေးတွင် အထောက်အကူကြီးစွာ ပေးလိမ့်မည်။ ဆရာကျောင်းသား တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုပိုမိုစည်ပင်ပွားများ ခိုင်မာလာအောင် အထောက် အပင့်ကြီးစွာပေးလိမ့်မည်။

**(မှတ်ချက်။ ။ စာရေးသူသည် သဒ္ဒါဆန့်ကျင်ရေးသမားမဟုတ်။ မြန်မာသဒ္ဒါကျမ်းများ ပေါ်ပေါက်လာသည်ကို ကြိုဆိုသည်။ ယခုထွက်ပေါ်ပြီး မြန်မာသဒ္ဒါကျမ်းများမှာ မြန်မာစာအရေးအသားကို အခြေခံသော သဒ္ဒါများသာဖြစ်နေရာ မြန်မာစာအဖွဲ့ ပညာရှင်ကြီးများအချိန်စွန့်ကြနိုင်၍ မြန်မာအပြောဘာသာစကား သဒ္ဒါကျမ်းကြီးတစ်စောင် ထပ်ဆင့်ပြုစုပေးကြလျှင် ပို၍ပင် ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားရဦးမည်။ သဒ္ဒါ ကျမ်းဆိုသည်မှာ ဘာသာစကားပညာရှင်ကြီးများ ဉာဏ်ကျက်စားရာနယ်ပယ်ထူးဖြစ်ပေရာ မိမိအတွက် ပညာပွားတိုးဖွယ်ဖြစ်မည်ကို ယုံမှားသံသယ စိုးစဉ်းမျှမရှိ။)**











ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့


သိန်းဖေမြင့်၊
မောင်သန်းဆွေ(ထားဝယ်)၊
မစန္ဒာ၊ ကြူးနှစ်၊
ပြေ(ဆေး-၂)၊ ဂျိုဇော်၊
မောင်ရင့်မာ(ကျောင်းကုန်း)၊
နတ်မှူး၊ မောင်စံဝင်း(ဇန်းမော်)၊
ကေကလေး၊ အဖြူရောင်(ရွှေ)၊
ခင်သန္တာ၊ မင်းဝေဟင်၊
ထွန်းတောက်ထွဋ်(သချာ)၊
ရေအေး၊ လူခါး၊ ရွှေသင်၊
မောင်အင်း(ဥတ္တံ)၊




(Batch 30) December 4th စမည်၊

PASAS (Singapore) မှ အသိအမှတ်ပြု

Executive Cert in Business Management (3 Modules)

(Module 1) Human Resource Management

Dr. ဒေါ်ဥမ္မာမြင့် Ph.D (HRM, Delhi) (9:00 am to 12:00 pm)

(Module 2) Leadership and Organizational Development

Dr. ဒေါ်ပင်းသီတာ Ph.D (1:00 pm to 4:00 pm)

(Module 3) Marketing Management

Asst.Prof.ဦးဝင်းမင်းသိမ်း(Principal of YCTC) (4:00 pm to 7:00 pm)

Sunday Only (6 Weeks) တစ်ဘာသာချင်းစီ တက်ရောက်သူများကိုလည်း
YCTC မှ Competence Certificate ချီးမြှင့်ပါမည်။

Certificate in Financial Management December 11st စမည်၊

ဒေါ်ဌေးဌေးမြင့် B.Com (Hons)., M.Com., Cert in Government Financial Management

Sunday (4:30 pm to 7:30 pm)

YCTC Business Institute

အမှတ် (၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် (PARK ROYAL HOTEL အနီး)

Ph : 01-393076
09-420118100
09-250640429


## ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အသိပေးကြော်ငြာခြင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/သဘော်ကျင်း၊ မြေကွက်အမှတ် က/၁၂၉၊ မြေကွက်တည်နေရာအမှတ်-၃၁၊ (၆)လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်အေးသီ[၁၂/ဗဟန(နိုင်)၀၅၇၀၅၈]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၈၁၆၈/၁၅(၂၈-၁၂-၂၀၁၅) ဖြင့် ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်မေဦး [၁၂/ဗဟန(နိုင်)၀၆၂၈၁၃]၊ဒေါ်လဲ့လဲ့တင် [၁၂/ ဗဟန(နိုင်)၀၆၁၉၉၅]၊ ဦးရဲထွဋ်မှူး[၁၂/ဗဟန(နိုင်)၀၅၉၈၄၂]တို့မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ အမှုတွဲအမှတ် ဒပ/၁၄/၀၂၄၈/၉၃(၂၄-၉-၉၃)ဖြင့် မူလထုတ်ပေးခဲ့သည့် ဒေါ်အေးသီအမည်ပေါက် နှစ်(၆၀) ဂရန်မြေငှားစာချုပ် (ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာ

၂၇-၁၀-၂၀၁၆ ရက်မှစ၍ လေဆိပ်ကုန်လှောင်ရုံ(အသစ်)သို့ လေကြောင်းကုန်စည်များ စတင်ပြောင်းရွှေ့သိုလှောင်မည်ဖြစ်ပါသဖြင့် ၉-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ လေဆိပ်ကုန်လှောင်ရုံ(အဟောင်း)ရှိ တင်သွင်းထားသော ကုန်ပစ္စည်းများအား သက်ဆိုင်ရာကုမ္ပဏီ၊ အဖွဲ့အစည်းများမှ အပြီးသတ်ထုတ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဉသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်း(၈)၊ ဆရာစံလမ်း၊ အမှတ်(၄၈၁)၊ ပေ(၆၀×၈၀)ရှိ မြေကွက်၏ ဦးခင်မောင်စိုး အမည်ဖြင့် မြေပေးမိန့်စာရွက် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးခင်မောင်စိုး**
**ဖုန်း-၀၉-၃၁၄၂၃၀၂၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်-၁၁၄၀၊ မြေကွက်တည်နေရာအမှတ် (၁၁၄၀)၊ သရဖီ(၇)လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (ဦးခင်ထွန်း)၊ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား (ISN - ၀၇၃၃၄၁) ဂရန်အမည်ပေါက် ဦးခင်ထွန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်စန်းရွှေ[၁၂/လမန(နိုင်)၀၁၄၆၇၈]မှ ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင် ထောက်ခံကျမ်းကျိန်လွှာ(၂)စောင် ခင်ပွန်းသေစာရင်းပုံစံ(၁၀)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း


ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ အဝေရာ(၁)လမ်း၊ အမှတ်(၂၈)ဟုခေါ်တွင်သော ပေ(၂၇×၆၃)ရှိ အိမ်ခြံမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်သူဖြစ်သော ဦးလှဦး [၁၃/မပတ(နိုင်)၀၀၅၀၅၁]ထံမှ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိလောကရပ်ကွက်နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခိုင်မာဖြိုး [၇/ကတခ(နိုင်)၀၈၈၅၅၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ၎င်းအိမ်ခြံမြေဝယ်ယူမှုနှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်မာဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ခင်ချိုလင်း** | **ဦးမောင်သိန်း** | **ဒေါ်အိအိချော** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၁၅၅၃)** | **(စဉ်-၁၄၂၇၅)** | **(စဉ်-၄၀၂၆၀)** |

**ရှေ့နေများရုံးခန်း-မှော်ဘီမြို့နယ်တရားရုံး**
**ရုံးပေါင်းစုံလမ်း၊ တပ်ကြီးကုန်း-မှော်ဘီ**
**ဖုန်း-၀၉-၇၉၈၃၇၅၅၄၀**

Edinburgh Napier UNIVERSITY
CALIFORNIA UNITEC
Institute of Engineering



Edinburgh Napier University (UK) မှပေးအပ်သော B.E (Hons) Civil Engineering ဘွဲ့
အတွက် ကျောင်းသူ/ကျောင်းသားများအားစတင်လက်ခံနေပါပြီ။

- Edinburgh Napier University မှ Professor ကြီးများကိုယ်တိုင်လာရောက်သင်ကြားမည်ဖြစ်ပါသည်။
- HND နှင့် B.Tech အောင်မြင်ပြီးသူများတတ်ရောက် နိုင်ပါသည်။

ပုလဲကွန်ဒို၊ Block C နှင့် D ကြား ၊ 3F (တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559
09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com
www.facebook.com/californiaunitec

နံပါတ်(၁) M N Z ငွေရေစက် နှင့်
လုံခြုံစိတ်အေးရစေမည့် M N Z မီးခံသေတ္တာ၏
ရူပါစပါယ်ရှယ်
အထူးဈေးရောင်းပွဲတော်




" ကြည်နူးရျော်စရာ ရတ်ဖြတ်မှာ MNZ နှင့် ထံစမ်းပါ "
HAPPY HOUR
9:00 AM - 12:00 AM
Stock Limited
GIFT
LUCKY DRAW
+++
Oct 27 - 30, 2016 | TATMATAW HALL ( KOREA EXPO )
09 732 44447, 09 731 91095
/mnz.safes

## အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၀၀ ကျော်ပါဝင်မည့်

## MPT Job Fair 2016

MPT
ရွှေ့သို့လှမ်းချီ မြန်မာပြည်

ကျင်းပမည့်ရက် ။ ။ အောက်တိုဘာလ (၂၉) ရက်နှင့် (၃၀) ရက်နေ့ (စနေ နှင့် တနင်္ဂနွေ)
အချိန် ။ ။ နံနက် (၉) နာရီမှ ညနေ (၄) နာရီ
ကျင်းပမည့်နေရာ ။ ။ Park Royal Hotel အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

**ခေါ်ယူမည့် ရာထူးနှင့် ဌာနများ**

(၁) Team Manager (အရောင်းနှင့်ဖြန့်ချိရေးဌာန၊ ဈေးကွက်ရှာဖွေရေးဌာန)
(၂) Senior Staff (အရောင်းနှင့်ဖြန့်ချိရေးဌာန၊ ဈေးကွက်ရှာဖွေရေးဌာန၊ သတင်းအချက်အလက် နည်းပညာဌာန နှင့် လုပ်ငန်းလည်ပတ်မှုဌာန)
(၃) Staff (အရောင်းနှင့်ဖြန့်ချိရေးဌာန၊ ဈေးကွက်ရှာဖွေရေးဌာန၊ သတင်းအချက်အလက်နည်းပညာဌာန နှင့် လုပ်ငန်းလည်ပတ်မှုဌာန) တို့ကို ခေါ်ယူသွားမည်ဖြစ်သောကြောင့် မိမိတို့၏ လျှောက်လွှာများ နှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အသေးစိတ်အကြောင်းအရာများကို MPT ၏ တရားဝင်ဝက်ဘ်ဆိုဒ် www.mpt.com.mm နှင့် myjobs.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး

# ကြော်ငြာ


## ရွှေမဟာအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

SMH SMH

ဘားအံဖွဲ့ကပင်တောင် ဆရာတော် ဘဒ္ဒန္တကဝိဓဇ (မွေကထိကဗဟုဇနဟိတရေ)သည် ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့်(၂၇. ၁၁. ၂၀၁၆)နေ့တွင်ဗုဒ္ဓဂယာသို့ဘုရားဖူးကြွမည်ဖြစ်ပါသည်။သံဝေဇနီယလေးဌာန၊အဝိဇဟိတလေးဌာန၊မဇ္ဈိမဒေသစုံ(၁၅)ရက်ခရီးတွင်ဆရာတော်ဘုရားနှင့်လိုက်ပါလိုပါကအောက်ပါလိပ်စာတွင်စာရင်းပေးသွင်းနိုင်ကြပါပြီ။လူဦးရေတန့်သတ်ထားပါသဖြင့်အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်အသိပေးနှိုးဆော်အပ်ပါသည်။

ရွှေမဟာမှကျန်ရှိနေသောခရီးစဉ်များ------(၃၀-၁၁-၂၀၁၆)(၃-၁၂-၂၀၁၆)(၃-၂-၂၀၁၇)၊ (၁၇-၂-၂၀၁၇)(၃-၃-၂၀၁၇)(၁၇-၃-၂၀၁၇)(၁၂-၄-၂၀၁၇)။

ဆက်သွယ်ရန်လိပ်စာ--- အမှတ်(၆၃)၊ ဇေယျဝတီ(ဗဟိုလမ်း)လမ်းမကြီး၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၁-၅၁၈၁၃၉၆၊ ၅၃၂၈၆၊ ၀၉-၅၁၈၈၁၃၇၆၊ ၀၉-၅၁၃၃၄၀၄၄၊ ၀၉-၄၃၂၀၀၆၄၆

## အာရှနဂါး

မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

Since 1965
## ရေဝတနာရှင်

ကျိုက်ထီးရိုး ✦ မြဝတီ
ချောင်းသာ ✦ ပေလီ
01-392704, 09 73017110
09795066657,0978506657

## ရွှေသိုသား

(၃)နှစ်ပြည့်ဒါနခရီးစဉ်တောင်ကြီးတန်ဆောင်တိုင်
တောင်ကြီးအင်းလေးပင်းတယရွှေဥမင်ကလော ကက္ကူမြင်းဆိုက်ကလောနီးဘုရား(၃)ညအိပ်(၄)ရက် ထမင်းကျွေး(50000)ဆက်ဖွဲ့လွိုင်ကော်ဘုရားစုံထီးစံခါးရေတံခွန်(၄)ညအိပ်(၅)ရက်(60000) ကျိုက်(၅)ကျိုက်-မွန်ပြည်နယ်ဘုရားစုံ၊ တက်ခါ စင်းကျိုက်ရေတံခွန် (1/2)Package(35000) ပြည်(၅)ပြည်-ပုပ္ပါးပေါက်(စွယ်တော်လေးဆူ)ပေဂူ(သီဟိုဠ်ရှင်)ဘုရားစုံဖူး Package(55000)
Ph:09425334456,09252606649,0949323965

"Better English For a Smarter Life"
## ဦးရဲဇော်လတ် M.A(UFL)

APPLIED GRAMMAR & SPOKEN ENGLISH
SPECIAL ENGLISH COURSES
တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများနှင့်ဘွဲ့ကြို၊ဘွဲ့ရများအတွက်
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
နိုဝင်ဘာ လဆန်းဖွင့်ပြီ
✣ ၁၀၁၆၊ ဘိုးရာဇာလမ်း၊ ၃၅-ရပ်ကွက်၊ မြောက်ဒဂုံ။
09-73175231, 09-5057138

## နိုင်ငံတကာပညာရေးလမ်းညွှန်စာအုပ် အခမဲ့ လာရောက်ထုတ်ယူနိုင်ပါပြီ




- iGCSE ဖြေဆိုထားသူများအတွက် အမေရိကန်၊ ဩစတြေးလျ၊ အင်္ဂလန်၊ စင်ကာပူ၊ ထိုင်းနိုင်ငံများတွင် GCE 'A' / SAT ဖြေဆိုရန်မလိုဘဲ တိုက်ရိုက်တက်ရောက်နိုင်သည့် တက္ကသိုလ်များ
- HND, ABE, NCC လက်မှတ်ကိုင်ဆောင်ထားသူများအတွက် Top Up ဒီဂရီ ဆက်လက်တက်ရောက်နိုင်မည့်တက္ကသိုလ်များ
- နိုင်ငံတကာတွင်ဆေးကျောင်း တက်ရောက်လိုသူများအတွက် ဆေးတက္ကသိုလ်များ
- မြန်မာနိုင်ငံမှ ဆယ်တန်း အောင်မြင်ထားသူများ၊ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများအတွက် နိုင်ငံတကာတွင် ဆက်လက် ပညာသင်ယူနိုင်မည့် အခွင့်အရေးများ
- California, USA ကောလိပ်များမှ ပေးအပ်မည့် ပညာသင်ဆုများ
- အစိုးရကျောင်းနှင့် နိုင်ငံတကာကျောင်း ကွာခြားချက်များ အစရှိသော အချက်အလက်များ ပါဝင်သည့် "နိုင်ငံတကာပညာရေးလမ်းညွှန်(၂၀၁၆-၂၀၁၇)" စာအုပ်ကို ပွဲချိန်အတွင်း အခမဲ့ ထုတ်ယူနိုင်ပါသည်။

CROWN EDUCATION
Award Winning Company

**30 Oct (Sun)**
10:00 am - 1:00 pm
NOVOTEL HOTEL
(PYAY ROOM)

CALL US
01 527 838,
09 732 732 77,
09 730 40 688,
09 450 200 040

## ကိုကျော်နိုင် CAR RENTAL

မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အံ့စာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်ပေးပါသည်၊
09 25 358 2510, 09 515 8803

## သီဟာလင်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

## GW

0973226006
0973133528
0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်၆၉၊မြေညီထပ်၊မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း




"ကြည်နူးပျော်စရာ ဝါကျွတ်အချိန်ခါတွင် Sony ၏ နောက်ဆုံးပေါ်ပစ္စည်းများကို ဝယ်ယူရင်း အဖိုးတန်လက်ဆောင်များ ရယူကြပါစို့..."





အမြို့မြို့ အနယ်နယ်ရှိ WAI YAN ELECTRONICS နှင့် Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

Hot Line : Tel: 09 455533667, 01-556622, 01-398566, 398563, 09 73119900, 02-72580~4, 067-420791, 420966

Like Us On http://www.facebook.com/tmwmm Sony Showroom By TMW Enterprise Limited

Official Warranty by: TMW Enterprise Limited


STI
MYANMAR
UNIVERSITY
University of Bedfordshire
" University of Bedfordshire, UK မှ ချီးမြှင့်သည့် ဂုဏ်ထူးတန်းဘွဲ့ "
Faculty of Business
• BA (Hons) Business Administration
• BA (Hons) Accounting
• တက္ကသိုလ်ဝင်တန်း (သို့) IGCSE 'O' Level ဖြေဆိုအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။
• သင်တန်းကာလ (၃)နှစ် (၆)လခန့် ကြာမြင့်ပါမည်။
• STIMU မှ Advanced Diploma ပြီးထားသူများ၊ တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိပြီးသူများ၊ ABE နှင့် HND၊ အဆင့်မြင့် Diploma အောင်မြင်ပြီးသူများ သက်ဆိုင်ရာသင်တန်းနှစ်အလိုက် တိုက်ရိုက်ဝင်ခွင့် လျှောက်ထားနိုင်ပါသည်။ သတ်မှတ် IELTS ပြည့်မှီရန် လိုအပ်ပါသည်။
• CB Bank ၏ Education Loan Program လျှောက်ထားနိုင်ပါသည်။
SCHOLARSHIP
JOB PLACEMENT
Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507151/ 2, 09 250064451
www.stiedu.net
https://www.facebook.com/STIMyanmarUni

make your innovation ®

G•BOND
ALUMINIUM COMPOSITE PANEL
ISO 9001: 2008, ISO 14001 : 2004, OHSAS 18001
ဆိုဒ်အရွယ်အစား 8' x 4' အထူ 3mm(အတွင်းသုံး) 4mm(အပြင်သုံး)
NO.1 BEST SELLING BRAND IN MYANMAR

အကောင်းဆုံး အရည်အသွေး နှင့် အရောင်အစုံလင်ဆုံး အလူမီနီယံ ရောင်စုံပြားများ

နှစ်ရှည်ခံ အရည်အသွေးမြင့် PVDF Coated အရောင်များလည်းရရှိနိုင်သည်

ကျွန်းကွက်/ကျောက်ကွက် ဒီဇိုင်းမျိုးစုံ အရောင်(၆၀)ကျော် အမှန်တကယ် ရွေးချယ်နိုင်သည်

- အဆင့်မြင့် ကွန်ဒိုမီနီယံအိမ်ယာများ၊ ဈေးဝယ်စင်တာများ၏ အတွင်းအပြင် မျက်နှာစာများ
- စက်သုံးဆီအရောင်းဆိုင်များ၊ ကားအရောင်းပြခန်းများ၊ ကုမ္ပဏီရုံးခန်းများ၊ ကားကုန်တင်နောက်ဘောက်(စ်)ပုံးများ
- ပရိဘောဂ၊ မျက်နှာကြက် အလှဆင်ပစ္စည်းများအတွက် အထူးသင့်လျော်သည်။

09-50 19019
09-51 42428
E-mail: kingmetaltrading@gmail.com

KMT KING METAL TRADING COMPANY LIMITED.

- အမှတ်(၁၈၂)၊ ရွှေဂုံတိုင် (အနောက်)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ရုံးချုပ်/အရောင်းပြခန်း) Tel:(01) 8603199, 8603177, 548969, 09 - 43142599, 09 - 43157299 Fax: (01) 548969
- အမှတ်(၂၆၉ - ၂၇၀)၊ သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel:(01) 651672, 651978, 09 - 43200790 Fax: (01) 651672
- အမှတ်(၃၈)၊ ပါရမီ လမ်း၊ ချော်တွင်းကုန်း အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ Tel:(01) 660694, 09 - 5142428, 09 - 420187999 Fax: (01) 660694
- အမှတ်(၁၉)၊ အရှေ့မြင်းခြံကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ Tel:(09) 778875788, 09 - 778875799 Fax: (01) 548969
- အမှတ်(၃-ဘီ)၊ ရန်ကုန် - မန္တလေး လမ်း၊ ကျွဲဆည်တန် ကားကြီးဝင်းအနီး၊ မန္တလေးမြို့။ Tel:(02) 78859, 78879, 09 - 8742989 Fax: (02) 78859




ဖြောင့်စင်းလှပစိတ်တိုင်းကျရမည်...
ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝမကျွတ်စေရ
09- 261111550
- ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
- ဖယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ
ကာလာ၊ ပေါင်း၊ မုလဲ၊ ညှပ်မေျှာလက်ဆောင်
ရွှေတိဂုံဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)ဒဂုံပန်းခြံအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့ လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

## "ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမှုပိုင်ဖြစ်ကြောင်း သတိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ညြဘာလမ်း၊ အမှတ်(၂၄)တွင် နေထိုင်သော ဦးလွင်မောင်ကျော် (ဘ-ဦးဝဏ္ဏကျော်)၊ ၁၂/ဗဟန(နိုင်)၀၉၀၅၄၀ မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမှုပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၂၂၈၅/၂၀၁၆) (၂၆-၉-၂၀၁၆) ရက်စွဲဖြင့် မှတ်ပုံတင် တင်သွင်းထားပြီး ဖြစ်ပါသည်။

Pet8
เพ็ทเอท

မှတ်ပုံတင်စာချုပ်အမှတ်-(၁၂၂၈၅/၂၀၁၆)

အထက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားမှာ Medipet ကုမ္ပဏီ၏ ကိုယ်ပိုင်အသုံးပြုထားသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါသည်။ Medipet ကုမ္ပဏီမှ မိမိအား မြန်မာပြည်၏ တစ်ဦးတည်းမှုပိုင်အဖြစ် ဖြန့်ချိနိုင်ရန်အတွက် Distributor License ကို ပေးအပ်ထားပြီး ဖြစ်ပါသည်။

အဆိုပါ "Pet 8" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ခွေးစာ၊ ကြောင်စာနှင့် တိရစ္ဆာန်သုံး အသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ပမှ မှာယူတင်သွင်း၍ မိမိလက်ဝယ်ထားရှိပြီး၊ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တစ်ဝန်းတွင် ဆိုင်ခန်းများ၊ ရုံးခန်းများဖွင့်လှစ်၍ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်၊ မှတ်ပုံတင်စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head၊ Internet၊ Website၊ Facebook အစရှိသည်တို့တွင် ကပ်နှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း လိုအပ်သလို အသုံးပြုသွားမည်ဖြစ်ပါသည်။

ထို့အပြင် "Pet 8" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ထည့်သွင်း၊ ထုပ်ပိုးမည့်ပစ္စည်းများနှင့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူပုတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ် များပေါ်တွင်လည်း အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ကာ ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ဖြန့်ချီရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ မိမိတစ်ဦးတည်း မှုပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုမိမိမှတစ်ပါးအခြားသူ တစ်ဦးတစ်ယောက်မှ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲ၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကို တွေ့မြင်ကြားသိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မာမာသိန်း( LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂/၂၀၀၃)
အမှတ်-၁၂၂၊ (၆)လွှာ၊ (၁၀၁)လမ်း၊ ဗိုလ်မြရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၆၄၉၅၉

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## အောင်စိုးမိုးကျော်-၂ ရေယာဉ်မောင်းသူ ကိုဇော်မျိုးဝင်း လာရောက်အဖမ်းခံ

**မုံရွာ အောက်တိုဘာ ၂၈**

ယင်းမာပင်ခရိုင် ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီး တိမ်းမှောက်နစ်မြုပ်သည့် အောင်စိုးမိုးကျော်-၂ ခရီးသည်တင် အမြန်ရေယာဉ်ကိုမောင်းနှင်သည့် ကိုဇော်မျိုးဝင်းသည် တိမ်းမှောက်အပြီး ၁၃ ရက်မြောက်နေ့ အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီခန့်က စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ လာရောက်အဖမ်းခံခဲ့ကြောင်း အဆိုပါရုံးမှ သိရသည်။

"ရေယာဉ်မောင်းဆလင်က မနက် ၁၀ နာရီကျော်မှာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးကို လာရောက်အဖမ်းခံတဲ့အတွက် သက်ဆိုင်ရာ ကနီမြို့နယ် ရဲစခန်းကို မနက် ၁၁ နာရီလောက်မှာ ရဲတပ်ဖွဲ့တွေက သွားရောက်ပို့ဆောင်ခဲ့ပါတယ်"ဟု တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

အမြန်ရေယာဉ်တိမ်းမှောက်သည့် အောက်တိုဘာ ၁၅ ရက်က အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ်မှ ဝန်ထမ်းလေးဦးတို့အား ကနီမြို့ မြို့မရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီး ယခု ၁၃ ရက်အကြာတွင် လာရောက်အဖမ်းခံသူ ရေယာဉ်မောင်း ကိုဇော်မျိုးဝင်းကို စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သက်ဆိုင်ရာ ကနီမြို့နယ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

လူပေါင်း ၇၀ ကျော် သေဆုံးလျက်ရှာဖွေတွေ့ရှိခဲ့သော အောင်စိုးမိုးကျော်-၂ ခရီးသည်တင် အမြန်ရေယာဉ်သည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရညန)တွင် တရားဝင်မှတ်ပုံတင်ထားသည့်အမည်မှာ ရွှေသီဟဖြစ်ပြီး သက်ဆိုင်ရာဌာနသို့ အကြောင်းကြားခြင်းမရှိဘဲ အောင်စိုးမိုးကျော်-၂ ဟု တရားမဝင်အမည်ပြောင်းကာ ပြေးဆွဲပြီး သတ်မှတ်ခရီးသည် ၃၆ ဦး ထက် ပိုမိုတင်ဆောင်ခဲ့သောကြောင့် တိမ်းမှောက်မှုဖြစ်ပွားရာတွင် အသက်များစွာ ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရ၏ ရေယာဉ်မှောက်ဖြစ် စဉ်မှတ်တမ်းမှ သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့**



မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်မည့် ရန်ကုန်မြစ်ကို ဒလဘက်ကမ်းမှ တွေ့ရစဉ်။

## မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား(ဒလ) ဘုန်းကြီးလမ်းမှ ဖြတ်သန်းဖောက်လုပ်မှု လမ်းသူ လမ်းသားများက စုပေါင်းကန့်ကွက်သွားမည်ဟုဆို

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်မြစ်ကိုဖြတ်၍ ရန်ကုန်မြို့နှင့် ဒလမြို့ကို ဆက်သွယ်ပေးမည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား (ဒလ) တည်ဆောက်ရာတွင် ဘုန်းကြီးလမ်းမှ ဖြတ်သန်းဖောက်လုပ်မည့်အပေါ် လမ်းသူ လမ်းသားများက ကျေနပ်မှုမရှိသောကြောင့် စုပေါင်းလက်မှတ်ရေးထိုး ကန့်ကွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနေ လမ်းသူ လမ်းသားများထံမှ သိရသည်။

"ပြည်သူဆိုတော့ နိုင်ငံတော်ကချမှတ်တဲ့ စီမံကိန်းတွေကို တားဖို့အင်အားမရှိဘူး။ အဲဒီတော့ တားနိုင်တဲ့သူတွေကနေတစ်ဆင့် အကူအညီတောင်းမှာပါ။အသနားခံစာဆိုလည်းမမှားပါဘူး။ ဘုန်းကြီးလမ်းကလွဲလို့ တခြားသင့်တော်မယ့်နေရာ၊ လူနေကျဲတဲ့နေရာကိုရွေးပြီး ဆောင်ရွက်ပေးဖို့

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**



## စည်းကမ်းပျက် ရမ်းကားသောလိုင်းကားများအား မထသမှ အရေးယူမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများတွင် စည်းကမ်းပျက် မောင်းနှင်နေသောယာဉ်များ၊ ရန်လိုပြုမူသော ယာဉ်လုပ်သားများရှိလာပြီး စည်းကမ်းပျက်ရမ်းကားသော ယာဉ်လိုင်းများအား လက်ရှိတွင် မထသ(ဗဟို)၏ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ အရေးယူဆောင်ရွက်နေပြီး ရေးဆွဲလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ ဥပဒေပြဋ္ဌာန်းပြီးပါက ဥပဒေအရ ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

ယနေ့ ကျင်းပခဲ့သော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၏ စည်းကမ်းမဲ့ရမ်းကားနေသော ဘီအမ်လိုင်းကားများကိုစိစစ်ထိထိရောက်ရောက် အရေးယူရန် ရှိ၊ မရှိ မေးမြန်းမှုအပေါ် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ထိရောက်စွာအရေးယူပြီး

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**





